ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ညီညွတ်ခြင်းသည်ချမ်းသာ**

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏အကျင့်သည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၄)

၁၃၇၈ ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့။ Monday, 26 December 2016 (၈၇၈၇)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနေအိမ်၌ ကျင်းပသည့် ခရစ်တော်မွေးနေ့ ဝတ်ပြုဆုတောင်းခြင်းနှင့် ခရစ္စမတ်အထိမ်းအမှတ် မိတ်ဆုံစားပွဲသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ခရစ်တော်မွေးနေ့ ဝတ်ပြုဆုတောင်းခြင်းနှင့် ခရစ္စမတ် အထိမ်းအမှတ် မိတ်ဆုံစားပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ နေအိမ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်ကြသည်။

အခမ်းအနားသို့တက်ရောက်လာသော နိုင်ငံတော် သမ္မတနှင့် ဇနီးတို့အား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်တို့ မိသားစုက ကြိုဆိုနှုတ်ဆက်ကြပြီး ခရစ္စမတ် ဆုမွန်ကောင်းတောင်းပေးကြသည်။

အလားတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများကိုလည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး မိသားစုတို့က ကြိုဆိုနှုတ်ဆက်၍ ခရစ္စမတ်ဆုမွန်ကောင်းတောင်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ခရစ္စမတ် အထိမ်းအမှတ်မိတ်ဆုံစားပွဲ နံနက်စာကို အတူတကွ သုံးဆောင်ပြီး ခရစ္စမတ်ဆုမွန်ကောင်းများ တောင်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏နေအိမ်၌ကျင်းပသည့် ခရစ်တော်မွေးနေ့ ဝတ်ပြုဆုတောင်းခြင်းနှင့် ခရစ္စမတ် အထိမ်းအမှတ် မိတ်ဆုံစားပွဲအခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ခရစ္စမတ်နေ့အထိမ်းအမှတ် ဝတ်ပြုကိုးကွယ်ခြင်း အခမ်းအနားတက်ရောက်**

စာမျက်နှာ - ၃

# ခရစ်ယာန်ဘာသာဝင်များရှိရာနေရာတိုင်းတွင် ခရစ္စမတ်နေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ခရစ်တော်ဘုရား ကြွလာခြင်း၊ ခရစ်တော်မွေးဖွားခြင်းဖြစ်သည့် ခရစ္စမတ်နေ့ (ဒီဇင်ဘာ ၂၅ ရက်နေ့)ကို ကမ္ဘာ့တစ်ဝှမ်းရှိ ခရစ်ယာန်ဘာသာဝင်များရှိရာနိုင်ငံတိုင်းတွင် ခရစ္စမတ်နေ့ အခမ်းအနားကို ခြိမ့်ခြိမ့်သဲကျင်းပလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း ယနေ့နံနက်ပိုင်းမှစတင်ကာ ခရစ်ယာန်ဘုရားကျောင်းများတွင် ခရစ္စမတ်သတင်းကောင်း ဝေငှခြင်း၊ ခရစ္စမတ်တေးသံသာများ သီဆိုခြင်း၊ မဏ္ဍားတရားတော်မြတ်ပူဇော်ခြင်းများကို ကျင်းပပြုလုပ်သည်။

ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ စိန့်မေရီကာသီဒြယ်ဘုရားကျောင်းတွင်လည်း ခရစ္စမတ်နေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ခရစ္စမတ်နေ့ကျင်းပရခြင်းနှင့်စပ်လျဉ်းပြီး ကလျာဏယုဝ ခရစ်ယာန်အသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာ သာညဏ်က "ခရစ္စမတ်ဆိုတာ ခရစ်တော်ဘုရားမွေးနေ့ဖြစ်တယ်။ ခရစ်တော်ဘုရားမွေးနေ့ဟာ ထူးခြားတယ်။ ခရစ်တော်ဘုရားကို ဘုရားရှင်လို့ ယုံကြည်ပြီး ခရစ်တော်ဘုရား နောက်တော်ပါးကို ထက်ကြပ်မကွာလိုက်သောသူများ၊ ယုံကြည်သောသူများ၊ ဩဝါဒ နောက်လိုက်မည့်သူများ၊ သွန်သင်ဆုံးမချက်ကို နားထောင်သောသူများအားလုံးက ခရစ္စမတ်နေ့ကျင်းပတယ်"ဟု ပြောသည်။

"ခရစ္စမတ်နေ့ဆိုတော့ မိသားစုလိုက် ဘုရားကျောင်းကိုလာဖြစ်တယ်။ မနက်ခင်းမှာ ကလေးတွေအတွက် မဏ္ဍားတရားတော်ပွဲရှိတဲ့အပြင် ပျော်ပွဲ ရွှင်ပွဲ ကစားပွဲတွေလုပ်ပေးထားတဲ့အတွက် သူတို့တွေလည်း ပျော်နေကြတယ်။ လူကြီးတွေအတွက်လည်း ဆရာတော်တွေရဲ့တရားတော်တွေကို နာယူရတဲ့အတွက် ဒီနေ့ဟာ တန်ဖိုးရှိတဲ့နေ့တစ်နေ့ပါပဲ"ဟု အဆိုပါဘုရားကျောင်းသို့ လာရောက်ဝတ်ပြုဆုတောင်းသူ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ✱**

**ခရစ္စမတ်နေ့တွင် ခရစ်ယာန်ဘုရားကျောင်းများတွင် ဓမ္မတေးသီချင်း သီဆိုခြင်း၊ ဝတ်ပြုဆုတောင်းခြင်းများအပြင် ခရစ်ယာန်ဘာသာဝင်တို့၏ နေအိမ်များတွင်လည်း အလှူအတန်းများ ပြုလုပ်။**

KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# နိုင်ငံဖွံ့ဖြိုးရေး ပတ်ဝန်းကျင်ကို အလေးပေး

မြန်မာနိုင်ငံသည် အီကွေတာရပ်ဝန်းနှင့် သမန္တေးပိုင်းဆုံရာတွင် တည်ရှိရာ မပူလွန်း၊ မအေးလွန်း မျှတညီညွတ်သည့် ရာသီဥတုနှင့် နေချင်စဖွယ် ရပ်ဝန်းဒေသဖြစ်သည်။ မြောက်ပိုင်းစွန်းတွင် ရေခဲဖုံးတောင်တန်းများရှိသလို တောင်ပိုင်းဒေသများတွင်ကား ပင်လယ်ကမ်းစပ်အနားသပ်များနှင့် ရေသယံဇာတပေါများ ကြွယ်ဝသောနိုင်ငံဖြစ်သည်။

ရခိုင်ရိုးမအပါအဝင် အနောက်ဘက်တောင်တန်းဒေသ၊ အလယ်ရိုးမနှင့် အရှေ့ဘက်ကုန်းမြင့်ဒေသများကြားတွင် နတ်မြစ်၊ မယူမြစ်၊ ကစ္ဆပနဒီမြစ်၊ အဋ္ဌနနဒီမြစ်၊ ချင်းတွင်းမြစ်၊ ဧရာဝတီ၊ စစ်တောင်း၊ သံလွင်မြစ် စသည်ဖြင့် မြစ်ကြီးမြစ်ငယ်အသွယ်သွယ်ဖြင့် မြောက်မှတောင်သို့ တငြိမ့်ငြိမ့်စီးဆင်းနေသည်။

ခနိ၊ လမု၊ ကနစို စသည့် ဒီရေရောက်တောများ၊ အမြဲစိမ်းသစ်တောများ၊ ရွက်ပြတ်သစ်တောများသည် တောင်ပေါ်မြေပြန့်ကမ်းစပ်အနှံ့တွင် သဘာဝအလျောက်ပေါက်ရောက်ရှင်သန်နေသည်မှာ သဘာဝကပေးသော လက်ဆောင်မွန်များပင်ဖြစ်သည်။

သစ်တောများပေါများသလို တောမှီသတ္တဝါမျိုးစုံတို့ သူ့နေရာနှင့်သူကျက်စားနေကြသည်။ ဥတုရာသီ တောကိုမှီ၏ ဆိုစကားအတိုင်း တောတောင်ရေမြေနှင့် စိုစိုပြည်ပြည်ရှိနေမှု အကျိုးဆက်အဖြစ် ရာသီဥတုမျှတသည့်အဝန်းအဝိုင်းတွင် လူသားများကို အကျိုးပြုနေ၊ အကျိုးပြုနေဆဲဖြစ်သည်။

မျက်မှောက်ကာလတွင် လူဦးရေတိုးပွားလာမှု၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့လွန်ကဲလာမှု၊ သစ်တောများပြုန်းတီးလာမှုတို့ကြောင့် ပုံမှန်ရာသီဥတု ဖြစ်ရိုးဖြစ်စဉ်ပြောင်းလဲလာသည်။ လွန်ကဲဖောက်ပြန်မှု၊ ကမောက်ကမ ဖြစ်မှု၊ မူမမှန်ရာသီဥတုဖြစ်စဉ်တို့ကို ယခုအခါကြုံတွေ့လာသည်။ ယခုဆောင်းမပီ၊ မိုးမမှန်၊ နွေပူကဲခြင်းတို့မှာ ရာသီဥတုဖောက်ပြန်မှု၏ အကျိုးဆက်များပင်ဖြစ်သည်။

ဤဖြစ်စဉ်များ၏ အကြောင်းအရင်းများမှာ သစ်တောပြုန်းတီးမှုများနှင့်လည်း ဆက်နွှယ်နေသည်။ မြေကြီးကို ထိန်းကွပ်ပေးထားမည့် သစ်ပင်သစ်တောနည်းပါးမှုကြောင့် တောင်ပြိုကမ်းပြိုရှိလာသည်။ သောင်ထွန်း၊ ရေမနေ ဖြစ်လာသည်။ အဆိုးထဲက အကောင်းဆိုရမည်။ မုတ္တမကွေ့နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ရေတိမ်ဒေသများ ဖြစ်ထွန်းလာသည်။ ရှားပါးငှက်များ ကျက်စားလာသည်။ ယခုအခါ မုတ္တမကွေ့ကို ရေတိမ်ဒေသအဖြစ် သတ်မှတ်နိုင်ရေး ပြင်ဆင်နေကြပြီဖြစ်သည်။

ဝမ်းသာစရာ သတင်းကောင်းမှာ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဒေါ်လာသန်း ၁၀၀ ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့် ခွဲမှုစီမံကိန်းကို အကောင်အထည်ဖော်မည်ဟုသိရသည်။ အဆိုပါစီမံကိန်းတွင် မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေး၊ မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်ထုတ်ပြန်မှု လွယ်ကူလျင်မြန်ရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် ဘက်စုံစီမံခန့်ခွဲခြင်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ဧရာဝတီနှင့်ဆက်နွှယ်သည့် တောတောင်ရေမြေများ အကျိုးသက်ရောက်မှုရှိလာမည်။

ထိုနည်းတူ ကစ္ဆပနဒီ၊ စစ်တောင်း၊ သံလွင်မြစ်ဝှမ်းများ ဘက်စုံစီမံခန့်ခွဲမှု စီမံကိန်းများနှင့် ယခုနောက်ဆုံး ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးအတွက် ကုလားတန်မြစ် ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဟု သိရသည်။

ယင်းကဲ့သို့ ဘက်စုံစီမံကိန်းအရပ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားနိုင်မည်ဆိုပါလျှင် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကိုသာမက ဖောက်ပြန်ရာသီဥတုကြောင့် ဖြစ်တည်လာသော ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့် သဘာဝဘေးဒဏ်တို့ကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်မည်မှာ အမှန်ဖြစ်သည်။

ဤစီမံကိန်းများ အကောင်အထည်ပေါ်ကာ အောင်မြင်လာစေရေးတွင် နိုင်ငံတကာမှ ထောက်ပံ့ကူညီပံ့ပိုးမှု၊ စီမံခန့်ခွဲပေးမှု၊ သက်ဆိုင်ရာဌာနများ၏ တက်တက်ကြွကြွ အကောင်အထည်ဖော်မှုနှင့် ဒေသခံပြည်သူများ၏ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ကာ အထောက်အကူပြုမှုအားတို့သည် မဖြစ်မနေ၊ မရှိမဖြစ်လိုအပ်နေမည်ဖြစ်ရာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက်ကြိုးပမ်းဆောင်ရွက်ကြရန် လေးနက်စွာတိုက်တွန်းပါသည်။ ။




## ကလေးစာဖတ်ခန်း အထောက်အကူပြုသင်တန်းဖွင့်

**ပဲခူး ဒီဇင်ဘာ ၂၅**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပဲခူးခရိုင် စာကြည့်တိုက်ခန်းမ၌ ကလေးစာဖတ်ခန်းအထောက်အကူပြုသင်တန်းကို ဒီဇင်ဘာ၂၃ ရက်က ဖွင့်လှစ်ရာ သာယာဝတီခရိုင် ဦးစီးအရာရှိ ဒေါ်ကြင်ကြင်သန်းက ကလေးစာဖတ်ခန်း အဆင့်မြှင့်တင်ခြင်း၊ ပုံပြောနည်းနှင့် တီထွင်ဖန်တီးမှု၊ စက္ကူအရုပ်ခေါက်နည်းကို လက်တွေ့သရုပ်ပြခြင်း စသည့်ဘာသာရပ်များကို သင်ကြားပို့ချခဲ့သည်။ သင်တန်းသားဦးရေ ၂၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအား ထပ်ဆင့်ဂုဏ်ပြုပူဇော်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအား ထပ်ဆင့်ဂုဏ်ပြု ပူဇော်ပွဲကို ယမန်နေ့ နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ဘွဲ့နှင်း ဓမ္မာရုံကြီး၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်များ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်များ၊ တိုင်းဒေသကြီးသံဃနာယကဆရာတော်များ၊ ပင့်သံဃာတော်များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း ဗဟိုဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ထိုင်းနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံတို့မှ ဧည့်သည်တော်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင် မင်းကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြပြီး ဆရာတော်များထံမှ ပရိတ်တရားတော်များကို နာယူကြသည်။ ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကို ကျင်းပကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တကုဒ္ဒိဗလက မဟာမင်္ဂလာအခမ်းအနား ကျင်းပရခြင်း အကြောင်း လျှောက်ထားပြီး အလှူရှင် ကမ္ဘာ့ငြိမ်းချမ်းရေးဆုရှင် ကမ္ဘာ့ဗုဒ္ဓဘာသာခေါင်းဆောင်ဆုရ (Ph.D Economics) ဂုဏ်ထူးဆောင်ဘွဲ့ရ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းဗဟိုဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ(ဇေကမ္ဘာကုမ္ပဏီလီမိတက်)က ဝမ်းမြောက်ကြောင်း လျှောက်ထားသည်။

ဇင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးအား ဘွဲ့တံဆိပ်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ထံမှ အနုမောဒနာ တရားနာကြားကာ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

**(သတင်းစဉ်)**

## ကဝမြို့နယ် အထကသပြုကျောင်း ဟောပြောပွဲကျင်းပ

**ကဝ ဒီဇင်ဘာ ၂၅**

ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရေး၊ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်သော အတွေးအခေါ်များ ရင့်သန်လာစေရေး ရည်ရွယ်၍ ဒီဇင်ဘာ၂၂ ရက်က ကဝမြို့နယ် အထက သပြုကျောင်း၌ ဟောပြောပွဲပြုလုပ်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် စာရေးဆရာမကြီး ဒေါ်ဝတ်ရည်ခင်(ပဲခူး)က 'ကာကွယ်စောင့်ရှောက်ထိန်းသိမ်းစို့' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာခိုင်ချစ်အောင်က 'အဖြူရောင်ရေခဲလွင်ပြင်နှင့် အညိုရောင်ချောကလက်အိပ်မက်များ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမကြီး ဒေါ်မေသကြီန်ဟိန် က 'ကောင်းမွန်သောအိပ်မက်များ' ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ဦးခင်မောင်ဦးက သက်ငယ်မုဒိမ်းပပျောက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများအကြောင်း ဟောပြောဆွေးနွေးခဲ့သည်။ ဟောပြောပွဲအခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲသင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ်မှ စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်တွင်းရေးရာ

# ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ ခရစ္စမတ်နေ့အထိမ်းအမှတ်ဝတ်ပြုကိုးကွယ်ခြင်းအခမ်းအနား တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်၏ ခရစ္စမတ်နေ့အထိမ်းအမှတ် ဝတ်ပြုကိုးကွယ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက နေပြည်တော် ပျဉ်းမနားမြို့ရှိ မြန်မာနှစ်ခြင်းခရစ်ယာန်သာသနာ၀င်း၌ ကျင်းပရာ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ တက်ရောက်သည်။

အခမ်းအနားတွင် သဘာပတိဒေါက်တာဟာရင်နိုင်သီယမ်းက ပဏာမကျမ်းစာဖတ်ကြားခြင်း၊ သိက္ခာတော်ရ ဆရာတော်များက ဂုဏ်တော်ချီးမွမ်းခြင်း၊ ပတ္ထနာတော် ရွတ်ဆိုခြင်း၊ အထူးဆုတောင်းခြင်း၊ ကောင်းချီးပေးခြင်းများ ပြုလုပ်ကြသည်။

ဆက်လက်၍ အသင်းတော်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ခရစ္စမတ်လက်ဆောင်များ ပေးအပ်ကြပြီး တက်ရောက်လာသူများက အချင်းချင်း မိတ်ဆက်၍ ကြိုဆိုနှုတ်ခွန်းဆက်ကြသည်။

ထို့နောက် အသင်းတော်မှ ဓမ္မတေးများသံပြိုင်သီဆိုပြီး ဒေသနာရှင်ဒေါက်တာ အဲန်နာရွှေလွှမ်းက တရားဒေသနာဟောကြားသည်။

ယင်းနောက် အသင်းတော်မှ တည်ခင်း ဧည့်ခံသည့် ညနေစာကို ဒုတိယသမ္မတနှင့်အတူ တက်ရောက်လာသူများက အတူတကွသုံးဆောင်ကြသည်။ အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာ၀န်ကြီးဌာန ပြည်ထောင်စု၀န်ကြီး နိုင်သက်လွင်၊ သမ္မတရုံး၀န်ကြီးဌာန ဒုတိယ၀န်ကြီး ဦးမင်းသူတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**




ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်၏ ခရစ္စမတ်နေ့အထိမ်းအမှတ် ဝတ်ပြုကိုးကွယ်ခြင်းအခမ်းအနား ကျင်းပစဉ်။

# လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင် အောင်လက်မှတ်ပေးအပ်ခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံစာရင်းကောင်စီ၏ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့်ဒီပလိုမာစာရင်းကိုင် စာမေးပွဲအောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်း



အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ကျင်းပသည်။


အခမ်းအနားတွင် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးမော်သန်းက အောင်လက်မှတ်ရရှိသူများအနေဖြင့် စာရင်းပညာရပ်ဆိုင်ရာ ကျင့်၀တ်၊ စည်းကမ်း၊ တားမြစ်ချက်များကို တိကျစွာလိုက်နာ၍ စာရင်းပညာရှင် ဂုဏ်သိက္ခာဖြင့် ရိုးသားဖြောင့်မတ် တည်ကြည်စွာ ထမ်းရွက်ကြပြီး ကိုယ်ကျင့်သီလကောင်းမွန်သည့် နိုင်ငံတော်က အားထားရသော စာရင်းပညာရှင်များဖြစ်အောင် ကျင့်ကြံနေထိုင်လုပ်ကိုင်ရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် အလှူရှင်များကို မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး မြန်မာနိုင်ငံ စာရင်းကောင်စီ၀င်များ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း အမှုဆောင်များက စာမေးပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ဘာသာရပ်အလိုက် အမှတ်အများဆုံး ရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ၊ ဒုတိယပိုင်း စာမေးပွဲ အောင်မြင်သူများအား အောင်လက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာကင်းထောက် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် မြန်မာကင်းထောက်ရာပြည့်မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့သည် ၁၉၁၆ ခုနှစ်မှ စတင်ဖွဲ့စည်းကာ ၂၀၁၆ ခုနှစ်တွင် နှစ်(၁၀၀) ပြည့်ပြီဖြစ်ရာ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ နှစ်(၁၀၀)ပြည့် အကြိုအထိမ်းအမှတ် အခမ်းအနားကို နို၀င်ဘာ ၂၇ ရက်နှင့် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်တွင် ရန်ကုန် စိန်ရတုခန်းမ၌ ကျင်းပခဲ့သည်။




**မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ထုတ်ဝေသည့် မြန်မာကင်းထောက်ရာပြည့်မဂ္ဂဇင်း (၁၉၁၆-၂၀၁၆)မျက်နှာဖုံးကို တွေ့ရစဉ်။**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ မြန်မာကင်းထောက်ရာပြည့်မဂ္ဂဇင်း (၁၉၁၆-၂၀၁၆)ကို နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနား ကျင်းပခဲ့သည့် ဒီဇင်ဘာ ၂၃ ရက်မှ စတင်ဖြန့်ချိလျက်ရှိသည်။

မြန်မာကင်းထောက် ရာပြည့်မဂ္ဂဇင်းတွင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ရာပြည့်အခမ်းအနား သ၀ဏ်လွှာကို နိုင်ငံတော်သမ္မတ ဦးထင်ကျော်ကလည်းကောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ သ၀ဏ်လွှာကို အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ ပညာရေး၀န်ကြီးဌာန ပြည်ထောင်စု၀န်ကြီး၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ နာယက ဒေါက်တာမျိုးသိမ်းကြီး၏ သ၀ဏ်လွှာ၊ မြန်မာအမျိုးသားကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာ တင်ညိုနှင့် မြန်မာအမျိုးသမီး ကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်တို့၏ ဥယျောဇဉ်များ၊ ၂၀၁၆ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် မြန်မာနိုင်ငံကို ကမ္ဘာ့ကင်းထောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၆၄ နိုင်ငံမြောက် တရားဝင်ကြေညာခဲ့သဖြင့် နိုင်ငံတကာ ကင်းထောက်အဖွဲ့အသီးသီး၏ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့အား ချီးကျူးဂုဏ်ပြုသည့် သ၀ဏ်လွှာများ ဖော်ပြပါရှိသည်။

ထို့အပြင် မြန်မာနိုင်ငံကင်းထောက်လှုပ်ရှားမှု၊ ကမ္ဘာ့ကင်းထောက်လှုပ်ရှားမှု ဆောင်းပါး၊ ဓာတ်ပုံများ၊အမျိုးသား၊ အမျိုးသမီးကင်းထောက်ကြီးများ၊ တက္ကသိုလ် ကင်းထောက်များ ကင်းထောက်လူငယ်များ ရေးသားသည့် ကဗျာများ၊ ကင်းထောက် သုတ၊ ကင်းထောက်လှုပ်ရှားမှု ပုံရိပ်များနှင့်အတူ ကိုယ်တွေ့ကင်းထောက် သတင်းဓာတ်ပုံများ၊ ဆောင်းပါးများ ဖော်ပြပြီး မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်ရုံးနှင့် စာနယ်ဇင်းအရောင်းဆိုင်များတွင် တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ၀ယ်ယူအားပေးနိုင်ကြောင်း သိရသည်။

**ကိုလတ်(သတင်းစဉ်)**

# သံတွဲခရိုင်အသင်း(ရန်ကုန်)နှစ်ပတ်လည်မိတ်ဆုံစားပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

သံတွဲခရိုင်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်မိတ်ဆုံစားပွဲအခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးဥတ္တမပန်းခြံတွင် ယနေ့ နံနက် ၈ နာရီမှ စတင်ကျင်းပသည်။

အခမ်းအနားတွင် သံတွဲခရိုင်အသင်း(ရန်ကုန်)က နံနက်ပိုင်းမှ စတင်ကာ ရခိုင်ရိုးရာ မုန့်တီ၊ သံတွဲထမင်းဟင်းနှင့် ကော်ဖီ၊ ကိတ်မုန့်တို့ဖြင့် တက်ရောက်လာသူများအား စတုဒိသာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။

သံတွဲခရိုင်အသင်းဒုတိယဥက္ကဋ္ဌ ဦးထင်ကျော်လင်းက "သံတွဲခရိုင်အသင်းအနေနဲ့ တစ်နှစ်တစ်ကြိမ် မိတ်ဆုံစားပွဲလုပ်တယ်။ ရန်ကုန်ရောက် သံတွဲ၊ ဂွ၊ တောင်ကုတ်သူတောင်ကုတ်သားတွေ အားလုံးစုပြီး လုပ်တာ။ ဒီမှာကျွေးတဲ့ ရခိုင်ရိုးရာ အစားအစာတွေကလည်း သံတွဲကလာတဲ့ ဟင်းသီးဟင်းရွက်၊ ငါးတွေနဲ့ ချက်ထားတာ၊ မိသားစုပုံစံမျိုးလုပ်ကြတာ။ အလှူရှင်တွေကလည်း ရက်ရက်ရောရောလှူကြတယ်" ဟု ပြောသည်။

ထို့အတူ သံတွဲခရိုင်အသင်းဥက္ကဋ္ဌ ဦးမြမောင်က "ရန်ကုန်ရောက် သံတွဲ



ခရိုင်သူခရိုင်သား၊ တောင်ကုတ်၊ သံတွဲ၊ ဂွနယ်သူနယ်သားများ ဆုံစည်းတဲ့ပွဲဖြစ်တယ်။ ဆုံစည်းခြင်းအားဖြင့် အားလုံး သာရေး၊ နာရေးတွေမှာ အကူအညီပေးနိုင်အောင် ရည်ရွယ်ပြီး ကျင်းပတာပါ။ ဒီမှာ ပျော်ပျော်ပါးပါး အားလုံးစားသောက်ပြီး ရင်းနှီးမှုရအောင် မိတ်ဟောင်း၊ ဆွေဟောင်းတွေ ပြန်လည်တွေ့ဆုံရအောင် ကျင်းပတဲ့ ပွဲဖြစ်ပါတယ်"ဟု ပြောသည်။

ရန်ကုန်ရောက် ဂွ၊ တောင်ကုတ်၊ သံတွဲ နယ်သူနယ်သားများ စုပေါင်းပြီး သံတွဲခရိုင်အသင်း(ရန်ကုန်)ကို ၁၉၄၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါနှစ်ပေါင်း ၇၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)**
**ဓာတ်ပုံ - ရဲထွဋ်**

စာအုပ် စာပေ လူ့မိတ်ဆွေ

# ပူတင်ထံမှ ခရစ္စမတ်သဝဏ်လွှာ ထရန့်လက်ခံရရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၂၅**

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်က ရုရှားသမ္မတ ဗလာဒီမာပူတင်ထံမှ ခရစ္စမတ်သဝဏ်လွှာ တစ်စောင် ရရှိသည်ဟု ပြောကြားသည်။ ထရန့်က ရုရှားနှင့်ဆက်ဆံရေးတိုးမြှင့်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

အဆိုပါသဝဏ်လွှာကို ထရန့်က သောကြာနေ့တွင် ထုတ်ဖော်ပြသခဲ့ပြီး ပူတင်က အမေရိကန်သမ္မတလောင်းအနေဖြင့် နွေးထွေးသည့် အားလပ်ရက်ဖြစ်ပါစေကြောင်း ဆန္ဒပြုဖော်ပြထားသည်။

ပူတင်၏ သဝဏ်လွှာတွင် ခေတ်သစ်ကမ္ဘာကြီး၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အမေရိကန်နှင့် ရုရှား၏ဆက်ဆံရေးသည် အရေးပါသည့် အခန်းကဏ္ဍတွင် တည်ရှိနေဆဲဖြစ်ကြောင်းဖော်ပြထားသည်။

ပူတင်က ထရန့်သမ္မတရာထူးတရားဝင် ထမ်းဆောင်သည့်အခါတွင် မိမိတို့နှစ်ဦးကြား အပြန်အလှန်ပူးပေါင်း ဆောင်ရွက်မှုများနှင့် သဘောတရားထက် လက်တွေ့ဆန်သော အပြုအမူများဖြင့် ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် မိမိတို့၏ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံတကာ မျက်နှာစာတွင် ကဏ္ဍသစ်ဖွင့်လှစ်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်းလည်း ဖော်ပြထားသည်။

ပူတင်၏ စိတ်ကူးထင်မြင်ချက်များသည် အလွန်မှန်ကန်ပြီး နှစ်ဖက်စလုံးက အဆိုပါစိတ်ကူးများကို ဖော်ဆောင် သွားနိုင်မည်ဟု မျှော်လင့်ကြောင်း၊ အမေရိကန်နှင့် ရုရှားဆက်ဆံရေးတိုးမြှင့်ရန် လိုလားကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေး သည် စစ်အေးတိုက်ပွဲပြီးနောက် ပိုင်းအဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိနေသည်ဟု ထရန့်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အရှေ့အလယ်ပိုင်းဒေသရှိ အစ္စလာမ္မစ်အစွန်းရောက်အကြမ်းဖက်သမားကို တိုက်ခိုက်ချေမှုန်းရာတွင် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်းလည်း ထရန့်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ။**



# ကုလသမဂ္ဂဆုံးဖြတ်ချက်ကို အစ္စရေးတုံ့ပြန်

**တဲလ်အဗစ် ဒီဇင်ဘာ ၂၅**

ကုလသမဂ္ဂလုံခြုံရေးကောင်စီက အစ္စရေးနိုင်ငံ၏ အနောက်ဘက်ကမ်းတွင် အခြေချအိမ်ရာတိုးချဲ့ တည်ဆောက်မှုကို ရပ်တန့်ရန် ဆုံးဖြတ်ချက်ကို အစ္စရေးနိုင်ငံက ဆန့်ကျင်တုံ့ပြန်ခဲ့သည်။



အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက အစ္စရေးနိုင်ငံက ကုလသမဂ္ဂ အေဂျင်စီ ငါးခုကို ထောက်ပံ့နေသည့် ဒေါ်လာ ၇ ဒသမ ၈ သန်းကို ဖြတ်တောက်ရန် စနေနေ့က ပြောကြားခဲ့သည်။ နေတန်ယာဟုက ၎င်း၏ နိုင်ငံခြားရေးဝန်ကြီးဌာနကိုလည်း ကုလသမဂ္ဂနှင့် ဆက်ဆံရေးပြန်လည်သုံးသပ်ရန် ညွှန်ကြားခဲ့သည်။

အဆိုပါ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ သောကြာနေ့က မဲခွဲဆုံးဖြတ်ခဲ့ရာ အစ္စရေးနိုင်ငံဘက်က အမြဲတမ်း ရပ်တည်ပေးနေကျ အမေရိကန်နိုင်ငံက မဲမပေးဘဲ ကြားနေခဲ့သည့်အတွက် အစ္စရေးနိုင်ငံအနေဖြင့် အခြေချအိမ်ရာတည်ဆောက်မှု အားလုံးကို ရပ်ဆိုင်းလိုက်ရပြီဖြစ်သည်။

အဆိုပါဆုံးဖြတ်ချက်အတွက် ပူးပေါင်းပါဝင်ခဲ့သည့် ဆီနီဂေါနိုင်ငံကိုလည်း အစ္စရေးနိုင်ငံက ပေးအပ်နေသည့် အကူအညီများအားလုံးရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့သည်။ ထောက်ခံမဲပေးခဲ့သည့် ယူကရိန်းနိုင်ငံကိုလည်း အစ္စရေးနိုင်ငံသို့ လာရောက်မည့် ယူကရိန်းဝန်ကြီးချုပ်၏ ခရီးစဉ်ကို ဖျက်သိမ်းလိုက်သည်။

နိုင်ငံအတော်များများက အစ္စရေးနိုင်ငံ၏ အခြေချအိမ်ရာတည်ဆောက်မှုသည် ပါလက်စတိုင်းနှင့် ငြိမ်းချမ်းရေးအတွက် အကြီးမားဆုံးအဟန့်အတားဖြစ်သည်ဟု ရှုမြင်ကြသည်။ အစ္စရေးနိုင်ငံကတော့ ပါလက်စတိုင်းတို့ဘက်က ငြိမ်းချမ်းရေးကို ဟန့်တားပိတ်ဆို့ထားခြင်းဖြစ်သည်ဟု လက်ခံယူဆထားသည်။

**အင်န်အိတ်ချ်ကေ။**

# မိမိ၏ ပရဟိတဖောင်ဒေးရှင်းကို ပြန်လည်ဖျက်သိမ်းရန် ရည်မှန်းထားသည်ဟု ဒေါ်နယ်ထရန့်ပြော

**ဝါရှင်တန် ဒီဇင်ဘာ ၂၅**

မိမိထူထောင်ထားသော ပရဟိတဖောင်ဒေးရှင်းကို ပြန်လည်ဖျက်သိမ်းရန် မိမိရည်မှန်းထားသည်ဟု အမေရိကန်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဒေါ်နယ်ထရန့်က ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဒေါ်နယ်ဂျေထရန့်ဖောင်ဒေးရှင်းကို နယူးယောက် ရှေ့နေချုပ်က စုံစမ်းစစ်ဆေးလျက်ရှိနေစဉ် ထရန့်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ဖောင်ဒေးရှင်း ဖျက်သိမ်းမည့်အချိန်ကို ထရန့်က အတိအကျ ပြောကြားခြင်းမရှိပေ။ သို့ရာတွင် သမ္မတအဖြစ် တာဝန်ထမ်းဆောင်သည့်အခါ အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်ပွားလာနိုင်ဖွယ်ရှိမှုကို မိမိရှောင်လွှဲလိုသည်ဟု ထရန့်၏ ကြေညာချက်တွင် ဖော်ပြထားသည်။ ဖောင်ဒေးရှင်းအား ဖျက်သိမ်းနိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်နိုင်ရန် ထရန့်က ၎င်း၏ အကြံပေးအဖွဲ့ကို ညွှန်ကြားထားသည်ဆို၏။

လာမည့် ဇန်နဝါရီ ၂၀ ရက်တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုတော့မည် ဒေါ်နယ်ထရန့်အနေဖြင့် ကမ္ဘာနှင့်ချီကာ ဖြန့်ကြက်လုပ်ကိုင်နေသည့် ၎င်း၏ စီးပွားရေးလုပ်ငန်းများမှသည် ပရဟိတ မိသားစုလုပ်ငန်းများအထိ အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်မှုမှ ရှောင်လွှဲနိုင်စေရေးအတွက် ဆောင်ရွက်သွားရန် ရှေ့နေချုပ်ရုံး၏ ဖိအားပေးမှုကို တွေ့ကြုံနေရသည်။

ဒေါ်နယ်ဂျေထရန့် ဖောင်ဒေးရှင်းသည် အလှူငွေများ လက်ခံရယူခြင်းမှ ရပ်ဆိုင်းရန် နယူးယောက်ပြည်နယ် ရှေ့နေချုပ် အဲရစ်ရှင်နီဒါမန်းက အောက်တိုဘာလတွင် ညွှန်ကြားခဲ့သည်။ ပြင်ပမှ အလှူငွေများကို လက်ခံသည့် ပရဟိတဖောင်ဒေးရှင်းများသည် ပြည်နယ်ဥပဒေနှင့်အညီ လုပ်ဆောင်ရန်လိုအပ်ကြောင်း ရှင်နီဒါမန်းက ပြောကြားခဲ့သည်။

ဖောင်ဒေးရှင်း၏ ရန်ပုံငွေများအား အသုံးပြု၍ ထရန့်၏ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်နေသော ဥပဒေအရ အငြင်းပွားမှုများကို ဖြေရှင်းနေသည်ဟု ဝါရှင်တန်ပို့စ် သတင်းစာက ရေးသားဖော်ပြခဲ့ပြီးနောက် ထရန့်ဖောင်ဒေးရှင်း၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးသွားမည်ဟု ရှင်နီဒါမန်းက ပြောကြားခြင်းဖြစ်သည်။

**ရိုက်တာ။**

# မင်ဒါနာအိုကျွန်း ကက်သလစ်ဘုရားကျောင်း အပြင်ဘက်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

**မနီလာ ဒီဇင်ဘာ ၂၅**

ဖိလစ်ပိုင်နိုင်ငံရှိ မငြိမ်မသက်ဖြစ်နေသော မင်ဒါနာအိုကျွန်း၌ ခရစ္စမတ်နေ့ အကြိုနေ့က ကက်သလစ်ဘုရားကျောင်းတစ်ကျောင်း၏ အပြင်ဘက်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၁၆ ဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

အရှေ့တောင်အာရှဒေသ တစ်ဝန်း၌ ခရစ္စမတ်နေ့နှင့် နှစ်သစ်ကူးကာလ အလုပ်ပိတ်ရက်များ၏ အကြိုကာလမှစ၍ လုံခြုံရေးကို တင်းကျပ်ထားစဉ်မှာပင် ဖိလစ်ပိုင်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခြင်းဖြစ်သည်။ ဗုံးဖောက်ခွဲရန် ကြံစည်သူများကို ဖော်ထုတ်နိုင်ခဲ့သည်ဟု သြစတြေးလျနှင့် အင်ဒိုနီးရှား ရဲတပ်ဖွဲ့များက ပြောကြားခဲ့ကြပြီး မလေးရှားလုံခြုံရေး တပ်ဖွဲ့က မသင်္ကာဖွယ် စစ်သွေးကြွများကို ဖမ်းဆီးခဲ့သည်။

မင်ဒါနာအိုကျွန်း မစ်ဆာယက်မြို့ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းပြင်ပ၌ ခရစ္စမတ်နေ့အကြို ဝတ်ပြုဆုတောင်းပွဲအတွက် လူအများစုဝေးရောက်ရှိလာချိန်တွင် လက်ပစ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်၍ မည်သည့်အုပ်စုကမျှ ယင်း၏ လက်ချက်အဖြစ် ကြေညာခြင်း မရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ရိုက်တာ။**



# ရုရှားစစ်လေယာဉ်တစ်စင်း ဆီးရီးယားသို့ ပျံသန်းစဉ် ပင်လယ်နက် အတွင်းသို့ ပျက်ကျ၊ ၉၂ ဦးသေဆုံး

**မော်စကို ဒီဇင်ဘာ ၂၅**

လူပေါင်း ၉၂ ဦးကို တင်ဆောင်လာသည့် ရုရှားစစ်လေယာဉ်တစ်စင်းသည် ဒီဇင်ဘာ ၂၅ ရက်က ဆီးရီးယားနိုင်ငံသို့ ဦးတည်ပျံသန်းနေစဉ် ပင်လယ်နက်အတွင်းသို့ ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူအားလုံး သေဆုံးရကြောင်း ရုရှားအာဏာပိုင်များက ပြောကြားကြသည်။

တီယူ-၁၅၄ တူပိုလက် အမျိုးအစား လေယာဉ်သည် ရုရှားနိုင်ငံတောင်ပိုင်း ဆိုချီမြို့မှ ပျံသန်းထွက်ခွာခဲ့ပြီးနောက် နှစ်မိနစ်အကြာတွင် ပျက်ကျခဲ့ကြောင်း၊ မြို့တော် မော်စကိုမှ စတင်ထွက်ခွာခဲ့သော စစ်လေယာဉ်သည် အပန်းဖြေစခန်းမြို့ဖြစ်သော ဆိုချီမြို့၌ လေယာဉ်ဆီဖြည့်တင်းခဲ့ပြီးနောက် ဆက်လက်ထွက်ခွာခဲ့ရာတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်အီဂေါကိုနာရှန်ကော့ဗ်က ပြောကြားသည်။

ပျက်ကျခဲ့သော လေယာဉ်နှင့်အတူ လိုက်ပါခဲ့ကြသူများမှာ ရုရှားတပ်နီမှ အလက်ဇန်းဒရို စစ်သံစုံတီးဝိုင်းအဖွဲ့မှ တေးဂီတပညာရှင်များနှင့် ကချေသည်များဖြစ်ကြောင်း၊ ၎င်းအပြင် သတင်းထောက်အချို့လည်းပါရှိကြောင်း၊ လေယာဉ်ပျက်ကျမှုတွင် တစ်ဦးတစ်ယောက်မျှ အသက်ရှင်သူမရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပျက်ကျခဲ့သည့် လေယာဉ်မှာ ဆိုဗီယက်ခေတ်က တည်ဆောက်ခဲ့သည့် ဂျက်လေယာဉ်ဖြစ်ပြီး လေယာဉ်ဝန်ထမ်း ရှစ်ဦးနှင့် ခရီးသည် ၈၄ ဦး လိုက်ပါလာခဲ့သည်။

အဆိုပါလေယာဉ်နှင့်အတူ လိုက်ပါလာသူ တပ်နီ သံစုံတီးဝိုင်းအဖွဲ့မှ အနုပညာရှင်များသည် နှစ်သစ်ကူးကာလ၌ ရှေ့တန်းရောက် တပ်ဖွဲ့ဝင်များအား ဖျော်ဖြေနိုင်ရန် ဆီးရီးယားနိုင်ငံရှိ မေမင်းလေတပ်စခန်းသို့ သွားရောက်ကြခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ရိုက်တာ။**

# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်

စစ်အေးခေတ်မှာ ဆိုဗီယက်ပြည်ထောင်စုဆိုတာ ဆိုရှယ်လစ်အင်ပါယာရဲ့ ဗဟိုချက်မနန်းစိုက်ရာ မင်းနေပြည်တော်လို့ပြောရမှာပါ။ ကမ္ဘာ့ပြည်သူအများစုအဖို့ ဆိုဗီယက်ပြည်ထောင်စုကြီး ရုတ်တရက်ချက်ချင်းဆိုသလို ပြိုလဲသွားမယ်ဆိုတာက ဘယ်လိုမှ တွေးထင်မထားတဲ့ကိစ္စပါ။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅ နှစ်က မစ်ခေးလ်ဂေါ်ဘာချော့ဗ်က ဆိုဗီယက်ပြည်ထောင်စုရဲ့ သမ္မတအဖြစ်က နုတ်ထွက်လိုက်တဲ့အတွက် ဆိုဗီယက်ပြည်ထောင်စုဆိုတာ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်ကနေ ကွယ်ပျောက်သွားခဲ့ရပါတယ်။ တကယ်တော့ မစ်ခေးလ်ဂေါ်ဘာချော့ဗ်ဟာ ဒီလိုနုတ်ထွက်ချင်လို့တော့ မဟုတ်ပါဘူး။ မနုတ်ထွက်ဘဲ နေလို့မရတော့တဲ့ အခြေအနေတွေကြောင့်ပါ။ ဒီလို မစ်ခေးလ်ဂေါ်ဘာချော့ဗ်ကို မနုတ်ထွက်ဘဲနေလို့မရအောင် ဖန်တီးလိုက်တဲ့ ပုဂ္ဂိုလ်တွေက ရုရှား၊ ယူကရိန်းနဲ့ ဘယ်လာရုစ်နိုင်ငံတွေရဲ့ ခေါင်းဆောင်တွေပါ။ ပြောရရင် ဂေါ်ဘာချော့ဗ် မနုတ်ထွက်ခင် ၁၇ ရက်ကြိုပြီး ဆိုဗီယက်ပြည်ထောင်စု ဖျက်သိမ်းမယ့်သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးသားပါ။ သမိုင်းကိုပြန်ကြည့်တဲ့အခါ ဒီလောက်အရေးကြီးတဲ့ သမိုင်းအချိုးအကွေ့ကို မဖြစ်စလောက် ပြင်ဆင်မှုတွေနဲ့ပဲ ဆောင်ရွက်ခဲ့တာကို အံ့အားသင့်စရာ တွေ့ရမှာပါ။

၁၉၉၁ ခုနှစ် ဒီဇင်ဘာလဆိုတာ ဘာလင်တံတိုင်းနဲ့ အရှေ့ဥရောပဆိုရှယ်လစ်အင်ပါယာ ပြိုကျသွားတာတွေ ကမ္ဘာ့ပြည်သူတွေရဲ့ ခေါင်းထဲမှာ လတ်လတ်ဆတ်ဆတ်မရှိတော့တဲ့အချိန်ပါ။ အဲဒီအဖြစ်အပျက်တွေက ၁၉၈၉ ခုနှစ်မှာ ဖြစ်ပွားခဲ့တော့ ၁၉၉၁ ခုနှစ်ကုန်မှာ ခေါင်းထဲထင်ထင်ရှားရှား မရှိတာကတော့ သဘာဝကျပါတယ်။ ဒါပေမယ့် ဆိုဗီယက်ပြည်ထောင်စုဆိုတာကတော့ ၁၉၉၁ ခုနှစ်အထိ ဆက်လက်တည်ရှိနေပြီး ဂေါ်ဘာချော့ဗ်ရဲ့ ဦးဆောင်မှုနဲ့ ကွန်မြူနစ်ပါတီက ဆိုဗီယက်ပြည်ထောင်စုကို ဆက်လက်အုပ်ချုပ်နေဆဲရှိပါသေးတယ်။ ဂေါ်ဘာချော့ဗ်က ဆိုဗီယက်ပြည်ထောင်စုရဲ့ ခေါင်းဆောင်အဖြစ် ဆက်ရှိနေသေးတယ်ဆိုပေမယ့်သူ့ဆီကနေအာဏာသိမ်းယူဖို့ ကြိုးပမ်းခဲ့တဲ့ ၁၉၉၁ ခုနှစ် ဩဂုတ်လ အာဏာသိမ်းယူရေး ဖြစ်ရပ်ကြောင့် သူ့ခေါင်းဆောင်မှုကတော့ အတော်ကြီးကို အားပျော့နေပါပြီ။ အမှန်ကတော့ ၁၉၉၁ ခုနှစ်ကိုကြည့်လိုက်ရင် ဆိုဗီယက်ပြည်ထောင်စုမှာ အဖွဲ့ဝင်နိုင်ငံတွေအဖြစ် ပါဝင်ခဲ့တဲ့ ဆိုဗီယက်သမ္မတနိုင်ငံတွေရဲ့ သီးခြားလွတ်လပ်တဲ့ နိုင်ငံတွေအဖြစ် ရပ်တည်ရေးကြိုးပမ်းမှုတွေဟာ အတော်ကြီးကို အရှိန်အဟုန်ပြင်းထန်နေပါပြီ။



ဆိုဗီယက်ပြည်ထောင်စုဟာ ဘောလ်တစ်နိုင်ငံတွေဖြစ်တဲ့ အက်စတိုးနီးယား၊ လတ်ဗီးယားနဲ့ လစ်သူရေးနီးယား နိုင်ငံတွေမပါဘဲ ရပ်တည်နိုင်ပေမယ့် ယူကရိန်းနဲ့ ရုရှားနိုင်ငံမပါဘဲ ရပ်တည်နိုင်မှာတော့ မဟုတ်ပါဘူး။ အဲဒီအချိန်က ယူကရိန်းနိုင်ငံရဲ့ ရွေးချယ်တင်မြှောက်ပြီးခါစ သမ္မတအသစ် လီယိုနစ်ခရေချော့(ခ) (Leonid Kravchuk) ဟာ ရုရှားလက်အောက်ကနေ ရုန်းထွက်ဖို့ကြိုးစားနေသလို ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်ကလည်း ဂေါ်ဘာချော့ဗ်ဆီကနေ လုပ်ပိုင်ခွင့်အာဏာပိုရဖို့ လုံးပမ်းနေတာပါ။ ဒီလိုနောက်ခံအနေအထားမှာ ဘယ်လာရုစ်ဝန်ကြီးချုပ် စတန်းနစ်လော့ ရှုက်ကက်ဗစ် (Stanislav Shushkevich) အပါအဝင် ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်နဲ့ ယူကရိန်းသမ္မတ လီယိုနစ်ခရေချော့(ခ) တို့ဟာ ဒီဇင်ဘာ ၈ ရက်မှာ တွေ့ဆုံကြဖို့ သဘောတူခဲ့ကြပါတယ်။ ဒီတွေ့ဆုံမှုဟာ ဆိုဗီယက်ပြည်ထောင်စုသမ္မတ ဂေါ်ဘာချော့(ဗ်) အတွက် ဘယ်လိုမှ မကောင်းနိုင်ဘူးဆိုတာကတော့ အထူးပြောစရာမလိုတဲ့ကိစ္စပါ။ ဒါပေမယ့် ဒီတွေ့ဆုံဆွေးနွေးပွဲ မတိုင်ခင် ဆိုဗီယက်ပြည်ထောင်စုရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး ဘယ်လိုလုပ်ကြမလဲဆိုတာကိုတော့ ဒီခေါင်းဆောင်သုံးယောက်အကြား ကြိုတင်ညှိနှိုင်းထားတာတော့ ရှိခဲ့ပုံမရပါဘူး။

ဘယ်လာရုစ်ဝန်ကြီးချုပ် စတန်းနစ်လော့ ရှုက်ကက်ဗစ်က အစည်းအဝေးအစီအစဉ်ဟာ ဆောင်းရာသီမှာ ရုရှားနိုင်ငံကနေ ဘယ်လာရုစ်နိုင်ငံကို ပို့တဲ့ရေနံနဲ့ သဘာဝဓာတ်ငွေ့ကိစ္စ ဆွေးနွေးဖို့ဆိုပြီး အခိုင်အမာပြောဆိုပါတယ်။ ရှုက်ကက်ဗစ်က "ကျွန်တော်တို့ တိုင်းပြည်စီးပွားရေးက တကယ့်ကိုအကျပ်အတည်းဖြစ်နေတာ။ ကျွန်တော်တို့က ရုရှားဆီက ပို့တဲ့ရေနံနဲ့ သဘာဝဓာတ်ငွေ့အတွက် ငွေချေနိုင်မှာ မဟုတ်ဘူး။ ကျွန်တော်တို့နိုင်ငံကို ဘယ်သူကမှ ငွေချေးကြမှာလည်းမဟုတ်ဘူး။ ဒါကြောင့် ရုရှားနိုင်ငံကကျွန်တော်တို့နိုင်ငံ ဒီအကျပ်အတည်းကနေ လွတ်မြောက်အောင်ကူညီစေချင်တယ်။ ဒါမှကျွန်တော်တို့ပြည်သူတွေ ဆောင်းရာသီမှာအေးခဲသေတာမျိုး မဖြစ်မှာပါ။ ဒါက ကျွန်တော်တို့အစည်းအဝေးရဲ့ရည်မှန်းချက်ပါ။ ကျွန်တော်တို့က ယူကရိန်းနိုင်ငံကို လည်း ဒီအစည်းအဝေးကိုဖိတ်တယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့လုပ်တာကို ရှင်းရှင်းလင်းလင်းဖြစ်စေချင်လို့ပါ။ ယူကရိန်းနိုင်ငံက ကျွန်တော်တို့ဟာ သူတို့နောက်ကွယ်မှာ ရုရှားနိုင်ငံနဲ့ ကျိတ်ဆွေးနွေးနေတယ်လို့ မမြင်စေချင်ပါဘူး"လို့ ရှင်းပြခဲ့ပါတယ်။

ဘယ်လာရုစ် ဝန်ကြီးချုပ်ဟောင်း (၁၉၉၁-၉၄) စတန်းနစ်လော့ရှုက်ကက်ဗစ်က နှစ်ပေါင်း(၂၅) နှစ်ကျော် ပြီးတဲ့ ဒီကနေ့အချိန်မှာတောင် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲတဲ့ဖြစ်ရပ်ဟာ ဘယ်လာရုစ်နိုင်ငံမှာ ဆွေးနွေးခွင့်မပြုတဲ့ ခေါင်းစဉ်ဆိုတာကိုရှင်းပြပါတယ်။ ဘီဘီစီသတင်းထောက်နဲ့ ရှုက်ကက်ဗစ်တို့အကြား တယ်လီဖုန်းပြောဆိုမှုဟာ မကြာခဏ ဆိုသလိုပြတ်တောက်ခဲ့တာပါ။ ဒီလိုပြတ်တောက်မှုတွေဟာ ဘယ်လာရုစ်လျှို့ဝှက်ထောက်လှမ်းရေးရဲ့ လက်ချက်လို့ ယူဆရပါတယ်။ ယူကရိန်းသမ္မတလီယိုနစ်ခရေချော့(ခ)ရဲ့ ပြန်ပြောင်းပြောပြချက်တွေကတော့ ဘယ်လာရုစ်ဝန်ကြီးချုပ်ဟောင်း ရှုက်ကက်ဗစ်နဲ့ အတော်ကြီးကွဲလွဲပါတယ်။ လီယိုနစ်ခရေချော့(ခ)က "ရှုက်ကက်ဗစ်က ရေနံနဲ့ သဘာဝဓာတ်ငွေ့အကြောင်းပြောနေတော့ ကျွန်တော့်စိတ်ထဲဒီလူဘာတွေပြောနေမှန်းကိုမသိခဲ့တာပါ။ ရေနံနဲ့ သဘာဝဓာတ်ငွေ့အကြောင်းဆိုတာ ကျွန်တော့်ကို ဘာမှပြောထားတဲ့ ကိစ္စတွေမဟုတ်ပါဘူး။ ကျွန်တော့် စိတ်ထဲ ဒီအစည်းအဝေးတက်တယ်ဆိုတာက ဆိုဗီယက်ပြည်ထောင်စုရဲ့ အနာဂတ်ကို ဆွေးနွေးဖို့ပါ။ ဆိုဗီယက်ပြည်ထောင်စုဆိုတာ ဒီဝါဒကွဲလွဲမှုတွေနဲ့ တစ်စစီဆုတ်ဖြဲခံရသလို ဖြစ်နေပါပြီ။ ဆိုဗီယက်ပြည်ထောင်စု တစ်ခုလုံးမှာရှိတဲ့ ပြည်သူလူထုတွေကလည်း အကျပ်အတည်းတွေ၊ ပဋိပက္ခတွေ၊ စစ်ပွဲတွေနဲ့ရာရှင်ပုံစံ အစားအသောက်တွေတန်းစီရတာကို ခြေကုန်လက်ပန်းကျနေကြပါပြီ။ ကျွန်တော်တို့ ဘယ်လာရုစ်မှာ စည်းဝေးကြတယ်ဆိုတာက ပြည်ထောင်စုရဲ့ အနာဂတ်ဟာ ဘာလဲ၊ ဘယ်လဲဆိုတာကိုဆွေးနွေးဖို့ပါ။ ပြောရရင် ပြည်ထောင်စုကြီးတစ်ခုလုံး ရင်ဆိုင်နေရတဲ့ အကျပ်အတည်းကို အာရုံစူးစိုက်ကြဖို့၊ ကြေညာချက်ထုတ်တာပဲဖြစ်ဖြစ်၊ မေတ္တာရပ်ခံချက်ထုတ်တာပဲဖြစ်ဖြစ်ဆောင်ရွက်ကြဖို့ပါ" ဆိုပြီးရှင်းပြခဲ့တာပါ။

**အာဏာသိမ်းဖို့ကြိုးပမ်းမှုအပြီး သူအာဏာပြန်ရခဲ့တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ဂေါ်ဘာချော့ဗ်မှာ တကယ့်အာဏာဆိုတာ မရှိတော့ပါဘူး။ ဂေါ်ဘာချော့ဗ်ရဲ့ လုပ်ပိုင်ခွင့်အာဏာတွေက ဆိုဗီယက်ပြည်ထောင်စုမှာပါတဲ့ ဆိုဗီယက်သမ္မတနိုင်ငံတွေဆီကို ရောက်သွားပါပြီ။ ဂေါ်ဘာချော့ဗ်က တိုင်းပြည်ကို ပြည်ထောင်စုပုံစံအသစ်တစ်မျိုး ပြန်စုစည်းတည်ဆောက်ချင်ပေမယ့် သူ့မှာဒီလိုလုပ်နိုင်တဲ့ အခြေအနေမရှိတော့ပါဘူး. . .**

ဒီခေါင်းဆောင်သုံးဦးက အစည်းအဝေးနဲ့ ပတ်သက်ပြီး ဘယ်လိုအစီအစဉ်တွေကိုပဲ ကြိုတင်ကြံစည်ထားထား ဂေါ်ဘာချော့(ဗ်)ကို ကြိုတင်အကြောင်းမကြားဘဲ ဒီလိုအစည်းအဝေးခေါ်တယ်ဆိုတာက ပုဂ္ဂိုလ်ရေးအရ အန္တရာယ်ရှိတာက အမှန်ပါပဲ။ ရှုက်ကက်ဗစ်က "ဆိုဗီယက်ကေဂျီဘီ (KGB) က ဂေါ်ဘာချော့ဗ် အမိန့်နဲ့ ကျွန်တော်တို့သုံးယောက်စလုံးကို ဖမ်းလို့ရပါတယ်။ ဆိုဗီယက်ကေဂျီဘီ (KGB) က သမ္မတဂေါ်ဘာချော့ဗ် လက်အောက်မှာ ရှိနေတာပါ။ ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်လက်အောက်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဘယ်လာရုစ် လျှို့ဝှက်ထောက်လှမ်းရေးအကြီးအကဲ အက်ဒဝပ်ရှာကော့ဗ်စကီးက ရုရှားလျှို့ဝှက်ထောက်လှမ်းရေးနဲ့ အနီးကပ်ပူးပေါင်းဆောင်ရွက်နေတဲ့ အနေအထားတော့ရှိပါတယ်။ အစည်းအဝေးမတိုင်ခင်နှစ်ပတ်လောက်ကစပြီး ဘယ်လာရုစ်လျှို့ဝှက်ထောက်လှမ်းရေးက ကျွန်တော့်ကို ကေဂျီဘီက ဖမ်းနိုင်ခြေမရှိတာကို နေ့စဉ်အစီရင်ခံပါတယ်"ဆိုပြီး အဲဒီတုန်းက အခြေအနေကို ပြန်ပြောင်းပြောပြခဲ့ပါတယ်။ ဒါပေမယ့် အက်ဒဝပ်ရှာကော့ဗ်စကီးက နောက်ပိုင်းပြောခဲ့တာတွေက ရှုက်ကက်ဗစ်ပြောတာတွေနဲ့ တစ်သားတည်းဖြစ်မနေပါဘူး။ အက်ဒဝပ်ရှာကော့ဗ်စကီးက တခါက အနားယူပြီးနောက်ပိုင်း ရုရှားနိုင်ငံမှာအခြေချနေထိုင်ခဲ့ပါတယ်။ အက်ဒဝပ်ရှာကော့ဗ်စကီးက အဲဒီတုန်းက သူ့ခေါင်းဆောင်သုံးဦးကို မဖမ်းခဲ့တဲ့အတွက် နောင်တရတယ်ဆိုတဲ့ သဘောမျိုးပြန်ပြောခဲ့တာပါ။

ဒါပေမယ့် သေချာတဲ့အချက်ကတော့ အဲဒီအချိန်မှာ ဂေါ်ဘာချော့ဗ်ဟာဆိုဗီယက်ပြည်ထောင်စုကို အမှန်တကယ် အုပ်ချုပ်နိုင်တဲ့ သြဇာအာဏာမရှိတော့ပါဘူး။ ခရေချော့(ခ)က "ဂေါ်ဘာချော့ဗ်ဟာနိုင်ငံ့အကြီးအကဲ ဖြစ်နေတုန်းဆိုပေမယ့် သူ့မှာဘာအာဏာမှ မရှိတော့ပါဘူး"လို့ မှတ်ချက်ပေးပါတယ်။ ခရေချော့(ခ) ဆက်ပြောတာက "၁၉၉၁ ခုနှစ် ဩဂုတ်လမှာ အာဏာသိမ်းဖို့ကြိုးပမ်းခံရပြီးကတည်းက ဂေါ်ဘာချော့ဗ်ဟာ အာဏာအားလုံး ဆုံးရှုံးသွားပြီ။ အာဏာသိမ်းဖို့ ကြိုးပမ်းမှုအပြီး သူအာဏာပြန်ရခဲ့တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ဂေါ်ဘာချော့ဗ်မှာ တကယ့်အာဏာဆိုတာ မရှိတော့ပါဘူး။ ဂေါ်ဘာချော့ဗ်ရဲ့ လုပ်ပိုင်ခွင့်အာဏာတွေက ဆိုဗီယက်ပြည်ထောင်စုမှာပါတဲ့ ဆိုဗီယက်သမ္မတနိုင်ငံတွေဆီကို ရောက်သွားပါပြီ။ ဂေါ်ဘာချော့ဗ်က တိုင်းပြည်ကို ပြည်ထောင်စုပုံစံအသစ်တစ်မျိုး ပြန်စုစည်းတည်ဆောက်ချင်ပေမယ့် သူ့မှာဒီလိုလုပ်နိုင်တဲ့ အခြေအနေမရှိတော့ပါဘူး" ပါတဲ့။ လိုရင်းပြောရရင်တော့ ဒီသမိုင်းဖြစ်ရပ်တွေကို နောက်ခံပြုပြီး ၁၉၉၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်နေ့မှာ ရုရှားခေါင်းဆောင်ဘောရစ်ယဲ့လ်ဆင်၊ ယူကရိန်းခေါင်းဆောင်လီယိုနစ် ခရေချော့(ခ)နဲ့ ဘယ်လာရုစ်ခေါင်းဆောင်စတန်းနစ်လော့ရှုက်ကက်ဗစ်တို့ဟာ ပိုလန်နယ်စပ်အနီး ဘယ်လာရုစ်နိုင်ငံထဲမှာရှိတဲ့ ဘယ်လ်လက်ဗဇား (Belavezha) ကျေးလက်စံအိမ်ကို ဦးတည်ချီတက်ခဲ့ကြပါတယ်။ ဘယ်လ်လက်ဗဇားကျေးလက်စံအိမ်ဟာ ကွန်မြူနစ်ပါတီထိပ်တန်း ခေါင်းဆောင်တွေအတွက် သီးသန့်တည်ဆောက်ထားတာပါ။

(ဆက်လက်ဖော်ပြပါမည်)

# ကျေးရွာဝါဒ အမှန်တကယ် ပြောင်းလဲနေကြသူများ(၂)

## ထင်လင်းဦး(Wisdom Villa)

ပြီးခဲ့သည့် ဒီဇင်ဘာလ ၁၅-၁၆ ရက်က ပခုက္ကူမြို့နယ် စလေကျွန်းချောင်းနှင့် မြစ်ခြေတိုက်နယ်တို့သို့ စာပေခရီးရောက်ခဲ့သည်။ ၁၅ရက်နေ့ ညက စလေကျွန်းချောင်းတွင် ကျွန်းချောင်းဓာတ်မြေဩဇာစက်ရုံ လုပ်သားများ စုစည်းတည်ထောင်ထားသည့် "ယသန္ဓလုံးသားလူမှုကူညီရေးအသင်း"က ကျင်းပသည့် စာပေဟောပြောပွဲတွင် ဆရာနေဝင်းမြင့်၊ ဆရာမခင်သန္တာတို့နှင့် အတူ ပြောရဟောရသည် ။ နောက်တစ်နေ့ မြစ်ခြေတွင်တော့ ဆရာနေဝင်းမြင့်နှင့်အတူ။ အမှန်က ကိုထွန်းကျော်သူဖိတ်သဖြင့် "ယသန္ဓလုံးသားလူမှုကူညီရေးအသင်း" တွင် ဟောပြောရန်နှင့် နောက်နေ့တွင် ပုဂံဘုရားဖူးရန် ခရီးဖြစ်သည်။ နောက်တော့ မြစ်ခြေကပါ တစ်ဆက်တည်းဟောပြောပေးပါ ဖိတ်သဖြင့် ပုဂံဘုရားဖူးအစီအစဉ်ကိုဖျက်၍ ဟောပြောပေးရခြင်း ဖြစ်ပါသည်။

ရန်ကုန်မှ ၁၄ ရက်နေ့ညတွင် ခိုင်မန္တလေးအဝေးပြေးကားဖြင့် ထွက်ခွာခဲ့ရာ မကွေးသို့ နံနက် ၅ နာရီခန့်တွင်ရောက်သည်။ မကွေးဟိုတယ် အခန်းနံပါတ် (၆၀၄)တွင် တည်းခို၍ တစ်မှေးလောက်မှေးရသည်။ ၈ နာရီတွင် အိပ်ရာမှထ သီလရှင်များအား ဆွမ်းဆန်လောင်းလှူပွဲသို့သွားရသည်။ ထိုမှ ဟိုတယ်သို့ပြန်၊ ခဏနေတော့ ညီအစ်ကိုကဲ့သို့ ခင်မင်သော မွန်ဂိုလီးယားနိုင်ငံသို့ ဆယ်ရက်ကြာ လေ့လာရေးအတူသွားခဲ့ကြဖူးသော ကိုနေမျိုးကျော် (မကွေးတိုင်းဒေသကြီးဝန်ကြီး ဦးနေမျိုးကျော်)နှင့်အတူ လက်ဖက်ရည်ဆိုင်သို့သွားကြသည်။ လက်ဖက်ရည်သောက်ကြရင်း တိုင်းရေး ပြည်ရေးများကို မထောက်မညှာမေးခဲ့သည်။ သူကလည်း မကွယ်မဝှက် ရှင်းပြဖြေကြားသည်။ ဘေးကအတူထိုင်နေသူများက တခွီးခွီးရယ်ကြသည်။

နေ့လယ်ရောက်တော့ မကွေးမှ ပခုက္ကူသို့ ထွက်ခွာလာကြသည်။ လမ်းတွင် ကျောက်ပန်းတောင်းသို့ဝင်ကာ ဖိုးပါကြီးထမင်းဆိုင်တွင် နေ့လယ်စာစားကြသည်။ ပခုက္ကူရောက်တော့ နေညိုသန်းစပြုပြီ။ မြစ်ခြေရောက်တော့ နေဝင်ရီတရော၊ ထနောင်းတန်းနှင့် ရွာလမ်းက သာလှသည်။ သို့သော် လမ်းတို့ကကျဉ်းနေသေးသည်။ ပြင်ရ၊ တိုးချဲ့ရဦးမည်။

မြစ်ခြေတွင် ဓာတ်ဆီဝင်ဖြည့်ကြသည်။ ကားလေးနေသဖြင့် ကိုယ်အလေးချိန်လျှော့ဖို့ ဓာတ်ဆီဆိုင်နောက်က သန့်စင်ခန်းသို့ ဒရောသောပါး ပြေးရသည် ။

ပေါ့ပါးသွားကာ ပြန်ထွက်လာတော့ ဓာတ်ဆီထည့်လို့ပြီးပြီ။ စာရေးသူဆိုတော့ ဓာတ်ဆီဆိုင်အမည်ကို မှတ်သားဖို့ ကြည့်မိသည်။ နှုတ်ဖျားမှ ဟယ်ခနဲအသံထွက်မိရသည်။ " MC ပရဟိတအသင်းဓာတ်ဆီဆိုင်"ဆိုပါကလား။ မြန်ပြည်တစ်လွှားနယ်လေးရပ်မက၊ နယ်လေးဆယ်မက၊ နယ်လေးရာနီးပါးမျှ သွားလာနေခဲ့တာ ဒီနာမည်မျိုး၊ ဒီဝိသေသနမျိုး တစ်ခါမှမကြားဖူး။ တစ်ကြိမ်မှ မမြင်ဖူးခဲ့သေး။ သို့နှင့် ဆီဆိုင်မှ အလုပ်သမားကလေးကိုမေးရသည်။ အလုပ်သမားလေးက ပြုံးရယ်လျက် ကိုထွန်းကျော်သူ (ကားဖြင့်လိုက်ပို့သူ)ကို ကြည့်သည်။ ကိုထွန်းကျော်သူက ပြုံးပြုံးကြီးဖြင့် ဆရာ့ကို အေးအေးဆေးဆေး ပြောပြမယ်။ ကျွန်တော်ပြောတာထက် ဒေါက်တာရဲဂေါင်ပြောပြတာ ပိုကောင်းတယ်။ သူဒီညလာလိမ့်မယ် ဆရာဟု ဆို၏။ သိချင်လျှင် ချက်ချင်းဖြစ်တတ်သောစိတ်ကို မနည်းမျိုသိပ်ထားလိုက်ရ၏။

ညပိုင်းဟောပြောပွဲပြီးတော့ ဒေါက်တာရဲဂေါင်နှင့် မိတ်ဆွေများ ရောက်လာ၏။ ဒေါက်တာရဲဂေါင်ဆိုသည်က မြစ်ခြေတစ်ဝိုက်မှာ ကျေးရွာသူရွာသားများ၏ နှလုံးသည်းပွတ်အချစ်တော်ဖြစ်၏။ အတူထိုင်၍ စကားဝိုင်းဖွဲ့ကြ၏။ ခရီးပန်းလာ၍ အိပ်ချင်လှပြီဖြစ်သော်လည်း သိချင်စိတ်က အိပ်ချင်စိတ်ကိုကုပ်နှိပ်၍ထား၏။ "ကဲလုပ်စမ်းပါဦးဆရာရေ၊ MC ပရဟိတဓာတ်ဆီဆိုင်အကြောင်း"ဟု မအောင့်နိုင်၊ မအည်းနိုင်မေးမိရသည် ။

"ဒါကဒီလိုဆရာရေ" ဒေါက်တာရဲဂေါင်ကပြောသည်။ "ကျွန်တော်တို့ ဒီဂေါ်စဂမ်မှာက ဆင်းရဲတဲ့တောင်သူတွေများတယ်။ ပညာလည်းနည်းကြတော့ ကျန်းမာရေးဗဟုသုတအသိပညာလည်းမရှိကြဘူး။ ချို့ငဲ့တော့ ရောဂါထူတယ်၊ ရောဂါဖြစ်ရင် ကုသဖို့ဆိုတာလည်း မတတ်နိုင်ကြဘူး။ အဲဒါနဲ့ ကျွန်တော် ဒီကိုရောက်လာတော့ နီးစပ်ရာကိုစည်းရုံးပြီး ကျန်းမာရေးစောင့်ရှောက်မှု ပရဟိတလုပ်ငန်းလုပ်ဖို့ ပြောရတယ်။ မိတ်ဆွေတွေကလည်း စိတ်ပါကြတော့ ဝိုင်းကူကြတယ်။ အဲဒါနဲ့ ဒီလုပ်ငန်းကလေးကို ကျွန်တော်တို့ စဖြစ်ကြတယ် ဆိုပါတော့။"

"အင်း. . အဲဒါနဲ့ ဓာတ်ဆီဆိုင်ကဘယ်လိုဆက်စပ်သလဲဗျ၊ လုပ်ပါဦး" ကိုယ်က စကားဝင်ထောက်တော့ ဒေါက်တာရဲဂေါင်ကပြုံးသည်။ "လာမှာပေါ့ ဆရာကလဲ"ဟုဆိုကာ စကားဆက်သည်။

"အဲဒီလိုနဲ့ ကျွန်တော်တို့ နယ်လှည့်ဆေးကုပရဟိတလုပ်ငန်းလေး လုပ်ရာကနေ မြစ်ခြေမှာအခြေစိုက်ပြီး အပတ်စဉ်ပုံမှန် ဆေးစစ်ဆေးပေးတဲ့ အခြေအနေကို ရောက်လာတယ်။ တစ်ပတ် တစ်ပတ်ကို အဓိကတော့ သက်ကြီးရွယ်အိုဘိုးဘွားတွေကတော့ အဓိကပေါ့ ဆရာရယ်၊ ကျွန်တော်တို့ ဆေးကုပေးရတာဦးရေ ၃၀၀ ကျော်ဖြစ်လာတယ် ဆရာ။"

"အားပါးပါး များလှပါကလားဆရာ"ဟု အာမေဋိတ်ပြုမိရသည်။ "အဲဒီတော့ ကျွန်တော်တို့မှာ အဲဒီလိုကုသရတဲ့ ဆေးဖိုးဝါးခကို စုရဆောင်းရ၊ အလှူခံရတာက အခက်အခဲဖြစ်လာတယ်ဆရာ"ဟု ဒေါက်တာရဲဂေါင်က ရေနွေးကြမ်းခွက်ကို တစ်ကျိုက်မျှမော့သောက်ပြီး ပြောသည်။

"အဲဒီမှာတင် ကျွန်တော်တို့ တိုင်ပင်ကြတယ်။ ကိုထွန်းကျော်သူက အဲဒီမှာ အာဟာရဒါနပြုနိုင်တယ်။ ဒီလိုဖြစ်အောင် ဆရာရဲဂေါင်က အစစအရာရာ စီမံလုပ်ဆောင်ပေးတာပါ။ ဆရာသာခုခေါ်ရင် ဆရာရဲဂေါင်ကို သာခုပို့ခေါ်ရမှာ။"

ကိုထွန်းကျော်သူက ထိုသို့ဆိုတော့ ဒေါက်တာရဲဂေါင်က ပြာပြာသလဲ လက်ကလေးတကာကာဖြင့် "ဟာအဲဒီလိုတော့မဟုတ်ပါဘူးဗျာ၊ ဘောစိ (ကိုထွန်းကျော်သူ)က အလှူရှင်လေ၊ ကိုထွန်းကျော်သူကို သာခုခေါ်ရမှာ" ဟု ဆို၏။ ထိုနောက် " ပြီးတော့ ဆရာရေ အခုဆီဆိုင်မှာ ကျွန်တော်တို့ နေ့ဘက်ကို ဝန်ထမ်းမိန်းကလေးနှစ်ယောက် ခန့်ထားတာ ဆရာတွေ့ခဲ့မှာပေါ့။ ဝန်ထမ်း ယောကျ်ားလေးကတော့ တစ်ယောက်ပေါ့။ ညနေဆိုရင် မိန်းကလေး ဝန်ထမ်းတွေက ပြန်သွားတယ်။ အဲဒီမှာ ကျွန်တော်တို့ ပရဟိတအသင်းက လူငယ်တွေက တစ်ညကို နှစ်ယောက်စီ၊ သုံးယောက်စီ ဆီပန့်ကိုင်ဖို့ လာလုပ်အားပေးကြတယ်။ ဆိုင်စောင့်အိပ်ကြတယ်။ အဲဒီလိုလုပ်နေကြတာပါ။ အခုတော့ ဒီမြစ်ခြေနဲ့ ကျွန်းချောင်းက ကားပိုင်ရှင်တွေ တော်တော်များများကလည်း ကျွန်တော်တို့ဆီဆိုင်က ပရဟိတအသင်းပိုင်ဖြစ်ပြီး ဒီဒေသက ပြည်သူတွေကို ဆေးဝါးစောင့်ရှောက်ကုသပေးနေတာတွေ၊ လူမှုကူညီရေးတွေ လုပ်ပေးနေတာတွေကို သိကြတော့ ဒီဆိုင်မှာပဲဆီဖြည့်ကြ၊ အားပေးကူညီလာကြပါတယ်"ဟု ဆက်ပြော၏။

"အေးဗျာ ခင်ဗျားတို့ဆီက ကြားရ၊ သိရတာပီတိဖြစ်ရလွန်းလို့ ကျုပ်ဖြင့်

**တိုင်းပြည်က ဆင်းရဲလေတော့ အစိုးရကလည်း နည်းနည်းနဲ့ကျဲကျဲဝိုင်းပြီး တိုင်းပြည်ကို ပြန်လည်ထူထောင်နေရချိန်မှာ ခင်ဗျားတို့လိုလူတွေက အစိုးရကို ချည်း အားကိုးမနေဘဲ ကိုယ်တတ်နိုင်တဲ့ဘက်က ဉာဏ်အမြင်ရှိရှိ ဝိုင်းကြကူကြ ပရဟိတလုပ်တော့ ကျုပ်ဖြင့်လေ ဝမ်းသာလွန်းလို့...**

သူ့ရဲ့စိတ်ကူးကိုပြောတယ်။ အဲဒီအတွက်ဆေးဖိုးဝါးခကို အလှူခံလုပ်နေလို့တော့ ကြာရှည်လုပ်နိုင်မှာမဟုတ်ဘူး။ သိန်းရာနဲ့ချီလှူလည်း ဒါက အချိန်တစ်ချိန်မှာ ကုန်သွားမှာပဲ၊ လူတကာဆီက အလှူခံပြီးလုပ်၊ အချိန်တန်တော့ကုန်၊ ကုန်တော့တစ်ခါ အလှူခံလုပ်နေလို့ကတော့ ရေရှည်မဖြစ်နိုင်ဘူး။ အဲဒီတော့ ရေရှည် ရပ်တည်နိုင်ဖို့နည်းလမ်းကို ကျွန်တော်နဲ့ ကိုထွန်းကျော်သူတို့ တိုင်ပင်ခဲ့ကြတယ်။"

"အော် ဒါက ကိုထွန်းကျော်သူ အကြံဉာဏ်လည်းပါတာပေါ့"ဟုဆိုကာ မျက်နှာကိုလှမ်းကြည့်မိတော့ သကောင့်သားက ပြုံးဖြီးဖြီးကြီး။ ဒေါက်တာရဲဂေါင်က ဆက်ပြောသည်။

"ပါရုံတင်ဘယ်ကမလဲဆရာ၊ အဲဒီလိုတိုင်ပင်ပြီးတော့ ကိုထွန်းကျော်သူက ဒီဓာတ်ဆီဆိုင်မြေနေရာကိုဝယ်လိုက်တယ်။ ပြီးတော့ ဓာတ်ဆီဆိုင်ဖွင့်လှစ်ရောင်းချခွင့်တင်တယ်။ ဆီဆိုင်ဆောက်တယ်။ ဆီအပြည့်ဖြည့်ပေးတယ်။ ပြီးတော့မှ ကျွန်တော်တို့ ဒီအသင်းကိုအပြီးအပြတ် စာချုပ်စာတမ်းနဲ့ပိုင်ဆိုင်မှုတွေကို လွှဲပြီးလှူလိုက်တယ်။ သိန်းခြောက်ရာကျော်ကုန်ကျတဲ့ ဓာတ်ဆီဆိုင် တစ်ဆိုင်ကို လူမှုကူညီရေးပရဟိတအသင်းရဲ့ ငွေပဒေသာပင်အဖြစ် စိုက်လှူလိုက်တာပေါ့ ဆရာ။"

"အောင်မလေး သာခုပါဗျာ သာခုပါ သာခုပါ ကောင်းလိုက်တာ လှူတတ်လိုက်တာကိုထွန်းကျော်သူရယ်" ကျွန်တော် စိတ်ပါ လက်ပါ သာခုခေါ်မိသည်။ ရင်ထဲချမ်းမြကြည်နူးလိုက်ရပါဘိ။

"ကျွန်တော်ချည်းပဲ မချီးကျူးနဲ့ဆရာရဲ့၊ ဆရာရဲဂေါင်နဲ့ တိုင်ပင်ပြီးလုပ်ကြတာပါ။ အခုဆို ကျွန်တော်တို့ အပတ်စဉ် မိဘဘိုးဘွားတွေ အယောက် ၃၀၀ ကျော်ကို ဒီဆိုင်ကအမြတ်ငွေတွေနဲ့ ဆေးကုပေးနိုင်တယ်။ ခုညတော့ အိပ်နိုင်မယ်မထင်ဘူး၊ သိချင်းဆိုရမလိုဖြစ်နေပြီ။ အမြော်အမြင်ကြီးကြီးနဲ့ လှူတတ်တဲ့ ကိုထွန်းကျော်သူကိုရော၊ ဒီလို လှူဖြစ်အောင် အများအကျိုးကိုဆောင်နေတဲ့ ဆရာဒေါက်တာရဲဂေါင်ကိုရော၊ စေတနာအပြည့်နဲ့ ပရဟိတတာဝန်ထမ်းနေကြတဲ့ လူကြီးလူငယ်လူရွယ် လူလတ်တွေရော၊ ဒီဆိုင်မှာ အားပေးဝယ်ယူ အလှူကုသိုလ်ပါဝင်ကြတဲ့ ရပ်သူရွာသားကားပိုင်ရှင်တွေကိုရော သာခုခေါ်ပါတယ်ဗျာ။ ခင်ဗျားတို့လိုလူတွေသာ မြန်မာနိုင်ငံမှာ တိုးပွားများလာခဲ့ရင် ကျုပ်တို့မြန်မာနိုင်ငံမှာ ဆင်းရဲသူတွေအတွက် ခုသာ ခံသာ နေသာကြမှာ အမှန်ပဲ။ တိုင်းပြည်ကဆင်းရဲလေတော့ အစိုးရကလည်း နည်းနည်းနဲ့ကျဲကျဲဝိုင်းပြီး တိုင်းပြည်ကို ပြန်လည်ထူထောင်နေရချိန်မှာ ခင်ဗျားတို့လို လူတွေက အစိုးရကိုချည်း အားကိုးမနေဘဲ ကိုယ်တတ်နိုင်တဲ့ဘက်က ဉာဏ်အမြင်ရှိရှိ ဝိုင်းကြကူကြ ပရဟိတလုပ်တော့ ကျုပ်ဖြင့်လေ ဝမ်းသာလွန်းလို့ ဘာပြောရမှန်းတောင်မသိပါဘူးဗျာ။ အခုလို ကိုယ့်ဒေသရဲ့ ကျန်းမာရေး၊ ပညာရေး၊ စည်ပင်သာယာရေးတွေမှာ ကိုယ်တိုင်ဝင်ပါကြပြီး ကျေးရွာဝါဒပြောင်းလဲပစ်နေကြတဲ့ ခင်ဗျားတို့အတွက် ကျွန်တော်တကယ်ဂုဏ်ယူမိပါတယ်ဟု ဆိုတော့ ကိုလူတတ်ကလေးတွေက ကျွန်တော့်အား သည်လို ပြန်ပြောကြပါသည်။

"ဆရာပဲ နိုင်ငံတော်တည်ဆောက်တယ်ဆိုတာ နိုင်ငံသားတိုင်းပါဝင်တည်ဆောက်ရတာပါ ဆို . . "တဲ့ဗျ။ အော်ဝမ်းသာမိပ့ါ၊ ကြည်နူးမိပ့ါ။ ဟိုအရင်ကရေးခဲ့ဖူးတဲ့ အရာတော်သား ကိုကြည်ထွန်းတို့လို၊ အခုမြစ်ခြေက ကိုထွန်းကျော်သူတို့၊ ဒေါက်တာရဲဂေါင်တို့လို ကျေးရွာဝါဒ ပြောင်းလဲနေကြသူလူငယ်လူရွယ်လေးတွေကို မြင်ရတော့ ကျွန်တော်တို့ နိုင်ငံတော်ကြီးအတွက် အားတက်မိလိုက်ပုံများ ပြောမပြတတ်အောင်ပါပဲဗျာ။ ။

---

## အင်းဝအပ်ချုပ်ဆိုင်အိမ်အကူမိန်းကလေး မဆန်းကေခိုင်၏ လက်ဝဲလက်တံတောင်ဆစ်အား ဒီဇင်ဘာ နောက်ဆုံးပတ်တွင် ခွဲစိတ်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ညှဉ်းပန်းနှိပ်စက်ခံရသည့် အင်းဝအပ်ချုပ်ဆိုင် အိမ်အကူမိန်းကလေး မဆန်းကေခိုင်၏ လက်ဝဲလက်တံတောင်ဆစ်အား ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ခွဲစိတ်ကုသမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး လက်ပိုင်းဆိုင်ရာခွဲစိတ်မှုပညာဌာနမှ ပါမောက္ခ ဒေါက်တာခင်မောင်မြင့်က ကြေးမုံသို့ပြောသည်။

"ဒီဇင်ဘာ ၂၈ ရက် လောက်တော့ ခွဲဖြစ်မှာပါ။ ဘယ်ဘက်တံတောင်ဆစ်ခွဲစိတ်မှုက အကြီးဆုံးခွဲစိတ်မှုပဲ။ အဓိကသွေးကြောတွေ၊ အာရုံကြောတွေက အဲဒီနားမှာရှိနေတယ်။ မဆန်းကေခိုင်ရဲ့ လက်ဝဲလက်တံတောင်ဆစ်က ထိခိုက်ဒဏ်ရာရရှိထားတဲ့အတွက် ကွေးတဲ့ဆန့်တဲ့ အကြောထဲမှာ သွေးခဲထားပြီး ကျောက်တည်နေတာ၊ အဲဒီဟာက တံတောင်ဆစ်ရဲ့ ကြွက်သားကို ဆွဲထားတာ၊ တော်တော်ဆိုးတယ်။ အကြောတွေကိုခွဲရမှာ၊ အကြောတွေကို ခွဲပြီးတော့မှ တံတောင်ဆစ်က ကွေးနိုင်ဆန့်နိုင်မှာ၊ သွေးခဲသွားတော့ မကွေးနိုင် မဆန့်နိုင်ဘဲ အဆစ်ကို သွားထိခိုက်တာပါ" ဟု ပါမောက္ခ ဒေါက်တာခင်မောင်မြင့်က ပြောသည်။



ပထမအကြိမ် ညာလက်ချောင်းလေးများ ခွဲစိတ်မှုကို အောက်တိုဘာ ၅ ရက်တွင် ပြုလုပ်ခဲ့ပြီး သုံးပတ်ခန့်အကြာတွင် ဘယ်လက်ကို ဒုတိယအကြိမ်ခွဲစိတ်ခဲ့ကာ ယခုဝဲဘက်လက်တံတောင်ဆစ် ခွဲစိတ်မှုသည် သုံးကြိမ်မြောက်ခွဲစိတ်မှုဖြစ်ကြောင်း သိရသည်။

"ပထမညာဘက်လက်ကို ခွဲတယ်။ နောက်ဘယ်ဘက်လက်ကိုခွဲတယ်။ ညာလက်ကလည်း နာမယ်။ ဘယ်လက်ကလည်း နာမယ်။ တံတောင်ဆစ်ကလည်း နာမယ်ဆို မလုပ်ချင်တော့ဘူးဆိုတဲ့ စိတ်မျိုးဖြစ်လာမှာစိုးလို့ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ပြီးမှ သူ့စိတ်တွေရဲလာမှ အခုဘယ်ဘက်တံတောင်ဆစ်ကို ခွဲတာပါ" ဟု ပါမောက္ခ ဒေါက်တာခင်မောင်မြင့်က ဆက်ပြောသည်။

တံတောင်ဆစ် ခွဲစိတ်ကုသမှုပြီးသွားပါက ညှဉ်းပန်းနှိပ်စက်ခံရမှုကြောင့် ရရှိထားသည့် လက်မောင်း၊ လည်ပင်းစသည့် ခန္ဓာကိုယ်ပေါ်ရှိ ဒဏ်ရာ အမာရွတ်များကို ဆက်လက်ဖယ်ရှားကုသပေးသွားမည်ဖြစ်ပြီး ဒဏ်ရာအမာရွတ်များ ကုသ၍ပျောက်ကင်းသွားပါက မဆန်းကေခိုင်၏ဆန္ဒအရ အပ်ချုပ်ပညာသင်ယူနိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာနသို့ ပြန်လည် လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-သီသီမင်း**
**ဓာတ်ပုံ-မင်းသစ်**

# ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံစေတီတော် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အဆိုပါစေတီတော်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ ဩဝါဒကထာနာယူကြပြီး ဒုတိယကျိုက်ထီးဆောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နာဂဒီပက ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များ တင်လှူပူဇော်ရန် စီမံဆောင်ရွက်ထားမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းမိန့်ကြားတော်မူသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ ကုဏ္ဍိဗလက မုဒိတာစကားမြွက်ကြားတော်မူသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ပင်မအလှူတော်ဒါယကာ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာ သနာနုဂ္ဂဟအသင်း(ဗဟို)ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေက စေတီတော်များ တည်ထားကိုးကွယ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ကုန္ဒပါလ ရေးစပ်ပူဇော်အပ်သော စေတိယပူဇာဂါထာတော်များကို အခမ်းအနားမှူး ဦးစံသင်းလှိုင်က ဖတ်ကြားပူဇော်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အလှူရှင်မိသားစုများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား စိန်ဖူးတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဘုရားဒါယကာ၊ ဒါယိကာမများက ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို စေတီတော်မြတ်ကြီးအား လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်၍ ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံစေတီတော်နှင့်စေတီတော်ပတ်လည်ရှိ စေတီတော်များ၌ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များကို တင်လှူပူဇော်ကြကာ ဆရာတော်၊ သံဃာတော်များက စေတီတော်များနှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။ **(သတင်းစဉ်)**



ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ စိန်မေရီကာသီဒြယ်ဘုရားကျောင်းတွင် ခရစ္စမတ်နေ့အခမ်းအနား ကျင်းပနေစဉ်။

**❋ ခရစ်ယာန်မှ**

တာမွေမြို့နယ်မှ ဒေါ်သီတာက ပြောသည်။

ထို့အတူ ကျောက်တံတားမြို့နယ်ရှိ ဧမာနွေလ ဘုရားကျောင်းတွင်လည်း ခရစ္စမတ်နေ့တွင် ခရစ္စမတ်တေးသံသာများ၊ တရားဓမ္မရွတ်ဆိုသံများဖြင့် စည်ကားလျက်ရှိသည်။

"ခရစ်တော်မွေးနေ့ကိုကြိုဆိုပြီး လုပ်တယ်။ သီချင်းဆိုတယ်။ ဂုဏ်တော်တွေ ချီးမွမ်းတယ်။ ဒေသနာတော်တွေဟောတယ်။ ဝမ်းမြောက်ဖွယ် ဂုဏ်ပြုအစီအစဉ်တွေလုပ်တယ်။ ခရစ်ယာန်ဘာသာဝင်မှ မဟုတ်ဘူး။ ဘာသာပေါင်းစုံကလည်း ပါဝင်ကြတယ်။ ခရစ်တော်မွေးနေ့ကို ကြိုဆိုပြီး ဝမ်းသာကြတဲ့အတွက် အလွန်ဝမ်းသာပါတယ်"ဟု ဧမာနွေလ ဘုရားကျောင်း စီနီယာသင်းအုပ်ဆရာ Rev. Dr. Yaw Lah က ပြောသည်။

ခရစ္စမတ်နေ့တွင် ခရစ်ယာန်ဘုရားကျောင်းများတွင် ဓမ္မတေးသီချင်း သီဆိုခြင်း၊ ဝတ်ပြုဆုတောင်းခြင်းများအပြင် ခရစ်ယာန်ဘာသာဝင်တို့၏ နေအိမ်များတွင်လည်း အလှူအတန်းများ ပြုလုပ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး လက်ဆောင်ပေးခြင်းများကိုလည်း ပြုလုပ်ကြသည်။

ကလျာဏယုဝခရစ်ယာန်အသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာသာညဏ်က "ခရစ္စမတ်နေ့ ဘုရားရှင်မွေးနေ့မှာ ပျော်ကြတယ်။ အချင်းချင်း ချစ်ကြတယ်။ လက်ဆောင်တွေပေးကြတယ်။ လက်တွေ့အားဖြင့် တန်ဖိုးကြီးဖို့ မလိုဘူး။ မေတ္တာပါတဲ့ လက်ဆောင်ပေးကြတယ်"ဟု ပြောသည်။

ခရစ္စမတ်နေ့တွင် ဧမာနွေလ ဘုရားကျောင်း စီနီယာသင်းအုပ် ဆရာ Rev. Dr. Yaw Lah က "ခရစ္စမတ်မှာ မြန်မာပြည်ကြီး ငြိမ်းချမ်းခြင်း၊ ငြိမ်သက်ခြင်းရှိပါစေ။ တိုင်းပြည်အုပ်ချုပ်တဲ့ နိုင်ငံတော်သမ္မတမှအစ နိုင်ငံတော်အကြီးအကဲများ၊ တိုင်းသူပြည်သားများ ဘုရားသခင်ကောင်းချီးပေးပါစေ"ဟု ဆုတောင်းမေတ္တာစကားပြောသည်။

ထို့အပြင် မြန်မာနိုင်ငံခရစ်ယာန် မျက်မမြင်များ မိတ်သဟာယ ရန်ကုန်မျက်မမြင်ကျောင်းတွင်လည်း ခရစ္စမတ်နေ့အခမ်းအနားကိုပြုလုပ်ရာ နံနက်ပိုင်းတွင် ဝတ်ပြုကိုးကွယ်ခြင်းနှင့် ကျွေးမွေးဧည့်ခံခြင်းများကို ပြုလုပ်ခဲ့ပြီး ညပိုင်းတွင် ခရစ္စမတ် ချီးမွမ်းသီချင်းများဖြင့် သီဆိုဆုတောင်းမှုများပြုလုပ်ခဲ့ကြသည်။

"ဒီပွဲတော်ဟာဆိုရင် ဘုရားသခင်အနေနဲ့ ကမ္ဘာလောကက လူထုကြီးနဲ့တွေ့ဆုံတဲ့ပွဲပါ။ ဒီနေ့မှာဆိုရင် တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင် လက်ဆောင်တွေပေးကြတယ်။ ဒါကြောင့် မငြိမ်းချမ်းတဲ့နေရာတွေမှာ ရောက်နေတဲ့သူတွေကိုလည်း ဘုရားသခင် ကယ်မ သနားပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်"ဟု ကျေးဇူးတော်မြတ် နှစ်ခြင်းအသင်းတော် အသင်းအုပ်၊ မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ(မခမမ) အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရ ဆရာဦးသိန်းလွင်က ပြောသည်။

ထို့အတူ ရန်ကုန်မြို့၏ အထင်ကရ နေရာများတွင် ခရစ္စမတ်နေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ခဲ့ကြပြီး လာရောက်သူများအား အမှတ်တရ လက်ဆောင်များ ဝေငှခြင်း၊ ပရဟိတလူငယ်များက ခရစ္စမတ်နေ့ အထိမ်းအမှတ် ဦးထုပ်နှင့် ဝတ်စုံများကို ဝတ်ဆင်၍ လူစည်ကားသည့်နေရာများတွင် ကလေးငယ်များကို အစားအသောက်နှင့်မုန့်များ ဝေငှခြင်းများကိုလည်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်း- မင်းသစ်၊ဇော်ကြီး(ပဏိတ)**
**ဓာတ်ပုံ-ရဲထွန်း**

## သီတဂူစက္ခုဒါနဆေးရုံတော်ကြီး အောင်မြင်စွာဖွင့်လှစ်နိုင်ရေး ညှိနှိုင်းစည်းဝေး

**ညောင်လေးပင် ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ သီတဂူစက္ခုဒါနဆေးရုံတော်ကြီးအောင်မြင်စွာ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးပွဲကို ဒီဇင်ဘာ ၂၀ ရက်နံနက် ၉ နာရီခွဲက ပြွန်တန်ဆာမြို့ဇမ္ဗူအေးအင်းဝိုင်းတောရကျောင်း ဝိဇယရံသီ ဓမ္မဗိမာန်တော်၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယ ဇမ္ဗူအေးအင်းဝိုင်းတောရကျောင်းတိုက်ဆရာတော်က ငါးပါးသီလတရားချီးမြှင့်ပြီး သီတဂူစက္ခုဒါန ဆေးရုံတော်ကြီး အောင်မြင်စွာဖွင့်လှစ်နိုင်ရန်အတွက် စိတ်ပါလက်ပါ၊ တက်တက်ကြွကြွ၊ ပျော်ပျော်ရွှင်ရွှင် လုပ်အားပေးကြပါရန် ဩဝါဒစကား မိန့်ကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကက ဆေးရုံတော်ကြီးအောင်မြင်စွာ ဖွင့်လှစ်ကုသနိုင်ရေးအတွက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ကြမည့်အကြောင်း ရှင်းလင်းပြောကြားပြီး လုပ်ငန်းများ လစ်ဟာမှုမရှိစေရန်အတွက် ကျရာတာဝန်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်ပြောကြားသည်။ အဆိုပါ သီတဂူစက္ခုဒါနဆေးရုံတော်ကြီးကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

## မတူကွဲပြားသည့် ပန်းချီလက်ရာဟန်များကို မြင်တွေ့နိုင်မည့် မြတ်ဒါနအလှူပန်းချီပြပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ပန်းချီဆရာ ၂၄ ဦး၏ မတူကွဲပြားသည့် ပန်းချီလက်ရာဟန်များကို ပြသထားသည့် ရှင်သန်ခြင်း (၂)မြတ်ဒါနအလှူ ပန်းချီပြပွဲကို ဗိုလ်ချုပ်အောင်ဆန်းဈေးရှိ တော်ဝင်ပန်းချီပြခန်းအတွင်း၌ ပြုလုပ်ခဲ့သည်။

ပြခန်းအတွင်းတွင် ပန်းချီဆရာတစ်ဦးချင်းစီ၏ စိတ်ကူးစိတ်သန်းများကို မြင်တွေ့ခံစားနိုင်ပြီး အက်ခရီလစ်အရောင်များ၏ နက်နဲမှုကို ရေးချက်နှင့် ကောက်ကြောင်းများဖြင့် ပိုင်နိုင်စွာခြယ်သထားသည်ကို တွေ့ရှိနိုင်သည်။ မြန်မာ့ယဉ်ကျေးမှု သာသနိကအဆောက်အအုံပန်းချီကားများ၊ ရိုးရာဓလေ့သရုပ်ဖော် ပန်းချီကားများ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပုံတူပန်းချီကားများ၊ တိုင်းရင်းသားလူမျိုးများ၏ သရုပ်ဖော်ပန်းချီကားများ၊ ဇရာ၏ ပြယုဂ်ကို ဖော်ညွှန်းထားသည့် ပန်းချီလက်ရာများအပြင် ဖန်တီးမှုလက်ရာဆန်းများကို မြင်တွေ့နိုင်မည်ဖြစ်သည်။



ပြပွဲတွင် ဇရာ၏ပြယုဂ်ကို မျက်နှာပေါ်တွင်အရောင်များ၊ ကောက်ကြောင်းများဖြင့် ပေါ်လွင်အောင် ရည်ညွှန်းရေးသူ ပန်းချီဆရာ ဦးအောင်မင်းမင်း၏ လက်ရာကို မြင်တွေ့ရစဉ်

ပန်းချီကားအားလုံးသည် ၃၆၊ ၄၈ လက်မဆိုဒ် သို့မဟုတ် ၄၈၊ ၃၆ လက်မဆိုဒ် ပန်းချီကားများဖြစ်သည်။ ပန်းချီကားတစ်ကားလျှင် အမေရိကန်ဒေါ်လာ ၅၀၀ နှုန်းဖြင့် ဈေးလျှော့ရောင်းချမည်ဖြစ်ပြီး ရရှိငွေ၏ ၅၀ ရာခိုင်နှုန်းကိုလည်း ဆည်းဆာရိပ်ဂိလာန ဘိုးဘွားရိပ်သာသို့ လှူဒါန်းသွားမည်ဟု သိရသည်။

"သက်ကြီးရွယ်အိုရောက်လာတဲ့အခါ လူတစ်ယောက်ဟာ အိုခြင်း၊ နာခြင်း၊ သေခြင်းရဲ့ ဇရာချိန်ကို ရောက်လာပြီ။ အဲဒီအချိန်မှာ လူတွေဟာ ခိုကိုးရာမဲ့၊ အားကိုးရာမဲ့ ဖြစ်တတ်တယ်။ အခုလို လှူဒါန်းခြင်းက ဘိုးဘွားတွေအတွက် အထောက်အပံ့ရတဲ့အပြင် ဆရာတို့လည်း ကိုယ်တတ်တဲ့ ပညာကနေရရှိတဲ့ ချွေးနဲ့စာလေးကို လှူခွင့်ရလို့ မွန်မြတ်ပါတယ်"ဟု ပန်းချီဆရာ ဦးအောင်မင်းမင်းက ပြောသည်။

မြတ်ဒါနအလှူ ပန်းချီပြပွဲကို ဒီဇင်ဘာ ၂၀ ရက်မှ ၃၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ၁၀ ရက်ကြာပြသသွားမည်ရာ ပန်းချီအနုပညာကို စိတ်ဝင်စားသူမည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-မီချိုကိုဟန်**

# နာဂရိုးရာ နှစ်သစ်ကူးပွဲတော်

## မြင့်ထွေး(ဟိုတယ်/ခရီး)



ကျွန်တော့်ဝန်ထမ်းသက်တမ်းတစ်လျှောက် သွားခဲ့သော ခရီးစဉ်များစွာရှိခဲ့သည်။ သွားခဲ့သော ခရီးစဉ်များမှ အတွေ့အကြုံ ဗဟုသုတများစွာရရှိခဲ့ပြီး လျှောက်လှမ်းရာ ဘဝခရီးအတွက် သင်ယူစရာ၊ အတုယူစရာ၊ မှတ်သားစရာ၊ သင်ခန်းစာယူစရာ၊ ပြန်လည်အသုံးပြုစရာ၊ တစ်ဆင့် ပြန်လည်ဝေငှစရာ၊ အမှတ်ရစရာများ အနည်းဆုံးတစ်ခု ထက်မနည်းတော့ ကျန်ရှိခဲ့သည်။ ထိုကျန်ရှိမှုကပင် ခရီးစဉ်၏ အကျိုးကျေးဇူးများဖြစ်၍ ဆက်လက်သွားရောက်မည့်ခရီးစဉ်များကို ဝမ်းသာစွာလက်ခံမှုကို ဖြစ်စေသည်။

အချို့ခရီးစဉ်များသည် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ရသော ခရီးစဉ်များရှိပြီး အချို့ခရီးစဉ်များကား မမျှော်လင့်တဲ့ ပေါ်ပေါက်လာတတ်သော ခရီးစဉ်များလည်း ရှိပါသည်။ မည်သို့သော ခရီးစဉ်ဖြစ်စေ ခရီးစဉ်သွားရောက်ခြင်းအတွက် အမြင်သစ်၊ အာရုံသစ်၊ ခံစားမှုအသစ်များ ရရှိကာ၊ စိတ်နှုပျိုလန်းဆန်းမှုနှင့်အတူ ပွင့်လန်းသော အတွေးအမြင်များဖြင့် ရှေ့ဆက်ရမည့်လမ်းခရီးအတွက် အားအင်အသစ်ကို ဖြစ်စေပါသည်။

ကျွန်တော်သွားရောက်ခဲ့သော ခရီးစဉ်များတွင် ကချင်ပြည်နယ်မှသည် တနင်္သာရီတိုင်းဒေသကြီးဆီသို့လည်းကောင်း၊ ရှမ်းပြည်နယ်မှသည် ရခိုင်ပြည်နယ်ဆီသို့လည်းကောင်း၊ မူဆယ်၊ ကြူကုတ်မှသည် ဧရာဝတီတိုင်းဒေသကြီးဆီသို့လည်းကောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှသည် ကရင်ပြည်နယ်၊ မွန်ပြည်နယ်ဆီသို့ လည်းကောင်း ဒေသအနှံ့အပြားသို့ တာဝန်ဖြင့် ရောက်ရှိခဲ့သည်။

ကျွန်တော်သွားရောက်ခဲ့သော ခရီးစဉ်များအနက် နှစ်စဉ် ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပလေ့ရှိသည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်နှင့် တိုက်ဆိုင်နေ၍ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် သွားရောက်ခဲ့သော နာဂဒေသခရီးစဉ်အကြောင်းကို တင်ဆက်လိုပါသည်။ နာဂရိုးရာနှစ်သစ်ကူးပွဲတော်အား ၂၀၀၆ ခုနှစ်မှစ၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့များတွင် နှစ်စဉ်အလှည့်ကျကျင်းပခဲ့ပြီး ကျင်းပရာမြို့များတွင် နာဂဒေသအသီးသီးရှိ နာဂမျိုးနွယ်စုများမှ ပွဲတော်သို့ လာရောက်ဆုံတွေ့ကာ ပျော်ရွှင်စွာစုပေါင်းဆင်နွှဲကြပါသည်။ အဆိုပါပွဲတော်သို့လာရောက်လေ့လာကြမည့် နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအား ကြိုဆိုပို့ဆောင်ရေး၊ တည်းခိုနေထိုင်စားသောက်ရေး၊ လည်ပတ်လေ့လာရေးကိစ္စများကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် Exclusive Tour Operator အဖြစ် ဆောင်ရွက်ခဲ့သော Diamond Palace Travel & Tour Co.,Ltd သည် ၂၀၀၃ ခုနှစ်မှစ၍ ၂၀၁၆ ခုနှစ်အထိဆိုလျှင် (၁၄)ကြိမ်တိုင်ရှိပြီးဖြစ်ပါသည်။

နာဂရိုးရာ နှစ်သစ်ကူးခရီးစဉ်ပွဲတော်သို့မသွားမီ ခရီးစဉ်တစ်ခုရှိသေးသည်။ အဆိုပါခရီးစဉ်မှာ မော်တင်စွန်း၊ ဟိုင်းကြီးကျွန်း၊ လိပ်ကျွန်းခရီးစဉ် ဖြစ်ပါသည်။ အဆိုပါခရီးစဉ်အတွေ့အကြုံများကို အခွင့်ကြုံလျှင် တင်ပြပါဦးမည်။ မော်တင်စွန်းတွင် ရက် ၂၀ ခန့် အထူးတာဝန် တစ်ရက်ကို ထိုစဉ်က ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဌေးဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သူဦးတို့နှင့်အတူ ထမ်းဆောင်နေစဉ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ သွားရောက်ရန် ကျွန်တော့်အား တာဝန်ပေးလာ၍ မော်တင်စွန်းမှသည် နာဂပွဲတော် ကျင်းပရာ လေရှီးမြို့သို့ သွားရောက်ရန်အတွက် လိုအပ်သော အနွေးထည်၊ ခေါင်းစွပ်၊ လက်အိတ်၊ ပဝါများကို နေပြည်တော်အိမ်တွင် ဝင်ရောက်ယူဆောင်ပါသည်။

ကျွန်တော်၏ ယခုခရီးစဉ်မှာ မော်တင်စွန်းမှ ပုသိမ်၊ ရန်ကုန်၊ နေပြည်တော်သို့ ကားဖြင့် လည်းကောင်း၊ နေပြည်တော်မှ မန္တလေးသို့ကားဖြင့်လည်းကောင်း၊ မန္တလေးမှ ဟုမ္မလင်းမြို့သို့ လေယာဉ်ဖြင့် လည်းကောင်း၊ ဟုမ္မလင်းမှ ထမံသီသို့ ချင်းတွင်းမြစ်အား စက်လှေဖြင့် ဆန်တက်၍ လည်းကောင်း၊ ထမံသီမှ လေရှီးသို့ 4x4 Wheel ကားဖြင့် လည်းကောင်း၊ ကားတစ်တန်၊ လေယာဉ်တစ်တန်၊ စက်လှေတစ်တန် အဆင့်ဆင့်ကျော်ဖြတ်သွားရမည့် ခရီးရှည်တစ်ခုဖြစ်ပါသည်။

ဤသို့လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် ခရီးစဉ်ကို ဖော်ဆောင်ရင်း နာဂတိုင်းရင်းသားများ၏ ရိုးရာနှစ်သစ်ကူးပွဲတော်အား နိုင်ငံတကာမှ သိရှိစေရန်ဆောင်ရွက်နေသော Diamond Palace Travel & Tour Co.,Ltd. ပိုင်ရှင် ဦးသိန်းသန်းကိုလည်း ချီးကျူးမိသည်။ MD ဦးမောင်နီ၏ ရှင်းလင်းပြောကြားချက်များအရ အရောက်အပေါက် နည်းပါးသော နာဂတိုင်းရင်းသားမျိုးနွယ်စုတို့၏ ရိုးရာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများကို နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များနှင့် မိမိတို့နိုင်ငံသားများ သိရှိနားလည်စေရန်၊ ပြည်တွင်းပြည်ပဧည့်သည်တော်များ လမ်းခရီးတစ်လျှောက်၌ သွားလာမှုလုံခြုံချောမွေ့စေရန်နှင့် စိတ်ချမ်းမြေ့စွာ နေထိုင်စားသောက်နိုင်စေရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအကြီးအကဲများ၊ နာဂမျိုးနွယ်စုအကြီးအကဲများနှင့် တိုင်ပင်ကာ စီမံခန့်ခွဲရေးနှင့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ ကြိုဆိုနေရာချထားရေးအဖွဲ့၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးအဖွဲ့၊ အစားအစာချက်ပြုတ်ရေးအဖွဲ့၊ ကျွေးမွေးဧည့်ခံရေးအဖွဲ့၊ ရေမီး၊ မိလ္လာနှင့် အဆောက်အအုံဆောက်လုပ်ရေးအဖွဲ့၊ ဈေးကွက်ရှာဖွေရေးနှင့် မှတ်တမ်းတင်ရေးအဖွဲ့များ ဖွဲ့စည်းပြီး ကြိုတင်စီစဉ်ဆောင်ရွက်ထားကြောင်း၊ ခရီးစဉ်အတွက် ရှေ့ပြေးအဖွဲ့များ ကြိုတင်စေလွှတ်ကာ ခရီးစဉ်လမ်းကြောင်း Survey ဆင်း၍ လေယာဉ်ခရီးစဉ် ကြာချိန်၊ ရေလမ်းကြောင်းစက်လှေခရီးစဉ် ကြာမြင့်ချိန်၊ မော်တော်ယာဉ်တန်းဖြင့် သွားရောက်ရာတွင် ကြာမြင့်ချိန်များကို စီမံခန့်ခွဲကာ စားသောက်ချိန်၊ ရပ်နားချိန်များကို သတ်မှတ်ထားကြောင်း သိရှိရပါသည်။

ကျွန်တော် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည် ၁၀ ဦးနှင့် ဧည့်လမ်းညွှန်သုံးဦးအဖွဲ့သည် မန္တလေးမြို့သို့ ၁၁. ၁. ၂၀၁၅ ရက်နေ့တွင် ညအိပ်ကြိုတင်ရောက်ရှိစောင့်ဆိုင်းပြီး ၁၂. ၁. ၂၀၁၅ ရက်နေ့တွင် ရန်ကုန်မှ Air KBZ Charter Flight ဖြင့် လိုက်ပါလာသည့် ကမ္ဘာလှည့်ခရီးသည် ခုနစ်ဦး၊ ပြည်တွင်းဧည့်သည် ငါးဦးပါဝင်သည့်အဖွဲ့နှင့်ပူးပေါင်းကာ မန္တလေးမြို့မှ ဟုမ္မလင်းမြို့သို့ ထွက်ခွာလာခဲ့ရာ ဟုမ္မလင်းလေဆိပ်သို့ နံနက် ၁၀ နာရီ ၅ မိနစ်ရောက်ရှိချိန်တွင် Diamond Palace Travel & Tour Co.,Ltd. ၏ MD ဦးမောင်နီက ကြိုဆိုနှုတ်ဆက်ပါသည်။ ထို့နောက် ထိုအဖွဲ့အား ဟုမ္မလင်းဆိပ်ကမ်းသို့ မော်တော်ယာဉ်များဖြင့် ပြောင်းရွှေ့ကာ အသင့်စီစဉ်ထားသော စက်တပ်လှေတစ်စင်းဖြင့် ချင်းတွင်းမြစ်ကြောင်းကို ဆန်တက်ကာ ဆက်လက်ထွက်လာခဲ့ပါသည်။



၂၀၁၅ ခုနှစ်က နာဂရိုးရာပွဲဆင်နွှဲနေမှုမြင်ကွင်း

ကျွန်တော်တို့အဖွဲ့တွင်ပါရှိလာသော ကမ္ဘာလှည့်ခရီးသည်များတွင် အမေရိကန်၊ ဒတ်ချ်၊ ဆွစ်ဇာလန်၊ ဩစတြေးလျ၊ နယ်သာလန်၊ ဂျပန်နိုင်ငံသားများနှင့် ပြည်တွင်းဧည့်သည်များ ပါရှိလာပြီး တစ်ခါမျှမရောက်ဖူးကြသေးသောခရီးသည်များဖြစ်၍ ဟုမ္မလင်းမြို့ ချင်းတွင်းမြစ်ဆိပ်ကမ်းသို့ ရောက်ရှိသည်နှင့် ဒေသခံများ၏ လူမှုနေထိုင်မှုပုံစံများကိုလည်းကောင်း၊ ချင်းတွင်းမြစ်တစ်လျှောက် ဆန်တက်ရာတွင် တွေ့မြင်ရသော တောတောင်ရှုခင်းများ၊ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် စုန်ဆန်သွားလာနေကြသော ဝါးဖောင်များ၊ စက်လှေများ၊ သဲသောင်တွင် ရွှေ့လျားတည်ဆောက်ထားသော တဲများ၊ လူများ၊ တိရစ္ဆာန်များကိုလည်းကောင်း အဆက်မပြတ် အလုအယက်ရိုက်ကူးမှတ်တမ်းတင်ရင်း ပျော်ရွှင်ကြည်နူးနေကြသည်ကို မြင်တွေ့ရသဖြင့် သူတို့၏အပျော်၊ ကြည်နူးမှုများပါ ကျွန်တော့်ရင်သို့ ကူးစက်ဝင်ရောက်လာခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ထင်ရှားသော မြစ်ကြီးလေးစင်းရှိရာ ကျွန်တော်သည် ဧရာဝတီမြစ်ကြီးပေါ်တွင် မန္တလေးမြို့မှသည် မြစ်ကြီးနားမြို့အထိ မော်တော်ယာဉ်ဖြင့် ဆန်တက်ခဲ့ဖူးပြီး သံလွင်မြစ်ကြီးပေါ်တွင်လည်း ဖြတ်သန်းခဲ့ဖူးသည်။ ယခု ချင်းတွင်းမြစ်ပေါ်တွင် စက်လှေဖြင့် မြစ်ကြောင်းတစ်လျှောက်စီးဆင်းခြင်းသည် ပထမဆုံးအကြိမ်ဖြစ်၍ ရှုခင်းများကို မလွတ်တမ်း ငေးမောကြည့်ရှုရင်း မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးဖြစ်သည်။ ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ ဒေသခံတို့သည် လည်းကောင်း၊ အထက်အညာအောက်အခြေရှိ ပြည်သူတို့သည် လည်းကောင်း ချင်းတွင်းမြစ်ကြီးကို အားကိုးအားထားပြု၍ အသက်မွေးဝမ်းကျောင်းပြုနေကြရသဖြင့် ချင်းတွင်းမြစ်၏ ဂုဏ်ဒြပ်သည်လည်း ကြီးမားကျယ်ပြန့်ထင်ရှားလှသည်။

ချင်းတွင်းအထက်ပိုင်းသို့ တဖြည်းဖြည်းဆန်တက်ရောက်ရှိလာသဖြင့် အေးမြသောလေမှာ စက်လှေ၏အရှိန်နှင့် အပေါ်အင်္ကျီကို ထိုးဖောက်ကာ ခန္ဓာကိုယ်အထိ တိုးဝင်လျက်ရှိနေသည်။ ကောင်းကင်တွင် တိမ်တောင်များ ကင်းစင်၍နေရောင်ကျရောက်မှုကြောင့် ကြည်လင်သာယာလှပနေသဖြင့် ကျယ်ပြန့်သော ချင်းတွင်းမြစ်ကြောင်း၏ မျက်စိတစ်ဆုံးမြင်ရသည့်မြင်ကွင်းတွင် ထိပ်ဖျားချွန်၍ ဖြူဖွေးနေသော တောင်တစ်လုံးကိုတွေ့ရစဉ် စက်လှေမောင်းအား မေးကြည့်ရာ စာရာမေတိတောင်ဖြစ်ကြောင်း၊ တောင်ထိပ်တွင် နှင်းခဲနေတာဖြစ်ကြောင်း၊ သူ့စက်လှေမောင်း(၁၅)နှစ် သက်တမ်းတစ်လျှောက် ဒီလိုရှုခင်းမျိုး ဒီတစ်ခါပဲတွေ့ဖူးသေးကြောင်း၊ ရာသီဥတုသာယာ၍ ယခုလို တွေ့မြင်ရခြင်းဖြစ်ကြောင်းပြောပြသဖြင့် ကျွန်တော်တို့အဖွဲ့သားများအားလုံး အံ့ဩဝမ်းသာစွာဖြင့် အချင်းချင်း အသိပေးကာ ကြုံတောင့်ကြုံခဲရှုခင်းအား မျက်တောင်မခတ်ကြည့်ရှုရင်း ချင်းတွင်းမြစ်ပြင်ကျယ်ကို ဗဟိုပြုလျက် လှပသည့် အဝေးမှ စာရာမေတိတောင်အား ဓာတ်ပုံ၊ ဗီဒီယိုများဖြင့် ရိုက်ကူးမှတ်တမ်းတင်ကြပါသည်။

ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ခြောက်နာရီခန့် ဆန်တက်ခုတ်မောင်းပြီး နောက်ထမံသီ ဆိပ်ကမ်းသို့ ညနေ ၃ နာရီခန့်တွင် ရောက်ရှိပါသည်။ ထမံသီဆိပ်ကမ်းသည် ကွန်ကရစ်လှေကားများ ပြုလုပ်ထားသဖြင့် လှေဆိပ်မှ ကုန်းပေါ်သို့တက်ရောက်ရန် အဆင်ပြေလွယ်ကူသော်လည်း မတ်စောက်လှသဖြင့် အတော်သတိထားတက်ကြရသည်။ ငယ်စဉ်က လူမှ ကျားဖြစ်၊ ကျားမှ လူဖြစ်သည့် ဒဏ္ဍာရီဆန်ဆန်၊ ပုံပြင်ဆန်ဆန်နာမည်ကြီးလှသော ထမံသီသို့ ရောက်ရှိခြင်းကြောင့် ကမ်းနဖူးထိပ်ရှိ ထမံသီမြို့မှ ကြိုဆိုပါသည်ဆိုသော ဆိုင်းဘုတ်ကြီးအား နောက်ခံထား၍ ကျွန်တော်တို့တွေ အမှတ်တရ ဓာတ်ပုံရိုက်ကူးကြပြန်သည်။

ထမံသီဆိပ်ကမ်း ကမ်းနဖူးတွင် လေရှီးမြို့သို့ ခရီးကြမ်းသွားရောက်ရန်အတွက် ကုမ္ပဏီမှ 4x4 Wheel မော်တော်ယာဉ် ၁၀ စီးကို နံပါတ်စဉ်များတပ်၍ နံပါတ်စဉ်အလိုက် စီးနင်းရမည့်သူများကို စီစဉ်ချိန်နှင့် ယာဉ်တန်းပုံစံဖြစ်ရန် အချိန်အနည်းငယ်ပေးကြရသည်။ ပစ္စည်းသယ်ယူသည့် ကားမှာ သီးသန့်ဖြစ်၍ ပစ္စည်းများစုံရန်လည်း စိစစ်ရသည်။ စနစ်တကျစီစဉ်ထားရှိသော စီမံခန့်ခွဲမှုဟု သုံးသပ်မိသည်။

ကျွန်တော်တို့အဖွဲ့ ထမံသီမှစတင်ထွက်ခွာတော့ ညနေ ၅ နာရီခွဲဖြစ်သည်။ ယာဉ်များမှာ ဒေသယာဉ်များဖြစ်ပြီး ယာဉ်မောင်းများမှာလည်း ဒေသယာဉ်မောင်းများဖြစ်၍ ကျွမ်းကျင်စွာမောင်းနှင်နိုင်ကြသဖြင့် စိတ်ချလက်ချစီးနင်းကာ ပတ်ဝန်းကျင်အလှအပများကို ငေးမောကြည့်ရှုကာ လိုက်ပါခဲ့ကြပါသည်။ ထမံသီနှင့် လေရှီးမြို့မှာ ၄၁ မိုင်သာဝေးသော်လည်း တောင်တက်တောင်ဆင်းများခြင်း၊ အကွေ့အကောက်များခြင်းကြောင့် သုံးနာရီခန့် မောင်းနှင်ခဲ့ရသည်။ လမ်းတစ်လျှောက် အချို့နေရာများတွင် ကတ္တရာလမ်း၊ အချို့နေရာများတွင် မြေသားလမ်းများဖြစ်ပြီး လမ်းသစ်တိုးချဲ့ဖောက်လုပ်နေမှုကို တွေ့ရှိခဲ့ရသဖြင့်၊ နယ်စွန်နယ်ဖျားအထိ ဒေသဖွံ့ဖြိုးရေးအတွက် အလေးထားဆောင်ရွက်ပေးနေမှုကိုလည်းကောင်း၊ ခရီးသွားလုပ်ငန်းအတွက် အထောက်အပံ့တစ်ခုအဖြစ်လည်းကောင်း နိုင်ငံတော်အစိုးရအပေါ် ကျေးဇူးတင်မိသည်။ ကုမ္ပဏီ၏ MD ဖြစ်သူ ဦးမောင်နီကလည်း ယာဉ်တန်းဖြင့် သွားရောက်နေစဉ်မှာပင် လှပသော စာရာမေတိတောင်အား မြင်ရသည့်နေရာသို့ ရောက်ရှိလျှင် ကားရပ်ပြီး ရှင်းလင်းပြောပြပေးခြင်းကြောင့် ကမ္ဘာလှည့်ခရီးသည်များ၏ ကျေနပ်ပီတိဖြစ်ကာ ဓာတ်ပုံများရိုက်ကြပြန်သည်။

ကြံ့ခိုင်မှုကောင်းမွန်သော 4x4 Wheel ကားများ၏ ပြင်းပြင်းသော့သော့မောင်းနှင်မှုကြောင့် ပေ ၄၀၀၀ ကျော်သို့ တဖြည်းဖြည်းရောက်ရှိလာပြီး သစ်တောများအတွင်းသို့ ဖြတ်သန်းရောက်ရှိလာသည့်အတွက် အအေးချိန်က ပိုကဲလာသည်။ အနွေးထည်၊ ခေါင်းစွပ်များ ကိုယ်စီအသုံးပြုနေကြပြီကို တွေ့ရှိရသည်။ တောင်ပေါ်ဒေသဖြစ်၍ အမှောင်ဘက်ကို စောစွာရောက်ရှိလာသည်။ လေရှီးမြို့၏ မှိန်ပြပြမီးရောင်ကို တွေ့ရခြင်းကြောင့် မဝေးတော့ဟု ထင်ရသော်လည်း တောင်များကိုပတ်၊ လျှိုများကို ရစ်ခွေမောင်းနှင်နေရခြင်းကြောင့် လေရှီးမြို့သို့ တော်တော်နှင့် မရောက်နိုင်သည့်အပြင် အမှောင်ပိုကဲလာ၍ ကားမီးကြီးများဖွင့်ပြီး သတိနှင့် မောင်းနေကြရသည်။

**ဆက်လက်ဖော်ပြပါမည်။**

# နယ်မြေရှင်းလင်းရေး၊ လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများအား KIA/TNLA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မူဆယ်မြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်စဉ် ဒီဇင်ဘာ ၂၃ ရက် ညနေ ၄ နာရီ မိနစ် ၅၀ ခန့်တွင် မုံးပေါ်ကျေးရွာ၏အနောက်မြောက်ဘက် မီတာ ၅၀၀၀ ခန့်အကွာအရောက်၌ KIA/ TNLA လက်နက်ကိုင်ပူးပေါင်းအဖွဲ့အင်အား ၆၀ ခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ညနေ ၆ နာရီခန့်တွင် လက်နက်ကိုင်များ အရှေ့တောင်ဘက်သို့ ဆုတ်ခွာသွားခဲ့သည်။

ည ၁၀ နာရီခန့်တွင်လည်း KIA လက်နက်ကိုင်အင်အား ၁၀ ဦးခန့်က ကွတ်ခိုင်မြို့အဝင် အော်ရီယန်တယ်တိုးဂိတ်အနီးသို့ ကားလမ်း၏အနောက်ဘက်ခြမ်းနေရာမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လမ်းကြောင်းလုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ည ၁၀ နာရီ ၁၀ မိနစ်ခန့်တွင် လက်နက်ကိုင်များ အနောက်ဘက်သို့ဆုတ်ခွာသွားခဲ့သည်။

အလားတူ ယနေ့နံနက် ၇ နာရီခန့်တွင်လည်း မူဆယ်မြို့နယ်အတွင်း နယ်မြေရှင်းလင်းရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းသည် မုံးပေါ်ကျေးရွာ၏အနောက်ဘက် မီတာ ၇၀၀၀ ခန့်အကွာအရောက်၌ လက်နက်ကိုင် အင်အားတချို့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် လက်နက်ကိုင်များ အနောက်ဘက်သို့ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်များတွင် စစ်သည်တချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လက်နက်ကိုင်များထံမှ ၇ ဒသမ ၆၂ ကျည် ငါးတောင့်၊ ကျောပိုးအိတ်တစ်လုံး၊ ပြောက်ကျားယူနီဖောင်းဘက်မပါ တစ်စုံနှင့် ဆန်စလွယ်တစ်ခုတို့ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့်နေရာများနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းစဉ် မိုင်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မုံးကိုးမြို့အနီးဝန်းကျင်အား တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ယနေ့ မွန်းလွဲ ၃ နာရီခွဲခန့်တွင် မုံးကိုးမြို့ ဖောင်းဆိုင်ကျေးရွာ၏အနောက်မြောက်ဘက် မီတာ ၁၅၀၀ ခန့်ရှိ ကြံတောအတွင်း လက်နက်ကိုင်အဖွဲ့များကျန်ရစ်ခဲ့သည့် ရှေ့ထွက်မိုင်း တစ်လုံး၊ နင်းမိုင်း တစ်လုံး၊ အမ် ၂၂ ကျည်အိမ် နှစ်ခု၊ ကျည် ၁၃၁ တောင့်၊ အီနာဂါဖုံးသီး တစ်လုံး၊ KIA ဦးထုပ် သုံးလုံးနှင့် MNDAA ယူနီဖောင်း နှစ်စုံတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယနေ့ နံနက်ပိုင်းကလည်း တပ်မတော်စစ်ကြောင်းက လမ်းလုံခြုံရေးဆောင်ရွက်စဉ် မူဆယ်မြို့နယ် နမ့်တောင်းကျေးရွာ အနောက်မြောက်ဘက် မီတာ ၁၅၀၀ ခန့်အနီးချောင်းခြောက်အတွင်းမှ ပီနံအိတ်နှစ်လုံးတွေ့ရှိသဖြင့် ရှင်းလင်းခဲ့ရာ အိတ်များအတွင်းမှ ဒေသန္တရလက်လုပ်မိုင်း ၁၀ လုံးကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါမိုင်းနှင့်ဆက်စပ်ပစ္စည်းများတွေ့ရှိသည့် နေရာများနှင့်ပတ်ဝန်းကျင်တစ်ဝိုက်ကို တပ်မတော်စစ်ကြောင်းများက စနစ်တကျ နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကော့သောင်းမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း ထိုင်းငါးခိုးလှေတစ်စင်းနှင့်အတူ ထိုင်းနိုင်ငံသား တစ်ဦး၊ မြန်မာနိုင်ငံသား လေးဦး ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ မြန်မာ့ပင်လယ်ပြင်အတွင်း ပင်လယ်ပြင်လုံခြုံရေး ဆောင်ရွက်လျက်ရှိသော တပ်မတော်(ရေ)မှ စစ်ရေယာဉ်တစ်စင်းသည် ဒီဇင်ဘာ ၂၃ ရက် နံနက် ၈နာရီ ၃၅ မိနစ်ခန့်တွင် ကော့သောင်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၃၆ မိုင်ခန့်အကွာ မြန်မာ့ရေပိုင်နက်အတွင်း ခုတ်မောင်းလာသော မသင်္ကာဖွယ်ရာ လှေတစ်စင်းတွေ့ရှိသဖြင့် စစ်ဆေးရန် အချက်ပြ ခေါ်ယူသော်လည်း မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ နံနက် ၉ နာရီခွဲခန့်တွင် အဆိုပါလှေကို ဖမ်းဆီးရမိခဲ့သည်။

လှေပေါ်တွင် ထိုင်းနိုင်ငံသား တစ်ဦး၊ မြန်မာနိုင်ငံသား လေးဦးပါရှိပြီး စိစစ်မေးမြန်းချက်အရ လှေပိုင်ရှင်မှာ ထိုင်းနိုင်ငံ ရနောင်းမြို့နေ MISS KRUAWAN ဆိုသူဖြစ်ပြီး ဒီဇင်ဘာ ၂၁ ရက်တွင် ရနောင်းဆိပ်ကမ်းမှ ထွက်ခွာ၍ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ ရေပိုင်နက်အကြား ပင်လယ်ပြင်တွင် ငါးဖမ်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း၊ ဒီဇင်ဘာ ၂၃ ရက်တွင် မြန်မာ့ရေပိုင်နက်အတွင်း တရားမဝင် ငါးခိုးဖမ်းစဉ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ ငါးဦးအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အဝါရောင်လိပ်ပြာ ထိတွေ့သူတိုင်း အသားများယားယံ

**နတ်တလင်း ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် နေရာအတော်များများ၌ ဒီဇင်ဘာလ ဆန်းပိုင်းမှစပြီး အဝါရောင်လိပ်ပြာများ ပေါများလာ၍ အသားယားဝေဒနာများ ဖြစ်ပေါ်နေသည်ကို တွေ့ရသည်။

ပွတ်စုကျေးရွာ ကျန်းမာရေးဌာန ကျန်းမာရေးမှူး ဦးသိဏ်းလှိုင်က “အခုတလော ဆေးခန်းမှာ ယားယံလို့၊ အသက်ရှူခက်လို့ လာပြတဲ့လူနာတွေ ထူးထူးခြားခြား ရှိလာပါတယ်။ မေးမြန်းကြည့်တော့ Main Source အနေနဲ့ လိပ်ပြာဝါလေးတွေ ပေါလာပြီး ထိတွေ့မိတဲ့အတွက် ဖြစ်တာလို့ပြောနေကြတာများတယ်။ အဲဒီလိပ်ပြာလေးတွေရဲ့ အမွေးလေးတွေက လိပ်ပြာမှထွက်လာတဲ့ အရည်လေးတွေနဲ့ လူ့ခန္ဓာကိုယ်နဲ့ ဓာတ်မတည့်တာပါ။

ဒါကြောင့် ခန္ဓာကိုယ် ယားယံလာမယ်။ ယားလို့ကုတ်တော့ အပိမ့်တွေထွက်မယ်။ တစ်ခါတစ်ရံ ရင်ကျပ်လာမယ်။ ရင်တုန်မယ်။ မျက်နှာထူအန်းလာမယ်။ နှုတ်ခမ်းတွေ ထော်လာမယ်။ လက်တွေ ရောင်ရမ်းလာမယ်။ အခြားဓာတ်မတည့်တာတွေနဲ့လည်း ရောနေနိုင်တယ်။ ခန္ဓာကိုယ်ထဲမှာရှိတဲ့ သန်ကောင်တွေကြောင့်လည်း ဖြစ်နိုင်တယ်။ ဘာကြောင့်ပဲဖြစ်ဖြစ် ဒီလိုလက္ခဏာတွေ ဖြစ်ပေါ်လာခဲ့သော် ကျွမ်းကျင်တဲ့ ဆရာ ဆရာမတွေကို ပြသပြီး ကုသတာကတော့ မမှားဘူးလို့ထင်ပါတယ်။

အခုရက်ပိုင်းအတွင်းမှာလည်း လိပ်ပြာဝါတွေ ထူးခြားစွာများပြားလာတယ်။ အကောင်ပေါက်တွေများလာတယ်။



လိပ်ပြာနားတဲ့နေရာ၊ လိပ်ပြာနဲ့ ထိတွေ့မိတဲ့သူတွေ ယားယံကြတာကို History အရ သိရတယ်။ တချို့နေရာဒေသတွေမှာ အသား ယားလို့ ကိုယ့်နည်းကိုယ့်ဟန် ကြားဖူးနားဝရှိတာတွေနဲ့ လုပ်ဆောင်ကြတာတွေရှိတယ်။

ဥပမာ သနပ်ခါးလိမ်းတာ၊ ကျောက်ချဉ်သွေးလူးတာ၊ ယားယံနေတဲ့နေရာကို မီးကင်ပေးတာ စတဲ့ ဆေးမြီးတိုတွေနဲ့ ကုစားနေကြတာလည်း ကြားသိရတယ်။ ဒီလိုလုပ်ဆောင်နေတာတွေ ကိစ္စမရှိသော်လည်း ယားယံလို့ မိမိသဘောနဲ့ ဆေးဆိုင်မှာ ဆေးဝယ်သောက်တာတွေ မလုပ်သင့်ပါဘူး။ မဖြစ်သင့်တာတွေဖြစ်ပြီး အခြေအနေပိုဆိုးသွားမှာ စိုးရိမ်ရလို့ပါ။ ဒါကြောင့် ဖြစ်ပေါ်လာခဲ့ရင် ကလေး၊ လူကြီး အားလုံး နီးစပ်ရာ ဆေးရုံ၊ ဆေးပေးခန်းကို သွားရောက်ပြီး ကျန်းမာရေး ဆရာ ဆရာမတွေနဲ့ ပြသကြပါ”ဟု အကြံပေးတိုက်တွန်းပြောပြသည်။

**(ဝ၇၁)**

# လှိုင်မြစ်အတွင်း စက်လှေတစ်စင်းပေါ်မှ မသင်္ကာသူသုံးဦးကို အမှုဖွင့်အရေးယူပြီး ခိုးမှု ခုနစ်မှု ထပ်မံဖော်ထုတ်နိုင်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၃ ရက် နံနက် ၂ နာရီ ၁၅ မိနစ်ခန့်တွင် သက်သေများနှင့်အတူ လှိုင်မြစ်ကမ်းတစ်လျှောက်ခိုးမှု၊ လုယက်မှု ကျူးလွန်သူများ ဖမ်းဆီးရမိရေးဆောင်ရွက်နေစဉ် အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက် လှိုင်မြစ်ကမ်းဘေးရှိ အအေးခန်းစက်ရုံတစ်ရုံ၏ ဆိပ်ခံတံတားအနီးတွင် မောင်းနှင်လာသော စက်တပ်လှေတစ်စင်းပေါ်တွင် မသင်္ကာတွေ့ရှိသူများထံမှ ဓားမြောင်တစ်ချောင်းကိုတွေ့ရှိသဖြင့် အင်းစိန်မြို့မရဲစခန်း (ပ)၂၆၅၅/၂၀၁၆၊ လက်နက် အက်ဥပဒေပုဒ်မ ၁၉( င)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပြီး သက်ဦး(ခ) သက်နိုင်ဦးပါသုံးဦးတို့အား အင်းစိန်မြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၃၇၉/ ၅၄ ဖြင့် ထပ်မံအမှု ဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

အမှုမှဖမ်းဆီးရမိသူများအားစစ်ဆေးခဲ့ရာ သက်ဦး(ခ) သက်နိုင်ဦးသည် ၂၀၁၆ ခုနှစ် မေ၊ စက်တင်ဘာနှင့် နိုဝင်ဘာလများအတွင်း ညပိုင်းအချိန်များတွင် အင်းစိန်မြို့နယ် လှိုင်မြစ်ကမ်း ဖော့ကန်သံမဏိစက်ရုံဆိပ်ကမ်းအနီးတွင် ရပ်ထားသော ဆိုင်ကယ်တစ်စီး၊ အင်းစိန်မြို့နယ် အောင်ဇေယျတံတားအောက်ဘက်ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုမှ သစ်ချောင်းငါးချောင်း၊ အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက်ရှိ နေအိမ်တိုက်ခန်းအတွင်းမှ လက်ကိုင်ဖုန်းလေးလုံး၊ လှိုင်သာယာမြို့နယ် အောင်ဇေယျတံတားအနီးရှိ ဆောက်လက်စ အဆောက်အအုံအတွင်းမှ လက်ကိုင်ဖုန်းခြောက်လုံး၊ မရမ်းကုန်းမြို့နယ် လှိုင်မြစ်ကမ်း ဘုရင့်နောင်ပွဲရုံဘက်ခြမ်းတွင် ရပ်ထားသော သင်္ဘောတစ်စင်းပေါ်မှ လက်ကိုင်ဖုန်းငါးလုံးတို့ကို လည်းကောင်း၊ သက်ဦး(ခ) သက်နိုင်ဦးနှင့် ညိုဝင်း(ခ) ကိုဖြိုးတို့နှစ်ဦးသည် စက်တင်ဘာလအတွင်းက အင်းစိန်မြို့နယ် လှိုင်မြစ်ကမ်းရှိ ကြွေထည် မြေထည်ဆိပ်ကမ်းမှ သစ်သားချောင်းကိုးချောင်းတို့ကိုလည်းကောင်း၊ ငွေခိုင်(ခ) ချစ်ကိုသည် ဒီဇင်ဘာလအတွင်း တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်လမ်း ဘုန်းကြီးကျောင်းအနီးတွင်ရပ်ထားသော ဆိုင်ကယ်တစ်စီးကိုလည်းကောင်း အသီးသီး ခိုးယူရောင်းချထားကြောင်း ပေါ်ပေါက်ခဲ့သည်။ **(သတင်းစဉ်)**

# လောက်ကိုင်မြို့အတွင်း မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လောက်ကိုင်မြို့နယ် ရှင်ဖျင်ကိုင်းကျေးရွာတွင် ယမန်နေ့က မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လောက်ကိုင်မြို့ ရှင်ဖျင်ကိုင်းကျေးရွာရှိ ဦးလီလောက်လျန်၏နေအိမ်သို့ ယမန်နေ့နံနက် ၁၀ နာရီခွဲခန့်တွင် တပ်မတော်စစ်ကြောင်းက သတင်းအရ ဝင်ရောက်ရှင်းလင်းရှာဖွေရာ နေအိမ်တွင် ဦးလီလောက်လျန်အား ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၅၁၃၇ ပြား၊ ICE တစ်ကီလိုဂရမ်၊ ဘိန်းဖြူအမှုန့်ထုပ် ရှစ်ထုပ် (၈၈ ဂရမ်ခန့်)၊ ဘိန်းဖြူအမှုန့် ၅ ဒသမ ၄ ဂရမ်ခန့် စုစုပေါင်း ကာလတန်ဖိုး ကျပ် ၃၂၂ သိန်းကျော်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံနှင့် မူးယစ်ဆေးဝါးများအား လောက်ကိုင်မြို့ရှိ မူးယစ်တပ်ဖွဲ့သို့ စနစ်တကျ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပန်းခင်းပွဲတော်(၂၀၁၇)ကို ဗဟန်းမြို့နယ် မြေပဒေသာဥယျာဉ်တွင် ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

အများပြည်သူများ ပန်းမန်အလှစိုက်ပျိုးခြင်းကို လက်တွေ့လေ့လာနိုင်စေရန်နှင့် စိုက်ပျိုးနည်းပညာရပ်များ ဖြန့်ဝေပေးနိုင်ရန်၊ ဒေသနှင့်ကိုက်ညီသော ပန်းမန်မျိုးသစ်များ အရည်အသွေးကောင်းမျိုးများကို ပြောင်းလဲစိုက်ပျိုးထုတ်လုပ်နိုင်စေရန်၊ မိမိအိမ်ခြံဝင်းအတွင်း ပန်းမန်အလှပင်များ တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေနှင့် စိတ်အပန်းဖြေမှုရရှိစေရန်တို့ကို ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် AGA Agro Co., Ltd. တို့ ပူးပေါင်းကျင်းပမည့် ပန်းခင်းပွဲတော်(၂၀၁၇) ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာဥယျာဉ်အတွင်း ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၁၂ အထိ ကျင်းပမည်ဖြစ်သည်။

ပန်းခင်းပွဲတော်တွင် ရာသီပန်းအမျိုးအစား ၂၀၊ ဟင်းခတ်အမွှေးအကြိုင် ခုနစ်မျိုး၊ ဟင်းသီးဟင်းရွက်မျိုးသစ်နှစ်မျိုးနှင့် အပင်နှစ်သောင်းကျော်ရှိ အခြားစိတ်ဝင်စားဖွယ်ရာသီးနှံမျိုးစုံတို့ကို စိုက်ပျိုးပြသထားမည်ဖြစ်သည်။

ပြပွဲသို့လာရောက်လေ့လာသော အများပြည်သူများအတွက် မိမိတို့နှစ်သက်ရာ မျိုးစေ့၊ ပျိုးပင်၊ စိုက်ပျိုးရေးသုံးဆေးများ၊ မြေဩဇာများ ပုံပိုးပစ္စည်းများ လွယ်လင့်တကူ ဝယ်ယူရရှိနိုင်စေရန်နှင့် လေ့လာနိုင်ရန်အတွက် ပညာပေးအရောင်းဆိုင်ငယ်များ ဖွင့်လှစ်ထားရှိပေးသွားမည်ဖြစ်ပြီး ပြပွဲကာလအတွင်း လာရောက်လေ့လာသူများအား အခြေခံစိုက်ပျိုးနည်းပညာများ ဆွေးနွေးပြသပေးခြင်း၊ ပန်းအလှထိုးနည်းနှင့် သစ်သီးပုံဖော်နည်းများ သရုပ်ဖော်ပြသခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



# ပေါင်မြို့နယ် ကျေးလက်ရုံးဆောက်လုပ်နေမှုစစ်ဆေး

**ပေါင် ဒီဇင်ဘာ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဒီဇင်ဘာ တတိယပတ်က ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ရုံးဆောက်လုပ်နေမှုကို ကွင်းဆင်းကြည့်ရှုပြီး အဆောက်အအုံအရည်အသွေး ကြံ့ခိုင်မှုရှိစေရေး၊ စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်စေရေးနှင့် သတ်မှတ်ချိန်အတွင်း ပြီးစီးစေရေးတို့ကို မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ပေါင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

○



# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လူမှုအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများနှင့်တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယမန်နေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူးမြို့၊ ညောင်လေးပင်မြို့နှင့် ကျောက်တံခါးမြို့တို့တွင် ဒေသခံလူမှုအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာ ပြည်ထောင်စုဝန်ကြီးက "လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် မွေးကင်းစမှသည် သက်ကြီးရွယ်အိုများအထိ မသန်စွမ်းသူများပါမကျန် ထည့်သွင်းစဉ်းစားပြီး ပြည်သူလူထုကို အကာအကွယ်ပေးနိုင်သော အုပ်ချုပ်မှုစနစ်ဖြစ်ရေးကို ဆောင်ရွက်နေပါကြောင်း၊ ပြည်သူများ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းမှုက အဓိကကျသဖြင့် နိုင်ငံတော်အနေဖြင့် ဦးစားပေးဆောင်ရွက်နေပါကြောင်း။

အလားတူ လူမှုအဖွဲ့အစည်းများသည် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် ကယ်ဆယ်ရေး လုပ်ငန်းများတွင်လည်း အစဉ်တစိုက်ပါဝင်ကြပြီး ထိထိရောက်ရောက် အကူအညီ ပေးနေတာကိုလည်း သိရှိရပါကြောင်း၊ လိုအပ်ချက်များရှိပါက ပူးပေါင်းညှိနှိုင်းအဖြေရှာခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းနှင့် အစိုးရသစ်အနေဖြင့် လူမှုအဖွဲ့အစည်းများကို ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန် ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အသင့်ဖြစ်နေကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်မီးရရှိရန်ခက်ခဲသည့် ကျေးရွာများရှိ တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အသုံးပြုရန်အတွက် ဆိုလာမီးအိမ် စုစုပေါင်း ၇၅၀ ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

တွေ့ဆုံပွဲအခမ်းအနားများတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များ ရယူပေးပို့နိုင်သော Kobo Collect Application နှင့် DAN Myanmar Mobile Application တို့အသုံးပြုပုံများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများ၏ လက်ကိုင်ဖုန်းများသို့ Application များကို ထည့်သွင်းပေးခဲ့ကြသည်။

ထို့နောက် ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန အတတ်သင်သိပ္ပံကျောင်း၌ မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များမိတ်သဟာယ (မခမမ)၊ ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)မှ အထွေထွေအတွင်းရေးမှူး ဦးသိန်းလွင် ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံပြီး လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်လျက် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်အတွင်း အစာအဆိပ်သင့်မှု ဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရွှေညောင်ဖူးတိုက်နယ်ကျန်းမာရေးဌာန ဖောင်းတောကျေးလက်ကျန်းမာရေးဌာနခွဲ ဖောင်းတောကျေးရွာတွင် ကျင်းပသော ဓမ္မာစရိယအောင်ပွဲအလှူတွင် ကျွေးမွေးသောအစားအစာများနှင့် အလှူပွဲလမ်းသဘင်ဈေးတန်းတွင် ဒီဇင်ဘာ ၂၃ ရက်က ဈေးသည်များရောင်းချသော အစားအစာများ စားသောက်ခဲ့သူ ၁၀၀၀ ခန့်အနက် ၁၃၆ ဦးသည် အရည်ဝမ်းသွားခြင်း၊ အန်ခြင်း၊ ဖျားခြင်းရောဂါ လက္ခဏာများဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရောဂါစတင်ဖြစ်ပွားသည့် ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီမှ စတင်၍ ယနေ့အထိ ရွှေညောင်ဖူးတိုက်နယ်ဆေးရုံတွင် လူနာစုစုပေါင်း ၁၈ ဦးတက်ရောက်ကုသမှုခံယူခဲ့ပြီး ကျန်လူနာများအား အဆိုပါကျေးရွာတွင်ဖွင့်လှစ်ထားသော ၂၄ နာရီယာယီဆေးခန်း၌ ပြင်ပလူနာများအဖြစ် ဆေးကုသမှုပေးခဲ့ကြောင်းနှင့် ယခုဖြစ်စဉ်တွင် သေဆုံးလူနာမရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၂၄ ရက်မှစတင်၍ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင် ဦးဆောင်၍ ဗဟိုကွင်းဆင်းအဖွဲ့၊ တိုင်းဒေသကြီးအထူးရောဂါနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ဆရာဝန်၊ ပျော်ဘွယ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ရွှေညောင်ဖူးတိုက်နယ်ဆရာဝန်တို့ပါဝင်သော ကွင်းဆင်းအဖွဲ့များသည် ရောဂါဖြစ်ပွားရာကျေးရွာသို့ သွားရောက်၍ ၂၄ နာရီယာယီဆေးခန်းဖွင့်လှစ်ပြီး ဆေးကုသမှုပေးခြင်း၊ လူနာသစ်ရှာဖွေခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ အစာနမူနာများ၊ ရေနမူနာများ၊ အလှူတွင် အစားအစာပြင်ဆင်ချက်ပြုတ်သူများနှင့် အစားအသောက်ရောင်းချသော ဈေးသည်များထံမှ လက်တို့ဖတ်နမူနာနှင့် နှာခေါင်းတို့ဖတ်နမူနာများ၊ လူနာများထံမှစအိုတို့ဖတ်နမူနာများရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)သို့ ပေးပို့စစ်ဆေးခြင်းအစရှိသည့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ရောဂါကာကွယ်နှိမ်နင်းထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပွဲဈေးသည်များအား ကျန်းမာရေးနှင့်ညီညွတ်စွာ အစားအစာကိုင်တွယ်ရောင်းချရန်ပညာပေးခြင်း၊ ကူးစက်ရောဂါ ရှိ/မရှိ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုအခါ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဘာသာရေးဆိုင်ရာပွဲတော်များနှင့် နှစ်သစ်ကူးပွဲတော်များ ကျင်းပနေချိန်ဖြစ်သောကြောင့် လူအများစုဝေးသောနေရာများတွင် အစာအဆိပ်သင့်မှုအပါအဝင် ကူးစက်ရောဂါများမဖြစ်ပွားစေရေးအတွက် ဈေးသည်များနှင့် ပွဲတော်လာပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အချိန်အခါအလိုက် ထုတ်ပြန်သောကျန်းမာရေးဆိုင်ရာ သတိပေး နှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်သင့်ပါကြောင်းကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်နှင့်အဖွဲ့ ပျော်ဘွယ်မြို့နယ် ရွှေညောင်ဖူးတိုက်နယ်ဆေးရုံတွင် ကွင်းဆင်းဆောင်ရွက်နေစဉ်။



မြန်မာနိုင်ငံအားကစားကလောင်ရှင်များ အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၇ ခုနှစ်၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက်တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ သုံးနှစ်ဆက်တိုက် ပြိုင်ပွဲဆုနှင့် အလွတ်တန်းပထမဆုရရှိသော မစံပယ်သည်းမောင်းအား နိုင်ငံတကာဒိုင်အဖွဲ့ဝင် ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခ ဒေါက်တာသဇင်လွင် ဆုချီးမြှင့်စဉ်။

**(ကြေးမုံ)**

ဥတုရာသီ
တောကိုမီး၏

# ငွေရတုမှသည် . . .

## ဆွေညီ

**ကျက်သရေရှိသော နေ့ရက်။**
**မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နေ့မြတ်။**

ရည်မှန်းထားသည့်အတိုင်း (၂၅) ကြိမ်မြောက် ငွေရတု အာစရိယပူဇော်ပွဲကြီးကို ဆရာ ဦးသက်ဆွေ၊ ဆရာ ဦးချိုလင်းတို့ ပါဝင်သောကျင်းပရေးကော်မတီက ဦးစီးပြီး ကျောင်းသား ကျောင်းသူဟောင်းများ၊ မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများဖြင့် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် စည်ကားသိုက်မြိုက် ထူးကဲစွာ ကျင်းပနိုင်ခဲ့သည်။ ယင်းမှာ သမိုင်းမှတ်တိုင်တစ်ခုကို အောင်မြင်စွာ စိုက်ထူနိုင်ခဲ့ခြင်းဖြစ်သည်ဟု မှတ်တမ်းတင် ဂုဏ်ပြုရပေမည်။

ယခုနှစ်တွင် အထက (၁)နှင့် အထက(၂)မြို့မတို့၌ သုံးနှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၆၀) ပြည့် ဆရာကြီး ဆရာမကြီးများ အား ငွေရတုပူဇော်ပွဲ ပြုလုပ်သလို အထူးအစီအစဉ်အဖြစ် နှစ်ကန့်သတ်မှုမရှိဘဲ ထိုကျောင်းနှစ်ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၆၀) ပြည့် ဆရာကြီး ဆရာမကြီးများအားလည်း ပူဇော်ကန်တော့သည့် အစီအစဉ်ကို ထည့်သွင်းခဲ့သဖြင့် ထူးခြားလှသည်။

ဂါရဝပြုခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများမှာ အသက် (၈၀) အထက် ၁၂ ဦး၊ အသက် (၇၅) နှစ်အထက် ၂၂ ဦး၊ အသက် (၇၀) အထက် ၂၄ ဦး၊ အသက် (၆၀) အထက် ၁၀၈ ဦး ပေါင်း ၁၆၆ ဦးနှင့် ငွေရတုပူဇော်ပွဲ အထူးအစီအစဉ်အရ ပူဇော်ကန်တော့သည့် ဆရာကြီး ဆရာမကြီး ၂၇ ဦး စုစုပေါင်း ၁၉၃ ဦးဖြစ်သည်။ ဆရာကြီး ဆရာမကြီးများအား ငွေကျပ်သိန်း ၃၇၀ ကျော် ပူဇော်ကန်တော့နိုင်ခဲ့မှုအတွက် နတ်လူသာခုခေါ်မည်ဟု ယုံကြည်ပါသည်။

ဆရာကြီး ဦးမြသန်း၊ ဆရာကြီး ဦးမြမောင်၊ ဆရာ ဦးလေးဝင်း၊ ဆရာမ ဒေါ်အေးသန်း၊ ဒေါ်စိန်စိန်၊ ဒေါ်လှသန်း၊ ဒေါ်ရှုကြည်၊ ဒေါ်ကြည်ကြည်ဆွေ၊ ဒေါ်သန်းရီ၊ ဒေါ်သန်းအိ၊ ဒေါ်စန်းစန်း၊ ဒေါ်ခင်မာမာ၊ ဒေါ်ခင်စန်းဝင်းတို့လည်း သွက်လက်ကျန်းမာနေသေးသည်။ ဗိုးချဲ့နှင့် လာရသည့် ဆရာဦးဝင်းကျော်မိုး၏ အပြုံးကငယ်နုစဉ်ကလို ညှို့အားမပြင်းတော့သော်လည်း ဆွဲဆောင်နိုင်သေးသည်ဟု အသိအမှတ်ပြုမိသည်။ ဆရာမဒေါ်အမာကြည်ကို နှုတ်ဆက်ရင်း ဆရာမ၏ ငယ်ငယ်က တက်ကြွဟန်ကို မျက်စိထဲ မြင်ယောင်မိသေးသည်။

တစ်နေကုန်ပြုလုပ်သည့် ဆရာကန်တော့ပွဲ အစီအစဉ်များက ပီပြင်ပြည့်စုံလှသည်။ နံနက်စောစောတွင် ကွယ်လွန်သွားကြပြီးဖြစ်သော ဆရာကြီး ဆရာမကြီးများအား ရည်စူးပြီး အာရုံဆွမ်းဆက်ကပ်လှူဒါန်းသည်။ နံနက် ၇ နာရီခွဲတွင် ငွေရတုအထိမ်းအမှတ် ကျောက်စာတိုင်ကို အထက (၁)နှင့် (၂) တို့တွင် စိုက်ထူသည်။ နံနက် ၁၁ နာရီခွဲတွင် ဆရာကန်တော့ပွဲ အခမ်းအနားကို မြို့နယ်ဂီတအစည်းအရုံး၏ ပူဇော်ပွဲတေးထပ်များ အပါအဝင် အစီအစဉ်ပေါင်းများစွာဖြင့် တခမ်းတနားကျင်းပသည်။ ငွေရတုအထိမ်းအမှတ်အဖြစ်ကျင်းပသည့် စာပေပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသားကျောင်းသူကိုးဦးနှင့် အားကစားပြိုင်ပွဲတွင် ဆုရရှိသူ ၃၈ ဦးကိုလည်း ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ငွေရတုအထိမ်းအမှတ် မြတ်ရင်ခွင်မဂ္ဂဇင်း အမှတ်(၂) ကို ထုတ်ဝေရန် ပြင်ဆင်ထားသည်၊ အာစရိယပူဇော်ပွဲအမီ ကြိုးစားသော်လည်း ဇန်နဝါရီ ပထမပတ်တွင်မှ ပြီးစီးမည်ဖြစ်၍ ရက်နည်းနည်းနောက်ကျသွားသည်၊ ကျောင်းနှစ်ကျောင်းတွင် ခရစ်နှစ် (၁၉၉၂-၂၀၁၆) ငွေရတုအာစရိယပူဇော်ပွဲ ကမ္ပည်းကျောက်စာတိုင်ကို အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့အနေဖြင့် စိုက်ထူခြင်းဖြစ်သည်ဟု မြို့ခံစီနီယာအစ်မ မမြင့်မြင့်သန်းနှင့် မဌေးဝင်းတို့ထံမှ သိရသည်။ ဆရာမ ဒေါ်အေးဝတ်ရည်ကိုလည်းတွေ့ခဲ့ကြောင်း လှမိုးက ဖောက်သည်ချသည်။

မွန်းလွဲပိုင်းတွင် အထက(၁)နှင့် အထက(၂) မြို့မတို့မှ ကျောင်းသား ကျောင်းသူလေးများက အကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်ရာ ကြည့်မဝ၊ ရှုမဝဖြစ်ရသည်။ သိမ်မွေ့၊ လှပ၊ နူးညံ့ပါပေသည်။

ညပိုင်းတွင်တော့ မင်းသား ခေတ်သစ်စိန်၏ အလင်္ကာတေးဥယျာဉ် မြန်မာသံစဉ်နှင့် တေးဂီတဖျော်ဖြေပွဲလည်း စည်ကားများပြားခဲ့သည်။ ကိုယ့်မြို့သားမို့ ပိုအားပေးချင်ကြတာလည်း ပါမည်ထင်သည်။ ရွှေရည်သိန်းတန်နှင့် ရွှေယမင်းဦးတို့လည်း ပါသည်ဟုကြားမိသည်။

ဒီဇင်ဘာလ ၂၄ ရက်တွင် အာစရိယပူဇော်ပွဲကျင်းပမည့် သွန်းဘုရားကြီး အတွင်း အခမ်းအနားပြင်ဆင်ရေး၊ သန့်ရှင်းရေးဆောင်ရွက်နေကြသူများ ကလည်း တပျော်တပါး တက်ကြွညီညာစွာ လုပ်အားပေးခဲ့ကြသဖြင့် ကျင်းပသည့်နေ့တွင် အားလုံးအသင့်ဖြစ်နေသည်။

တစ်မြို့တည်းမှ ကျောင်းနှစ်ကျောင်းဖြစ်၍ သူတို့အားလုံး ကျောင်းစွဲ၊ ဆရာစွဲမရှိဘဲ ညီညီညွတ်ညွတ်ဖြင့် မြို့ရွာကောင်းကျိုး၊ နိုင်ငံ့ကောင်းကျိုးကို ဖော်ဆောင်ရန် စိတ်ဆန္ဒရှိကြသည်။ နှစ်ယောက်ရှိလျှင် သုံးဖွဲ့ဖြစ်သည်ဟု လှောင်ပြောင်ခံရသော စိတ်ဓာတ်ဆိုးများ မမွေးမြူမိကြရန် အားလုံးသတိထား ဆောင်ရွက်ကြသည်။

ဆရာ ဦးစိန်သန်းအောင်၊ ကိုဇော်လင်း၊ ကိုသက်ထွန်းဦး၊ ကိုလှမင်း၊ မိုးကျော်ခိုင်၊ သက်နောင်ဝင်း၊ ဝေဖြိုးကျော်၊ ဇော်မျိုးနောင်၊ မြင့်သက်ဦးနှင့် ရဲထွဋ်တို့အဖွဲ့သည်လည်း အာစရိယပူဇော်ပွဲတိုင်း တာဝန်တွေတက်ကြွကျေပွန်စွာ ထမ်းဆောင်နိုင်မှုအတွက် အားလုံးကိုယ်စား ကျေးဇူးတင်ရသည်။

နှစ်အလိုက် သူငယ်ချင်းအုပ်စုများ အလျှိုအလျှိုနှင့် ဆိုင်များ၊ နေအိမ်များ တွင် စုဖွဲ့ပြီး ဤနေ့ဤရက်တွင် ပျော်ရွှင်စွာ ဆုံစည်းကြသည်။

သူတို့အုပ်စု မြေနီလမ်းရှိ အေးအေးကျော်တို့ အိမ်တွင် တွေ့ဆုံကြသည်။ သူတို့နှစ်တူသူငယ်ချင်းများ ဒီနှစ်တွင် အတော်လူစုံသည်။ လှဌေး၊ နုလွင်၊ လှမိုး (S)၊ ကျော်မင်းနိုင်၊ သက်ခိုင်၊ ဖြူဖြူဝင်း၊ ကြည်ကြည်ညွန့်၊ အေးအေးမော်၊ ယဉ်ယဉ်သန်း၊ ခင်မာချို၊ ကြည်ကြည်မာ၊ သက်သက်မော်၊ သီသီဆွေ၊ သိန်းသိန်းအေး၊ လှလှမော်၊ နီနီအောင်၊ ဥမ္မာသွယ်၊ ဥမ္မာသိန်း (၁) နှင့် (၂)၊ ခင်စန်းယု၊ နွယ်နွယ်ဝင်းတို့လည်း အုပ်စုလိုက် တဝါးဝါးတဟားဟားဖြင့် မျက်နှာပိုးသတ်လို့ မရကြ။ နှစ် ၃၀ ကျော်အချိန်များ နောက်ပြန်လည်သွားသကဲ့သို့ ရှိသည်။

ခင်မိမိအောင်၊ မြင့်သက်ခိုင်၊ မင်းဇော်တို့လည်း ဒီနှစ်အတော်ပျော်သည်။ ဇာတ်သိမ်းမှာတော့ လက်ရည်မတူဘဲ ကြွက်တွင်းမိန်းမကြီးနှစ်ဦးနှင့် သွားယှဉ်မိသည့် မင်းဇော် ညကိုးနာရီဝန်းကျင်လောက်တွင် တီဗွီရှေ့တွင် အရင်မှောက်သွားသည်။ လှမိုး (ပုလဲဖြူ)က မြတ်သူနှင့် မောင်သက်ကို အလွမ်းဖြေရင်း မနှစ်က စန်းယု၏ ခြေရာကို အမီနင်းနိုင်ဖို့ ကြိုးစားသည်။ အသားဖြူသူဖြစ်သဖြင့် သူ့မျက်နှာကြီး ရဲရဲနီနေသည်က ကြည့်လို့ကောင်းလှသည်။ အာသွက်လျှာသွက်ဖြင့် အုပ်စုကိုသူပဲဦးဆောင်သွားသည်။ ဒီနှစ်ပွဲမှာတော့ သူကဇာတ်လိုက်ကျော်။

ပထမဆုံးအကြိမ်အဖြစ် ဆင်နွှဲသော လှမင်းအောင်၊ ဧည့်သည်တော် ဇာနည်မောင်တို့လည်း နောက်နှစ်မှာလာဖို့ အားဖြစ်စေသည့် တွေ့ဆုံပွဲကို လက်မနှေးဘဲ ပါဝင်ဆင်နွှဲကြသည်။


ဓာတ်ပုံ - အဂီး

နေလင်း၊ သိန်းနိုင်နှင့် အိမ်ရှင် အေးအေးကျော်တို့ကတော့ ဆိုင်ပြေးပြီး လိုတာများ အထပ်ထပ်သွားဝယ်ရင်း ပျော်ပျော်ရွှင်ရွှင် ပါရမီဖြည့်ကြသည်။ အပျော်များကူးစက်နေသည်။ သောင်းဒန်က ဂျပန်ဘောစိကြောင့် မလာနိုင်။ စိုးမိုးလွင်လည်း ကိစ္စများမြောင် လူတို့ဘောင်ဖြစ်နေသဖြင့် မရောက်လာ။

စန်းယုကတော့ နောက်က အဆွယ်အပွားတွေပါလာသဖြင့် မနှစ်က စံချိန်ကို မထိန်းဖြစ်၊ မချိုးဖြစ်တော့။ ခိုင်ခိုင်စန်းက သူ့တွဲဖော် စုစုနိုင်နှင့် သီတာခိုင်တို့နှင့် ရှုပ်နေသဖြင့် ညစာစားပွဲမလာ။ နောက်နေ့ အာစရိယပူဇော်ပွဲမှ ပေါက်ချလာသည်။ ဥမ္မာဆွေ၊ အေးအေးဆွေ၊ မြင့်မြင့်စန်း၊ နွယ်နွယ်ထွေး၊ ယဉ်ယဉ်ဌေး၊ ခင်မာချယ်တို့လည်း ပူဇော်ပွဲသို့ အရောက်လာကြသည်။

(၂၅) ကြိမ်မြောက် ငွေရတုပွဲ မနွှဲလိုက်ရသူအချို့ကို နောက်နှစ်တော့ မပျက်မကွက်နော်ဟု ဖိတ်မန္တက ထပ်ပြုကြသည်။ အာစရိယပူဇော်ပွဲကြီးကိုတော့ မျိုးဆက်သစ်များအထိ လက်ဆင့်ကမ်းပြီး ရွှေရတု၊ ထိုမှ စိန်ရတုအထိ ကျင်းပသွားနိုင်ပါစေဟု ဆန္ဒပြုမိသည်။

တစ်နှစ်တစ်ခါ ဆုံရသည့် အာစရိယပူဇော်ပွဲ၏ နောက်ဆက်တွဲရလဒ်အဖြစ် နှစ်တူ သူငယ်ချင်းများ၊ ထက်အောက် အတန်းဖော်များ၊ ငယ်စဉ်က အဖြူရောင် နှလုံးသားများနှင့် ရင်းနှီးကျွမ်းဝင်ခင်မင်ခဲ့သူများအချင်းချင်း ပြန်လည်ဆုံတွေ့ရင်း ငယ်နုသည့် အတိတ်ကာလ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်များကို ပြန်မြင်ယောင်ကြ၊ ပြန်ပြောကြ၊ အမှတ်ရကြ၊ ငယ်ကျိုးငယ်နာဖော်ကြနှင့် အဟောင်းတွေ အသစ်ပြန်ဖြစ်ကြရသည်။ စိတ်ပျိုသဖြင့် ကိုယ်နုသွားကြသည်။ ဘဝအမောတွေ တဒင်္ဂမေ့ထားလိုက်နိုင်ကြသည်။

ဆရာကြီး ဆရာမကြီးများ၏ ကျေးဇူးကို အကြိမ်ကြိမ်အောက်မေ့ရင်း လက်ဆယ်ဖြာထိပ်မှာမိုးလို့ ရှိခိုးကန်တော့ကြသည်။ ကန့်ကူလက်လှည့်ဆရာများ၏ တစ်ချိန်က ပေးဆပ်ခဲ့သည့်နှလုံးသားများကြောင့် မိမိတို့စိုက်သော အပင်မှအသီးကို မိမိတို့ မြတ်မြတ်နိုးနိုး ခူးဆွတ်စားသုံးခွင့်ကြုံရပြီ။ ကျေးဇူးကြွေးကို ဆပ်လိုသူ၊ ဆပ်နိုင်သူတို့ စုပေါင်းရလဒ်၊ လေးစားချစ်ခင်မှုကို ပြန်ခံယူရသည်မို့ ပီတိမျက်ရည်တို့ စို့မိမည်လည်း အမှန်ပင်။

မိမိ၏ အတွေးတွေက ဒီအာစရိယပူဇော်ပွဲမှာပဲ ရပ်တန့်မနေ။ --ကျေးရွာမူလတန်းလွန်ကျောင်းမှ ကျောင်းသူတစ်ဦး၏ ယခုရက်ပိုင်းအတွင်း ပေးပို့လာသော စာတစ်စောင်ကို ပြန်အမှတ်ရမိသည်။

သူ့စာတွင် (၆)တန်းနှစ်က အတန်းပိုင်ဆရာမသည် စာကောင်းကောင်းမသင်ပြ။ သင်ခန်းစာများကို ပန်းတိုင်စာအုပ်ထဲမှသာ ကူးချသည်။ အင်္ဂလိပ်စာကို အသံထွက် မချပေး။ စပေ့များရရန်ဟုဆိုကာ စာမေးပွဲနီးတိုင်း ငွေကောက်ခံသည်။ သကြားလုံး၊ ဘောပင်တို့ကို မတန်တဆ ဈေးကြီးပေးပြီး ဝယ်ရသည်ဟု ဆိုထားသည်။

အတန်းထဲသို့ ဆရာမပုံမှန်မလာသဖြင့် စာလည်းမကျက်ရ၊ အတန်းထဲတွင် ဆော့ချင်သလို ဆော့၊ နေချင်သလိုနေကြသည်။ ကျောင်းသားတွေ ဖဲရိုက်ကြသည်။ စာမေးပွဲတွင် ခိုးချသည်။ နောက်နှစ်အတန်းသာ တက်လိုက်ရသော်လည်း စာမကျေညက်ကြ၊ ခုနစ်တန်းနှစ်တွင် ဆရာမက စာမေးရာ မဖြေနိုင်သဖြင့် ပထမတွင် အထင်အမြင်မှားခံရသည်။ နောက်မှ (၆)တန်းတွင် စာသင်ခဲ့ရသည့် အခြေအနေကို သိသွားပြီး အခြေခံမှစ၍ ပြန်သင်ပေးသည်ဟု ရေးထားသည်။

မိမိတို့ ကျောင်းသား ကျောင်းသူ ၁၄ ယောက်သည် ၁၀ တန်းအောင်ပြီးပါက ဒီအကြောင်းတွေကို ဖော်ထုတ်ကြမည်ဟု သစ္စာပြုထားပါသည်၊ (၆)တန်းတွင် သင်ကြားခဲ့သော လေ့ကျင့်ခန်းစာအုပ်များကို လုံခြုံသော နေရာတွင် စုပေါင်းသိမ်းဆည်းထားပါသည်၊ မိမိတို့ကဲ့သို့ပင် စီနီယာ ကျောင်းသား ကျောင်းသူများလည်း ထိုအတိုင်းသင်ယူခဲ့ရပါသည်၊ သို့သော် ယခုနှစ် ကျောင်းသား ကျောင်းသူများထဲတွင် ကျောင်းမှ ဆရာ ဆရာမများ၏ သားသမီးများပါနေသောကြောင့် မိမိတို့လို ကံမဆိုးတော့ပါ၊ မိမိတို့သည် လူကြီးဖြစ်မှ ဒီအကြောင်းကို ဖော်ထုတ်နိုင်မည်ဖြစ်သဖြင့် ဤစာကို ဖတ်မိသူသည် --မြို့နယ် --ကျောင်းမှ အကျင့်ဆိုး၊ စရိုက်ဆိုး၊ မကောင်းမှုများကို အမှန်တရားအတိုင်း ဖော်ထုတ်ပေးကြပါဟု ရင်နင့်ဖွယ်ရေးသားထားသည်။

မိမိအနေဖြင့် သူ့စာရှည်ကြီးကို ဆောင်းပါးတွင် အသုံးပြုမည်ဖြစ်သော်လည်း ယခုထိတော့ အသင့်မဖြစ်သေး။ ဒါက သူ့ကျောင်းတစ်ကျောင်းထဲတွင်သာ ကြုံတွေ့နေရသည့် ပြဿနာမဟုတ်ဟု ထင်သည်။

ရန်ကုန်မြို့လယ်ရှိ ကျောင်းတစ်ကျောင်းတွင် တက်နေသည့် ကျောင်းသားတစ်ဦးကလည်း သူတို့အတန်းတွင် အင်္ဂလိပ်စာ အသံထွက် မသင်ပေးကြောင်း၊ ဆရာကန်တော့ပွဲအတွက် ငွေကောက်ခံရာ ကျောင်းသူတစ်ဦးက ငွေ ၁၀၀၀ ထည့်ဝင်သည်ကို နစ်နစ်နာနာ ရင့်ရင့်သီးသီးပြောပြီး ၁၀၀၀၀ စီထည့်ဝင်ရန်မှာကြောင်း ပြောဖူးသည့်စကားသံအချို့ကို နားထဲပြန်ကြားယောင်မိသည်။

လူ့ဘဝခရီးလေးတွင် တွေ့ရကြုံရသော ဆရာနှင့် ကျောင်းသား၊ ဆရာဝန်နှင့်လူနာ၊ အလုပ်ရှင်နှင့်အလုပ်သမား၊ ဈေးရောင်းနှင့် ဈေးဝယ်၊ အိမ်ရှင်နှင့်ဧည့်သည်၊ အိမ်ရှင်နှင့်အိမ်ငှား၊ အိမ်ရှင်နှင့်အိမ်ဖော်၊ အထက်လူကြီးနှင့် လက်အောက်ဝန်ထမ်း၊ လင်နှင့် မယား ---စသည်စသည်တို့၏ မေတ္တာပျက်ယွင်းသော ဆက်ဆံရေး၊ လောဘ၊ ဒေါသ၊ မောဟ အပေါ် အခြေခံသောဆက်ဆံရေးတို့ကို ဝေဖန်သုံးသပ်စဉ်းစားဆင်ခြင်သင့်သည်ဟု ထင်သည်။

အူမမတောင့်လို့ သီလမစောင့်နိုင်ဟူသော မှားယွင်းသော ခံယူချက်များ၊ ဘယ်သူသေသေ ငတေမာရင်ပြီးရော ဟူသည့် မိုက်မဲသော အယူအဆများကြောင့် ဒုစရိုက်မှုများ၊ ကြမ္မာဆိုးများ ရှုပ်ထွေးပွေလီများပြားနေသည့် ဤနေ့ ဤခေတ်တွင် ခါးသွားပေါ်မှ ပျားရည်စက်ကို မိမိတို့ ဆက်လက်ခုံမင်နေဦးမှာလားဟု သံဝေဂနှင့်ယှဉ်သည့်အတွေးကို ဖြစ်ပေါ်စေသည်။

ဘဝသံသရာရေစက်ကြောင့် တွေ့ကြဆုံကြရချိန်တွင် အားလုံးကို အပျော်နှင့် လမ်းခွဲကြစေလိုသည်။မိုးကောင်းတုန်း ရွာထားဦးပေ့ါဟု တေးမှတ်ထားခြင်းမျိုး၊ ပေဖြစ်တုန်းခံပြီး တူဖြစ်မှ နှံ့လိုက်မည်ဟု တန်ပြန်ကလဲ့စားချေလိုခြင်းမျိုးကို မလိုလားပါ။

ထိုအထဲတွင် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်စာရင်းတွင်ပါဝင်သော ဆရာ ဆရာမများသည် အားလုံးတကာ့အားလုံးတွင် အရေးအကြီးဆုံးလူများဟု ထင်ပါသည်။

ခရမ်းမြို့မှ နှုတ်ခွန်းဆက်သပါ၏ဟု ဆိုင်းဘုတ်ကို လှမ်းကြည့်ရင်း ဟိုးအရင်အချိန်တွေတုန်းကတော့ အားလုံးသော ဆရာ ဆရာမများသည် နာသုံးနာဖြင့်၊ ပီတိကိုစား အားရှိပါ၏ ဟူသည့် ခံယူချက်ဖြင့် တပည့်များ အပေါ် ချစ်ခင်သော၊ မျှတသော စိတ်ထားများထားပြီး တစ်ပြေးညီ သင်ကြားပြသပေးခဲ့ကြသည်။ ထို့အတွက်လည်း လက်ရှိအချိန်တွင် အာစရိယပူဇော်ပွဲများကို နိုင်ငံတစ်ဝန်း စည်ကားသိုက်မြိုက်စွာကျင်းပပြီး ဂုဏ်ပြုနေဆဲ၊ ကျေးဇူးဆပ်နေဆဲဖြစ်သည်ဟု တွေးမိသည်။

တစ်နေ့နေ့တစ်ချိန်ချိန်၌ ငွေအသပြာကိုသာ ဦးစားပေးသော ဆရာ ဆရာမများ၊ တာဝန်မကျေပွန်သည့် ဆရာ ဆရာမများကြောင့် နောင်တစ်ချိန် ပြန်တွေ့ဆုံချိန်တွင် ကျေးဇူးကြွေးတွေ မိမိတို့ငယ်စဉ်ကတည်းက အပြီးအပြေ ဆပ်ခဲ့ပြီးပြီဟု တပည့်များ၏စိတ်ထဲ မှားယွင်းစွာခံစားရခြင်း မရှိစေချင်။ အာစရိယပူဇော်ပွဲဆိုသည်မှာ ---ဆိုပြီး သမိုင်းသင်ခန်းစာတစ်ခုအဖြစ် ပျောက်ဆုံးမသွားစေချင်။

နောင်နှစ်တွေမှာလည်း ပြန်လည်ဆုံတွေ့ကြပါဦးမယ် ဆရာကြီး ဆရာမကြီးများ၊ သူငယ်ချင်းများဟု ရင်ထဲမှ လှိုက်လှဲစွာ နှုတ်ဆက်ရင်း သိန်းနိုင်မောင်းနှင်သော ကားပေါ်တွင် လှမိုး၏ ဟာသများကို နားထောင်လျက် . . ရန်ကုန်မြို့ဆီသို့။ ။

# ဒီဇိုင်နာအလုပ်ပါ ဝါသနာပါတဲ့ ပိုးအိန္ဒြေခေတ်

မင်းလှသား



**အနုပညာအလုပ်ဖြစ်တဲ့ မော်ဒယ်အလုပ်နှင့်ဒီဇိုင်နာအလုပ်ပါ ဝါသနာပါတဲ့ ပိုးအိန္ဒြေခေတ်ဟာ အောင်မြင်တဲ့အနုပညာရှင်တစ်ယောက်အဖြစ် ဆက်လက်လျှောက်လှမ်းဖို့ ကြိုးစားမယ်လို့ဆိုပါတယ်။ ပိုးအိန္ဒြေခေတ်ရဲ့ အနုပညာလှုပ်ရှားမှုအကြောင်း ယခုလို ဆက်သွယ်မေးမြန်းဖြစ်ခဲ့ပါတယ်။**

**မေး။ လတ်တလော အနုပညာလှုပ်ရှားမှုအကြောင်းပြောပြပေးပါ။**

ဖြေ။ အခုလတ်တလောအနုပညာအလုပ်ကတော့ ရှိုးပွဲတွေပဲလျှောက်ဖြစ်နေပါတယ်။

**မေး။ စတင်လျှောက်လှမ်းခဲ့တဲ့အချိန်ကနေ ယခုအချိန်ထိ အနုပညာဖြတ်သန်းမှုအကြောင်း ပြောပြပေးပါ။**

ဖြေ။ ကျွန်မအနုပညာစတင်လုပ်ခဲ့တာကတော့ ၂၀၁၅ ခုနှစ်ကမှစပြီးပြိုင်ပွဲတွေ ဝင်ပြိုင်ရင်း စတင်ခဲ့တာပါ။ ပြိုင်ပွဲနှစ်ပွဲဖြစ်တဲ့ Miss Thailand Capital နဲ့ Miss Capital နှစ်ပွဲပြိုင်ခဲ့တယ်။ Miss Capital မှာဆုရခဲ့ပါတယ်။ ပြီးတော့ ရှိုးပွဲတွေ လျှောက်ဖြစ်ခဲ့ပါတယ်။ Miss Capital ပြိုင်ပွဲကတော့ နောက်ဆုံးပြိုင်ခဲ့တာပါ။

**မေး။ ငယ်ဘဝဖြတ်သန်းမှုကရော။**

ဖြေ။ ကျွန်မဇာတိကတော့ ရန်ကုန်ကပါပဲ။ သဃ်န်းကျွန်းမှာနေပါတယ်။ ကျောင်းကတော့ ဒဂုံတက္ကသိုလ်မှာ ပထဝီဝင် နောက်ဆုံးနှစ်တက်နေပါတယ်။ မူလတန်းကိုတော့ သဃ်န်းကျွန်း အမက(၃၇)မှာ တက်ခဲ့ပါတယ်။ အလယ်တန်းကို အလက(၄) သဃ်န်းကျွန်းမှာတက်ခဲ့ပါတယ်။ အထက်တန်းကိုတော့ အထက(၂) သဃ်န်းကျွန်းကို ပြောင်းတက်ပါတယ်။ ငယ်ငယ်တုန်းက ကျောင်းကပွဲတွေမှာပါဖြစ်ခဲ့ပါတယ်။ စတုတ္ထတန်း၊ ပဉ္စမတန်းတွေမှာတော့ နှစ်တိုင်းနီးပါး ပါဝင်ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက ကဗျာရွတ်ပြိုင်ပွဲမှာ ဆုရတယ်။ အရုပ်ထိုးတာလေးတွေမှာလည်း ဆုရခဲ့ဖူးပါတယ်။

**မေး။ အနုပညာအလုပ် စတင်ဖြစ်ခဲ့ပုံလေးပြောပြပေးပါဦး။**

ဖြေ။ ကျွန်မကျောင်းက ကာယကြံ့ခိုင်ပြိုင်ပွဲမှာဝင်ပြိုင်ရင်း သူငယ်ချင်းတစ်ယောက်နဲ့တွေ့တော့ သူငယ်ချင်းတက်နေတဲ့ သင်တန်းကိုတက်ဖြစ်ပါတယ်။ ကျွန်မကလည်း ဝါသနာပါတော့ အခုလက်ရှိလည်း အဲဒီသင်တန်းကို တက်နေပါတယ်။ Universal International သင်တန်းမှာ အခုချိန်ထိ ဆရာနဲ့ လက်တွဲပြီးလုပ်ဖြစ်ပါတယ်။ ကျွန်မရဲ့ လက်ဦးဆရာတွေကတော့ ဆရာမိုးဇက်နဲ့ ဆရာကိုဇော်လွင်ပါ။ ရှိုးပွဲတွေကတော့အများကြီး လျှောက်ခဲ့ပါတယ် နယ်ပွဲတွေကတော့အများကြီးပါပဲ။ ပြက္ခဒိန်ရိုက်ထားတာတော့သိပ်မရှိပါဘူး။ ရှိုးပွဲလောက်ပဲလျှောက်ဖြစ်ပါတယ်။

**မေး။ အနုပညာအလုပ်အပြင် ဘာတွေလုပ်ဖြစ်နေလဲ။**

ဖြေ။ အခုလောလောဆယ်တော့ ဒီဇိုင်နာသင်တန်းတက်နေပါတယ်။ ဒီဇိုင်နာအလုပ်ကလည်းတစ်ဖက် အနုပညာအလုပ်ဖြစ်တဲ့ မော်ဒယ်အလုပ်လည်း ဝါသနာပါပါတယ်၊ ဒီဇိုင်နာအလုပ်ရော နှစ်ခုတွဲလုပ်ဖို့စဉ်းစားထားပါတယ်။

**မေး။ မိသားစုအကြောင်းလည်းပြောပြပေးပါဦး။**

ဖြေ။ ကျွန်မတို့မိသားစုက သားအမိ သားအဖ လေးယောက်ရှိပါတယ်။ ဖေဖေကတော့ ဆုံးသွားတာနှစ်နှစ်လောက်ရှိပါပြီ။ အမေရယ်၊ မောင်လေးရယ်၊ ကျွန်မရယ် သုံးယောက်ရှိပါတယ်။ ခုလက်ရှိကတော့ အရင်နေခဲ့တဲ့ သဃ်န်းကျွန်းမှာပဲနေပါတယ်။

**မေး။ အနုပညာနဲ့ပတ်သက်ပြီး ရှေ့ဆက်ဘယ်လိုဆောင်ရွက်သွားဖို့ ရည်မှန်းထားလဲ။**

ဖြေ။ ကျွန်မအောင်မြင်တဲ့မော်ဒယ်တစ်ယောက်ဖြစ်ချင်ပါတယ်။ ဒီဇိုင်နာမော်ဒယ်လိုမျိုးဖြစ်ချင်ပါတယ်။ အနုပညာနဲ့ ပတ်သက်ရင် သီချင်းဆိုတာရော၊ ကတာပါ အကုန်ဝါသနာပါတယ်။ အဲဒါကြောင့် ဒီဇိုင်နာလည်း အနုပညာနဲ့ပတ်သက်တဲ့ အလုပ်ပဲဆိုတော့ ဝါသနာပါပါတယ်။ အနုပညာအလုပ်ကိုတော့ ပိုပြီးဝါသနာပါပါတယ်။

**မေး။ ဘယ်လိုဒီဇိုင်းတွေ ရေးဆွဲဖြစ်လဲ။**

ဖြေ။ ကျွန်မ အခုတော့ သင်တန်းတက်နေတုန်းပါ။ ကျွန်မဒီဇိုင်နာဖြစ်လာခဲ့မယ်ဆိုရင် ဝတ်စုံဒီဇိုင်းလှလှလေးတွေ ချုပ်ချင်ပါတယ်။

**မေး။ အနုပညာအလုပ်အပြင် ဘယ်လိုအကြောင်းအရာတွေနှစ်သက်လဲ၊ ဥပမာ ခရီးသွားတာ၊ ပန်းချီဆွဲတာ၊ အဲလို အကြောင်းအရာလေးတွေ ပြောပြပေးပါဦး။**

ဖြေ။ အားလပ်တဲ့အချိန်မှာ TV ကြည့်ရတာနှစ်သက်တယ်။ စာအုပ်ဖတ်ရတာနှစ်သက်ပါတယ်။

**မေး။ မကြာခင်ကျရောက်မယ့် New Year ရှိမယ်၊ ဘာတွေလုပ်ဖြစ်ဖို့အစီအစဉ်ရှိလဲ။**

ဖြေ။ အဲဒီအတွက်တော့ သေချာမစဉ်းစားရသေးပါဘူး။ New Year ကတော့ ဒီတိုင်းရိုးရိုးပဲဖြတ်သန်းဖြစ်မယ် ထင်ပါတယ်။

**မေး။ ပရိသတ်အတွက် စကားလက်ဆောင်ပါးပေးပါဦး။**

ဖြေ။ ကျွန်မရှေ့ဆက်ပြီးတော့ အောင်မြင်တဲ့အနုပညာရှင်တစ်ယောက်ဖြစ်ချင်ပါတယ်။ မော်ဒယ်ဘက်မှာပိုပြီး ဝါသနာပါတဲ့အတွက် အောင်မြင်တဲ့မော်ဒယ်တစ်ယောက်ဖြစ်ချင်ပါတယ်။ အဲဒီအတွက်လည်း ကြိုးစားသွားမှာပါ။ ပရိသတ်တွေအနေနဲ့လည်း အားပေးကြပါလို့ပြောချင်ပါတယ်။ ရှေ့ဆက်ပြီးပြိုင်ပွဲတွေဆက်ပြိုင်မယ်။ ပြီးတော့ ဆုတွေ ရအောင်ယူမယ်။ ရှိုးပွဲတွေလည်း အများကြီးလျှောက်ပြီး အနုပညာအလုပ်ကိုဆက်လုပ်သွားပါမယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၂၆-၁၂-၂၀၁၆(တနင်္လာနေ့)**

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇း၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၇း၅၀ "ရှန်းကန်လှုပ်ရှားဘဝများ" (စွန့်စွန့်စားစားကျောက်တူးသမား)
- ၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉း၃၅ "ရခိုင်ပြည်နယ်စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ မြေပြင်တွေ့ရှိချက်များ"
- ၁၀း၃၅ စိုက်ပျိုးရေးရာအဖြေရှာ "လိမ္မော်စိုက်ပျိုးရေး"
- ၁၀း၄၅ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုတေးအစီအစဉ်
- ၁၁း၁၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂း၃၅ ပြည်သူ့နီတိ"မိမိနေအိမ်ကို တည်ဆောက်ကြသူများ" (နေဆန်း၊ထက်နိုင်၊ နိုင်ဝင်း၊ချမ်းသာ) (ဒါရိုက်တာ-မိုးဇော်ကို)
- ၁း၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ"(အပိုင်း-၆၄)
- ၂း၂၅ "မြပုဏ္ဏမာအငြိမ့်"(မင်းသမီး-ဝင့်သီရိထွန်း၊ ဝင်းသပြေထွန်း၊လူရွှင်တော်-ဇာဂနာ၊ အရိုင်း၊ငှက်ပျောကြော်၊ ကင်းကောင်၊ ပိုးဖြူ ဂေါ်ဇီလာ)
- ၃း၃၅ Tasty Trip
- ၄း၁၅ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာပထမနှစ် (အင်္ဂလိပ်စာအထူးပြု)(အင်္ဂလိပ်စာ)
- ၄း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၅း၁၅ This Week's Special Interest
- ၅း၃၅ Yes or No Talk Show"Employee or Entrepreneur"(Part-2)
- ၆း၃၅ ဥပဒေရေးရာအဖြာဖြာ "အောင်မြင်သောအရှုံးသမား" (ဝေဖြိုးဟိန်း၊ ဟိန်းထွဋ်ဝင်း၊ ကိုဖြိုး၊ ဦးစံပေါ၊ ခင်ဖြူဖြူသန့်၊ Flory Chan၊ နန်းထက်စုလှိုင်လှိုင်မော်၊ ဝိုင်းသဥ္ဇာဗိုလ်) [ဒါရိုက်တာ-ဝေဠု(ဝသန်)]
- ၇း၁၅ "ဒီမိုကရေစီစိတ်ထား"(အပိုင်း-၁)
- ၈း၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ
- ၈း၃၅ "ကိုယ့်ထီးကိုယ်နန်းကိုယ့်ကြငှန်း ဖြင့်ခမ်းနားထွန်းပေါ်မြန်မာနိုင်ငံတော်"
- ၉း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ - နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၇၀) -မြန်မာနိုင်ငံရဲတပ်ဖွဲ့ဂုဏ်ပြုဇာတ်လမ်း "လင်းသောအရပ်မှ စောင့်လတ်သူများ"

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# တရုတ်ကလပ်တွင် ကစားရန် တစ်ပတ်ပေါင် ၇၀၀၀၀၀ ဖြင့် ရွန်းနီကမ်းလှမ်းခံရ



မန်ယူအသင်းနှင့် အင်္ဂလန်အသင်းတို့၏ အသင်းခေါင်းဆောင်ဖြစ်သူ ရွန်းနီသည် တရုတ်စူပါလိဂ်ကလပ် ဂေါင်ဇူးအဲဗားဂရန်ဒီအသင်းက တစ်ပတ်လုပ်ခလစာပေါင် ၇၀၀၀၀၀ ဖြင့် အံ့အားသင့်ဖွယ်ကောင်းသော ကမ်းလှမ်းမှုကို ခံထားရကြောင်း ဒေးလီးမေးလ်သတင်းဌာနက သတင်းဖော်ပြထားသည်။

အင်္ဂလန်ကြယ်ပွင့်ရွန်းနီသည် ချယ်လ်ဆီးအသင်းကွင်းလယ်ကစားသမား အော်စကာ တရုတ်စူပါလိဂ်ကလပ် ရှန်ဟိုင်း SIPG သို့ ပြောင်းရွှေ့ကစားရန်သဘောတူညီပြီး နောက်ပိုင်း တရုတ်စူပါလိဂ်က ခေါ်ယူလိုကြောင်း သတင်းထွက်ပေါ်လာသည့် ကစားသမားလည်းဖြစ်ပြီး ရွန်းနီအားကမ်းလှမ်းထားသည့် လုပ်ခလစာသည် လက်ရှိတွင် အမြင့်ဆုံးအနေအထားတစ်ရပ်လည်း ဖြစ်လာခဲ့သည်။

မန်ယူအသင်းခေါင်းဆောင် ရွန်းနီသည် မန်ယူအသင်းတွင် ၁၂ နှစ်ကြာ ပါဝင်ကစားပေးခဲ့ပြီး လက်ရှိ မန်ယူအသင်းတွင် ကစားနေသည့် ကစားသမားများအနက် မန်ယူကစားသမားဘဝသက်တမ်းအရှည်ဆုံးကစားသမားလည်းဖြစ်သည်။ လက်ရှိတွင် ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးနေခြင်းကြောင့် တရုတ်စူပါလိဂ်မှ အံ့အားသင့်ဖွယ်ကောင်းသည့်လစာဖြင့် ကမ်းလှမ်းထားခြင်းဖြစ်သည်။ (ငွေကြယ်)

## လေ့ကျင့်ရေးအစီအစဉ် နောက်ကျ၍ ဒဏ်ရိုက်ခံရသည်ကို မစိုးရိမ်တတ်တဲ့ အဂူရို

မန်စီးတီးအသင်းတိုက်စစ်မှူး အဂူရိုသည် အသင်းလေ့ကျင့်ရေး အစီအစဉ်ကို နောက်ကျမှ ရောက်လာတတ်သလို ထိုသို့ နောက်ကျတတ်သည့်အတွက် ဒဏ်ရိုက်ခံရမည်ကို စိုးရိမ်ပူပန်တတ်သူတစ်ဦးမဟုတ်ကြောင်း ချယ်လ်ဆီးကွင်းလယ်လူဟောင်း ဖရန့်လမ်းပတ်က ထုတ်ဖော်ပြောကြားချက်အရ သိရသည်။ လမ်းပတ်သည် ၂၀၁၄-၁၅ ဘောလုံးရာသီတွင် မန်စီးတီးသို့ အငှားဖြင့် ခေတ္တလာရောက်ကစားနေစဉ်အတွင်း အဂူရို လေ့ကျင့်ရေးအစီအစဉ်ကို နောက်ကျပြီးမှ အမြဲရောက်လာတတ်သည်ကို သတိပြုမိခဲ့ခြင်းဖြစ်ကြောင်း ချယ်လ်ဆီးအသင်းဖော်ဟောင်း ဂျွန်တယ်ရီနှင့်အတူ စကိုင်းစပို့ အားကစားအစီအစဉ်တင်ဆက်နေချိန်အတွင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂျွန်တယ်ရီက ချယ်လ်ဆီးအသင်းတွင် လေ့ကျင့်ရေးအစီအစဉ်နောက်ကျ၍မည်သူအများဆုံး ဒဏ်ရိုက်ခံရသူဖြစ်သလဲဆိုသည့် မေးခွန်းအတွက် လမ်းပတ်က "ချယ်လ်ဆီးမှာတော့ ဘယ်သူလဲ မမှတ်မိပေမယ့် အဂူရိုကတော့ မန်စီးတီးမှာ မကြာခဏနောက်ကျတတ်သူပါ။ ဒီအတွက် ဒဏ်ကြေးပေးရလည်း သူဂရုမစိုက်ပါဘူး။ လေ့ကျင့်ရေးကွင်းထဲကို ဖြည်းဖြည်းချင်း လမ်းလျှောက်ဝင်လာတတ်ပြီး ငါးမိနစ်လောက် အမြဲနောက်ကျနေသူပါ" ဟု ဖြေကြားခဲ့ခြင်းဖြစ်သည်။

(ရှိုင်ယန်ဟောဒင်)



## ဝက်စ်ဘရွန်းဂိုးသမား ဘန်ဖော်စတာ ၂၀၁၉ ထိဆက်ရှိမည့် စာချုပ်သစ်ချုပ်ဆို



ဝက်စ်ဘရွန်းဂိုးသမား ဘန်ဖော်စတာသည် အသင်းနှင့် စာချုပ်သစ်တစ်ရပ်ထပ်တိုး ချုပ်ဆိုလိုက်ပြီဖြစ်သည်။ ဘန်ဖော်စတာသည် နှစ်နှစ်ခွဲသက်တမ်းရှိစာချုပ်သစ်တစ်ရပ်ထပ်မံချုပ်ဆိုခဲ့ခြင်းကြောင့် ၂၀၁၉ ခုနှစ်အထိ ဝက်စ်ဘရွန်းအသင်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်းလည်း သိရသည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဂိုးသမားဘန်ဖော်စတာ၏ လက်ရှိစာချုပ်သက်တမ်းသည် ယခုနှစ်ဘောလုံး ရာသီကုန်တွင် ကုန်ဆုံးမည်ဖြစ်သောကြောင့် ဝက်စ်ဘရွန်းအသင်းက အသင်းအတွက်အားထားရသည့် ဂိုးသမားဘန် ဖော်စတာအား စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဂိုးသမားဘန်ဖော်စတာသည် ယခုနှစ်ဘောလုံးရာသီတွင် ဝက်စ်ဘရွန်းအသင်းနှင့်အတူ ပုံမှန်ပွဲထွက်ကစားခွင့်ရရှိနေသည့်ကစားသမားတစ်ဦးဖြစ်ပြီး လက်ရှိအချိန်အထိ ဝက်စ်ဘရွန်းအသင်းနှင့်အတူ ပရီမီယာလိဂ်ပွဲပေါင်း ၁၅၀ အထိ ပါဝင်ကစားပေးထားနိုင်ခဲ့သည်။

ဝက်စ်ဘရွန်းဂိုးသမား ဘန်ဖော်စတာသည် ၂၀၁၁ ခုနှစ်အတွင်းက ဘာမင်ဂမ်အသင်းမှ ဝက်စ်ဘရွန်းအသင်းသို့ အငှားဖြင့်လာရောက်ကစားခဲ့သူဖြစ်ပြီး တစ်ရာသီအငှားဖြင့် ကစားပြီးနောက် အမြဲတမ်းစာချုပ်ချုပ်ဆိုခဲ့သူဖြစ်သည်။ ဝက်စ်ဘရွန်းအသင်းသို့ ရောက်ရှိလာခဲ့ပြီးနောက်ပိုင်း ပြိုင်ပွဲအရပ်ရပ်တွင်ပွဲပေါင်း ၁၆၁ ပွဲ ပါဝင်ကစားပေးခဲ့သူဖြစ်သည်။

(ငွေကြယ်)

## နည်းပြအဖွဲ့ဝင်တစ်ဦးအဖြစ် အီဗရာဟီမိုဗစ်ကို ခန့်အပ်ရန် မန်ယူအသင်းစီစဉ်

မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ် အနေဖြင့် လာမည့်ဘောလုံးရာသီ ဘောလုံးကစားခြင်းမှ အနားယူဖြစ်လျှင်လည်း နည်းပြ မော်ရင်ဟို၏ နည်းပြ အဖွဲ့ဝင်တစ်ဦးအဖြစ် ဆက်လက်ဆောင်ရွက်ရန် မန်ယူအသင်းဘက်မှ လိုလားနေကြောင်း သိရသည်။

တရုတ်စူပါလိဂ်ကလပ်အသင်းများသည် ယခုထိ ခြေစွမ်းကျဆင်းမှုမရှိသေးသည့် အီဗရာဟီမိုဗစ်ကို တစ်ပတ်လုပ်ခ ပေါင် တစ်သန်းဖြင့် ကမ်းလှမ်းရန် စီစဉ်နေသောကြောင့် မိုဗစ်နှင့်ပတ်သက်၍ မန်ယူဘက်မှ ယခုကဲ့သို့ ကြိုတင်အစီအမံပြုနေခြင်းဖြစ်သည်။

မော်ရင်ဟိုကလည်း တရုတ်ကလပ်အသင်းများ၏ ကမ်းလှမ်းမှုကို မိုဗစ်ငြင်းပယ်ပြီး မန်ယူနှင့်သာ ဆက်လက်လက်တွဲလုပ်ဆောင်ရန် မျှော်လင့်နေခြင်းဖြစ်သည်။ မိုဗစ်သည် ယခုနှစ် ဘောလုံးရာသီတွင် မန်ယူအတွက် ၂၅ ပွဲဝင်ရောက်ကစားပြီး သွင်းဂိုး ၁၆ ဂိုးအထိ သွင်းယူထားကာ သူ၏ ကစားသမားဘဝ အဆုံးမသတ်သေးကြောင်း သက်သေထူနိုင်ခဲ့သည်။ မိုဗစ်၏ ကွင်းတွင်း၊ ကွင်းပြင်နေထိုင်ပြုမူပုံများသည် ဦးဆောင်သူတစ်ဦး ရှိသင့်ရှိထိုက်သည့် အရည်အသွေးများရှိသောကြောင့် မန်ယူအသင်းက မိုဗစ်ကို မန်ယူတွင်သာ ကစားသမားဘဝအဆုံးသတ်ပြီး နည်းပြအဖွဲ့ဝင်တစ်ဦးအဖြစ် ဆက်လက်ဆောင်ရွက်ရန် လိုလားနေခြင်းဖြစ်သည်။



မန်ယူတိုက်စစ်မှူး မာရှယ်လ်က " မိုဗစ်က ထိပ်တန်းကစားသမားဖြစ်ပါတယ်။ ကျွန်တော်တို့ သူ့ကို မကူညီနိုင်ပေမယ့် သူ့ဆီက အများကြီး သင်ယူလို့ရပါတယ်။ ကျွန်တော်တို့သူနဲ့အတူ လေ့ကျင့်ခန်းဆင်းရတိုင်း အခု သူဘာတွေ လုပ်ပြနိုင်တယ်။ အတိတ်တုန်းကလည်း ဘာတွေ စွမ်းဆောင်ပြနိုင်လဲဆိုတာ အမြဲ နှိုးဆော်နေသလိုပါပဲ" ဟု မန်ယူအသင်း ဝက်ဘ်ဆိုက်မှတစ်ဆင့် ပြောကြားခဲ့သည်။

မော်ရင်ဟိုက မိုဗစ်ကို နည်းပြအဖွဲ့ဝင်တစ်ဦးအဖြစ် အလိုရှိနေသလို မိုဗစ်ကလည်း စပါယ်ရှယ်ဝမ်း မော်ရင်ဟိုထံမှ စီမံခန့်ခွဲမှုအတတ်ပညာများကို သင်ကြားရန် လိုလားလျက်ရှိကြောင်း ဒေးလီးစတား သတင်းဌာန၏ ဖော်ပြချက်အရသိရသည်။ သို့သော် မိုဗစ်အနေဖြင့် နိုင်ငံလက်ရွေးစင်အသင်းမှ အနားယူပြီးဖြစ်သော်လည်း ကစားသမားဘဝမှ အနားယူမည်ဆိုသည့်အဖြေကို အခုထိ သဲသဲကွဲကွဲ ဖြေကြားခြင်းမရှိသေးပေ။ ပြီးခဲ့သည့် ဒီဇင်ဘာ ၂၃ ရက်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မော်ရင်ဟိုက မိုဗစ်အနေဖြင့် မန်ယူအသင်းတွင်သာ ကစားသမားဘဝ အဆုံးသတ်လိမ့်မည်ဖြစ်ကြောင်း အရိပ်အမြွက်ပြောကြားခဲ့သည်။

မော်ရင်ဟို၏ အဆိုအရ မိုဗစ်သည် သူ၏ ကစားသမားဘဝကို အဆင့်မြင့်လိဂ်တစ်ခုတွင်သာ အဆုံးသတ်မည့်သူဖြစ်သောကြောင့် အမေရိကန်မေဂျာလိဂ်နှင့် တရုတ်စူပါလိဂ်တို့သို့ သွားရောက် ကစားလိမ့်မည်မဟုတ်ကြောင်း သိရသည်။ (ရှိုင်ယန်ဟောဒင်)

## ၂၀၁၆ ခုနှစ်ရဲ့ ဥရောပသွင်းဂိုးအများဆုံးသွင်းယူနိုင်ခဲ့သည့် ကစားသမားအမည်ကို ယူအီးအက်ဖ်အေ ထုတ်ပြန်ကြေညာ

၂၀၁၆ ခုနှစ် ကုန်ဆုံးဖို့ ရက်အနည်းငယ်သာလိုတော့တဲ့အချိန် ယူအီးအက်ဖ်အေ(ဥရောပဘောလုံးအဖွဲ့ချုပ်)သည် ၂၀၁၆ ခုနှစ်အတွင်း ဘယ်ကစားသမား ဥရောပသွင်းဂိုးအများဆုံးသွင်းယူနိုင်ခဲ့သူဖြစ်တယ်ဆိုတာ ယူအီးအက်ဖ်အေ ဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်ဖော်ညွှန်းဆိုလိုက်ပြီဖြစ်သည်။ အဆိုပါ ကစားသမားက ဘလွန်းဒီအောဆုရှင် စီရိုနယ်လ်ဒိုထက် တစ်ဂိုးအသာနဲ့ ဥရောပသွင်းဂိုးအများဆုံးကစားသမားဘွဲ့ကို ရယူသွားခြင်းဖြစ်သည်။

အက်ဒါ ဟီကာဘာ့ဂ်ျလို့ အမည်ရတဲ့ နော်ဝေအမျိုးသမီးတိုက်စစ်မှူးသည် ၂၀၁၆ ခုနှစ်အတွင်း အမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် လိုင်ယွန်အသင်းအတွက် ကိုးဂိုး၊ အမျိုးသမီးယူရိုဖလားခြေစစ်ပွဲစဉ်များအတွင်း နော်ဝေလက်ရွေးစင်အသင်းအတွက် ခုနစ်ဂိုး၊ အိုလံပစ်ပြိုင်ပွဲ ဥရောပရှုံးထွက်ပွဲစဉ် သွင်းဂိုးနှစ်ဂိုးဖြင့် ၁၂ လတာကာလအတွင်း စုစုပေါင်းဥရောပသွင်းဂိုး ၁၈ ဂိုး သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။



စီရိုနယ်လ်ဒိုသည် ပြီးခဲ့သည့် ၁၂လတာကာလအတွင်း ချန်ပီယံလိဂ်သွင်းဂိုး ခုနစ်ဂိုး၊ ယူရိုဖလားပြိုင်ပွဲအတွင်း သွင်းဂိုးသုံးဂိုးနှင့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲတို့တွင် သွင်းဂိုး ခုနစ်ဂိုး စုစုပေါင်းသွင်းဂိုး ၁၇ ဂိုးသာရရှိခဲ့ရာ ဟီကာဘာ့ဂ်ျ၏ နောက်ကောက်ချခံခဲ့ရသည်။ စီရိုနယ်လ်ဒို၏ နောက်တွင် ဘိုင်ယန်မြူးနစ်နှင့် ပိုလန်တိုက်စစ်မှူး လီဝမ်ဒေါစကီးက သွင်းဂိုး ၁၅ ဂိုးဖြင့် တတိယနေရာတွင် ရပ်တည်နေသည်။ ဘာစီလိုနာ စတားမက်ဆီနှင့် အက်သလက်တီကို တိုက်စစ်မှူး ဂရစ်ဇ်မန်းတို့နှစ်ဦးသည် ဥရောပသွင်းဂိုး ၁၃ ဂိုးဖြင့် အရေအတွက်တူညီနေသည်ကို တွေ့ရသည်။ (ရှိုင်ယန်ဟောဒင်)

# မန္တလေးနှင့် မန္တလေးသား

ဆူးငှက်

(က)

၁၂၂၁ခု ကဆုန်လပြည့်ကျော် ၇ ရက်နေ့တွင် တည်ခဲ့သော မန္တလေးမြို့သည် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်နေ့တွင် ပျက်ခဲ့သည်။ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဟူသော အနာဂတ်အတွက် မျှော်လင့်ချက်ထားခဲ့ရသော်လည်း အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးနောက် မြန်မာဘုရင် ရွှေနန်းရှင်တို့ ရွှေနန်းတော်ကြီးမှာမူ ရွှေမှန်ကင်းအစစ်မှထင်းဖြစ်မည့်ကိန်းသို့ တစ်စတစ်စကူးပြောင်း ဆုတ်ယုတ်လာခဲ့သည်။

ရွှေနန်းတော်ကြီး၏ အနေအထား ညှိုးငယ်သွားသည်သာမက အင်္ဂလိပ်သိမ်းပိုက်ပြီး ခြောက်လအကြာတွင် ရွှေလွှတ်တော်ကြီးကို ဖျက်သိမ်းလိုက်သည်။ သစ်တပ်ဝင်းတော်ကြီးနှင့်အတူ ဝင်းရုံး၊ တရားရာဇဝတ်ရုံး၊ နောက်ရုံး စသည်များနှင့် ရွှေနန်းတော်မှ နန်းဆောင်ပေါင်း ၁၀၀ ကျော်အနက် အဆောင်ပေါင်း ၆၀ ကျော်၊ ၇၀ ခန့်ကို ပယ်ဖျက်ရပ်သိမ်းခဲ့၏။

ဤသို့ဖြင့် ရွှေနန်းတော်ကြီးနှင့်တကွ မြန်မာအချုပ်အခြာအာဏာပိုင်ဆိုင်ခြင်းအားလုံးကို ဖျက်ဆီး၍ ကြံစည်မှုများရှိလာသလို တစ်ဖက်ကလည်း အမြော်အမြင်ကြီး၍ အုပ်စိုးသူ၊ အုပ်စိုးခံဟူသော သဘောထားကို တရားသေမဆုပ်ကိုင်ဘဲ လူသားဝါဒဖြင့် ပညာရှိပီသသူများက ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အထိမ်းအမှတ် အဆောက်အအုံများကို ပကတိအရှိအတိုင်း မပျက်မကွက် ရှိစေလိုကြ၏။ ထိုအစုအစည်းတွင် လော့အယ်လဂျင် (Lord Elgin) ဆိုသော ပုဂ္ဂိုလ်ကြီးက အထင်အရှားဖြစ်သည်။

ထို့ကြောင့်လည်း ၁၈၉၀ ပြည့်နှစ်(၁၂၆၀ခု)တွင် မြေနန်းပြာသာဒ်တော်ကြီးကို ငွေကျပ်တစ်သိန်း အကုန်အကျခံပြီးရှေးမူအတိုင်း ရွှေချပြုပြင်ခဲ့သည်။ ၁၈၉၈ ခုနှစ်နောက်ပိုင်းတွင် သက်ဆိုင်ရာ အိန္ဒိယအစိုးရအား ရှေးဟောင်းပစ္စည်းများ ကာကွယ်စောင့်ရှောက်ပေးရေးကို တိုက်တွန်းကြသည်။ ထို့ကြောင့် ၁၉၀၄ ခုနှစ်တွင် (The Ancient Monuments Preservation Act, 1904)ကို အိန္ဒိယအစိုးရက ပြဋ္ဌာန်းပေးလာသည်။ ထိုဥပဒေနံပါတ် ၇၊ ပုဒ်မ ၃(၁) အရ ရှေးဟောင်းအဆောက်အအုံ ၁၄ ဌာနကို ၁၉၀၈ ခုနှစ်တွင် စောင့်ရှောက်ထိန်းသိမ်းခဲ့၏။ ၁၉၀၉ ခုနှစ်တွင် နောက်ထပ် သာသနိကအဆောက်အအုံလေးဌာနကို ထပ်မံတိုးချဲ့စောင့်ရှောက်ထိန်းသိမ်းခဲ့သည်။

မန္တလေးတွင် ရုံးစိုက်ဖွင့်လှစ်ခဲ့သော မြန်မာနိုင်ငံတော် ကမ္ပည်းကျောက်စာဌာနကလည်း ဒုတိယကမ္ဘာစစ်ကြီးအထိ မန္တလေးရှိ ရှေးဟောင်းအဆောက်အအုံများကို မျက်ခြည်မပြတ် စောင့်ကြည့်ထိန်းသိမ်းခဲ့သည်။

(ခ)

၁၉၄၂ ခုနှစ် မေ ၃ရက် (၁၃၀၃ ခု နှောင်းတန်ခူးလဆုတ် ၄ ရက် သောကြာနေ့) နံနက် ၁၁ နာရီအချိန်လောက်တွင် လေယာဉ်အစင်း ၈၀ ကျော် ပါဝင်သည့် ဂျပန်လေတပ်ကြီးက မန္တလေးမြို့ပေါ်သို့ အနိမ့်ပျံသန်းလာပြီး လူနေရပ်ကွက်များပါမကျန် တရစပ် ဗုံးကြဲတိုက်ခိုက်သည်။ လူအများအပြား သေကျေကြသလို နန်းမြို့တော်၏ တောင်ဘက်မြို့ရိုးရှိ ပြာသာဒ်များလည်း မီးလောင်ပျက်စီးကုန်၏။ မေလ ၁ရက်နေ့တွင် ဂျပန်က မန္တလေးကို အပြီးအပိုင် သိမ်းပိုက်နိုင်ခဲ့သည်။ ဂျပန်၏ မန္တလေးမြို့သိမ်းတိုက်ပွဲတွင် ရှေးဟောင်းဘုရားကျောင်းကန်ဇရပ်များအပြင် ဆေးရုံ၊ ဘူတာ၊ ကြေးနန်းရုံ၊ ဂတ်တဲ၊ မီးသတ်၊ ဓာတ်စက်ရုံ၊ ဘဏ်များ၊ စာသင်ကျောင်းများ၊ ကုန်တိုက်ကြီးများနှင့် လူနေအိမ်ခြေအများအပြား မီးလောင်ပျက်စီးခဲ့ရ၏။ မန္တလေးကို ဂျပန်အုပ်စိုးသည့် သုံးနှစ်တာကာလအတွင်းနှင့် မဟာမိတ်တပ်များ ပြန်လည်သိမ်းပိုက်မှုကြောင့် ဂျပန်ပြန်အဆုတ် မန္တလေးသည် ထပ်မံ၍ မြေစာပင်ဖြစ်ခဲ့ရပြန်သည်။ ၁၃၀၆ ခုနှစ် တပို့တွဲလဆန်း ၁ ရက်နေ့တွင် မန္တလေးတောင်ခြေမှ စံကျောင်းတော်ကြီး မီးလောင်ပျက်စီးခဲ့သည်။ တပေါင်းလကွယ်နေ့တွင် စလင်းတိုက်ကြီး မီးလောင်ပျက်စီးခဲ့သည်။ တန်ခူးလဆန်း ၂ ရက်နှင့် ၃ ရက်နေ့များက နာမည်ကျော် အရှေ့ပြင်တိုက်တော်ကြီး မီးလောင်ပျက်စီးခဲ့သည်။ တန်ခူးလဆန်း ၅ ရက်နေ့မှာတော့ ရွှေနန်းတော်ကြီး မီးလောင်ပျက်စီးခဲ့ပြန်၏။

မန္တလေးတောင်ခြေ ကျောက်တော်ကြီးဘုရားအရှေ့မုခ်၏တောင်ဘက်၌ မြို့တည်နန်းတည် ခုနစ်ဌာနအပါအဝင်ဖြစ်သော သုဓမ္မာဇရပ်တော်ကြီးနှင့် မြောက်ဘက်ရှိ ပဋ္ဌာန်းဟော ရွှေသိမ်တော်ကြီးလည်း မီးလောင်ပျက်စီးခဲ့ချေပြီ။ ထို့ပြင် မဟာမုနိဘုရားကြီး စောင်းတန်းနှစ်သွယ်၊ မုခ်ဦးပြာသာဒ်တော်ကြီးများ၊ သကျသီဟဘုရား ဂန္ဓကုဋိပြာသာဒ်တော်ကြီး၊ တောင်ပြင်ငါးစို့ကျောင်းကြီး၊ ရွှေရေးဆောင်တိုက်ကျောင်းကြီး၊ မြတောင်ရွှေကျောင်းတော်ကြီး၊ တောင်ခွင်ကျောင်းကြီး၊ အကောက်ဝန်ကျောင်းကြီး၊ သင်္ဂဇာကျောင်းကြီး၊ ယောအတွင်းဝန်အုတ်ကျောင်းကြီး၊ မိုးထိကျောင်းကြီး၊ တောင်ပြင်မှန်ကျောင်းတိုက်ကြီးနှင့် အတုမရှိကျောင်းတော်ကြီးတို့လည်း စစ်ဒဏ်၊ ဗုံးဒဏ်ဖြင့် ပြာပုံဘဝရောက်ကြရတော့သည်။

မန္တလေးသည် မြန်မာလူမျိုးတို့၏ နှလုံးသည်းပွတ်ဖြစ်သည်။ မြန်မာလူမျိုးတို့၏ စရိုက်လက္ခဏာဖြစ်သည်။ မြန်မာလူမျိုးတို့၏ ဇာတိသွေးဟုလည်း ခေါ်ဆိုရမည်။ ဆုံးရှုံးမှုများအတွက်လည်း ဖြေသိမ့်နိုင်၏။ ပူဆွေးမှုများထဲမှဖြေသိမ့်ကာ အားမာန်မွေးယူ ပြန်လည်တည်ဆောက်သည့် စရိုက်လက္ခဏာ အပြည့်ရှိသည်။

(ဂ)

ဤသို့ဖြင့် ကျန်ကောင်းကျန်ရာဖြင့် အစပြုကာ မန္တလေးကို မြန်မာ့စရိုက်၊ မြန်မာ့လက္ခဏာ၊ မြန်မာ့ပုံရိပ်ပီသစွာဖြင့် ပြန်လည်တည်ဆောက်ခဲ့ကြခြင်း ဖြစ်သည်။ ဤသို့ဖြင့် မန္တလေးမသေခဲ့။

ဝိတိုရိယဘုရင်မကြီး နန်းတက်သက် ၆၀ ပြည့်နှစ်အထိမ်းအမှတ် ဈေးချိုနာရီစင်ကြီးတွင် တပ်ဆင်အသုံးပြုရန်အတွက် သီးခြားထုတ်လုပ်တည်ဆောက်ပေးခဲ့သော သံပတ်ပေး ရောမကိန်းဒိုင်ခွက်များနှင့် သံမဏိနာရီစင်ကြီးပေမယ့် အချိုးကျ လှပခံ့ညားသောပြာသာဒ်၊ မြန်မာမှုအမွှမ်းပန်းများနှင့် မြန်မာမှုဗိသုကာကို အခြေခံသည်။



၁၂၉၈ ခုနှစ်တွင် မလွန်ဈေးလူငယ်များမှ စတင်တည်ထောင်ခဲ့သည့် မလွန်ဈေး ဆန်လှူအသင်းကြီး၊ ဘာသာသာသနာကို အစဉ်တစိုက် မညှိုးနွမ်းရလေအောင် မြို့မိမြို့ဖများဦးဆောင်၍ ၁၂၆၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့တွင် တည်ထောင်ခဲ့သော ပရိယတ္တိသာသနာ့ဟိတအသင်းကြီးနှင့် နှစ် ၅၀ ကျော်အကြာ ၁၃၁၃ ခုတွင် တည်ဆောက်ပြီးစီးခဲ့သည့် မလွန်သာသနာ့ဗိမာန်တော်ကြီး။ မစိုးရိမ်ကျောင်းတိုက်၊ ရွှေအင်ပင်ကျောင်းတိုက်တို့ကဲ့သို့သော အခြေတည် အားကောင်းပြီး မန္တလေးသာသနာဝင်အတွက် ထပ်မံပွားစည်းထွန်းကားစေမည့် ကျောင်းတိုက်တော်ကြီးများ။ ၁၉၂၅ခုနှစ်တွင် မန္တလေးသား ပညာတတ်ဝါသနာရှင်များ ရည်ရွယ်ချက်ကောင်းဖြင့် စုစည်းတည်ထောင်ခဲ့သည့် မြို့မအပျော်တမ်းတူရိယာအသင်းကြီး၊ ထို့ပြင် သဘင်တက္ကသိုလ်ဟုခေါ်ဆိုကာ ပညာရည်နို့သောက်စို့ခဲ့ကြရသော သုခုမသဘင်မှုနှင့် ပန်းဆယ်မျိုးအတတ်ပညာများ ထွန်းကားဖြန့်ဖြူးရာ နေရာဌာနကြီး စသည်ဖြင့်. . . စသည်ဖြင့်. . . မန္တလေးဟူသော မူလဗီဇကို ပိုမိုကြီးထွားအားကောင်းစေရန် ရုပ်ပိုင်း၊ နာမ်ပိုင်းအလိုက် စည်ပင်အားကောင်းစေခဲ့သည်။

အထူးသဖြင့် သီးခြားတစ်ခန်းတစ်ကဏ္ဍအနေဖြင့် တင်ပြရသော် မြန်မာစာပေသမိုင်းတွင် ဂန္ထဝင်စာပေပိုင်းဆိုင်ရာအားကောင်းခဲ့သည့် သာဓကများနည်းတူ “လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်” ဟူသော သဘောထားဖြင့် ဆင်သွားလမ်းဖြစ်စေခဲ့သည့် ပြည်သူ့အကျိုးပြုစာပေများကို မှတ်တမ်းမှတ်တိုင် ခိုင်ခိုင်ကျန်ရစ်စေခဲ့သည်။ မန္တလေးစာပေလှုပ်ရှားမှုများကလည်း မာန်မာနဖြင့် ခံ့ထည်စေခဲ့သော စာပေသမိုင်းကို ခိုင်မာကျယ်ပြန့်စွာ နေရာယူ အကျိုးဖြစ်ထွန်းစေခဲ့သည်။

(ဃ)

မန္တလေးက မြို့ပြစတင်လျာထားပုံစံထုတ်ကတည်းက မြန်မာ့စိတ်ဓာတ်၊ မြန်မာ့စရိုက်နှင့်အညီ မြန်မာမှုဗိသုကာကို အခြေခံပြီး ပုံစံထုတ်ခဲ့ကာ မြန်မာပညာရှင်များ၊ မြန်မာအလုပ်သမားများကိုယ်တိုင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မင်းနေပြည်တော်အဖြစ် မြို့သစ်နန်းသစ်ကို တည်ဆောက်ခဲ့ခြင်းကြောင့် အကောင်းဆုံးစိတ်ကူး၊ အကောင်းဆုံး အစီအမံ၊ အကောင်းဆုံးဆောင်ရွက်မှုများကိုသာ အသုံးပြုခဲ့၍ မြန်မာနှင့်ပတ်သက်သောအပြည့်စုံဆုံးစံနမူနာ မြို့ပြဖြစ်ခဲ့သည်မှာ ငြင်းဖွယ်မရှိခဲ့။ ထို့ပြင် မြန်မာတို့၏ မြို့ပြအိမ်ရာ လူမှုဝန်းကျင်နှင့်အတူ မြန်မာ့လက်မှုပန်းဆယ်မျိုး အနုပညာများကိုလည်း တစ်နေရာတည်းတွင် တစုတဝေးတည်း တည်ရှိခဲ့သောမြို့လည်းဖြစ်သည်။ မြို့ကွက်၏ အတိုင်းအထွာများသည်ပင်လျှင် မြန်မာ့ရိုးရာဓလေ့ ဘာသာရေးယုံကြည်မှုများနှင့် တိုက်ရိုက်ပတ်သက်နေခြင်း၊ လေးထောင့်ကျကျ မြို့ကွက်တွင်း စုဝေးနေထိုင်ကြခြင်းဖြင့် မြန်မာတို့၏ လက်ရည်တစ်ပြင်တည်း နေထိုင်မှုပုံစံကို ဖော်ဆောင်ခြင်းများက မန္တလေး၏ထင်ရှားသည့် လက္ခဏာများ ဖြစ်စေခဲ့သည်။

ကနဦးမူလစတင်ခဲ့သည့် မြို့ပြအခင်းအကျင်း ပန္နက်ကပင် မြန်မာမှုစစ်စစ် ဖြစ်ခဲ့၏။ တစ်နည်းဆိုရသော် ထိုအခင်းအကျင်း ပန္နက်ကပင် Tangible Culture လက်ဆုပ်လက်ကိုင်ပြနိုင်သော(ဝါ) အကောင်အထည် ရုပ်ဝတ္ထုရှိသော၊ ဒြပ်ဝတ္ထုရှိသော ယဉ်ကျေးမှုဖြစ်သည်။ Immocrable Cultural Property မရွှေ့ပြောင်းနိုင်သော ယဉ်ကျေးမှုဝတ္ထုပစ္စည်းလည်း မည်ပါ၏။

ထို့ကြောင့် မြန်မာတို့၏ စိတ်ကူးစိတ်သန်း၊ မြန်မာတို့၏ အစီအမံ၊ မြန်မာတို့၏ အတိုင်းအထွာ၊ မြန်မာတို့၏ ဓလေ့စရိုက်၊ မြန်မာတို့၏ ရိုးရာအစဉ်အလာနှင့် အညီ တည်ဆောက်ခဲ့ပြီး အနှစ်(၁၀၀) သက်တမ်းအတွင်း မပျက်မစီး မယိုမယွင်းရှိခဲ့သော မန္တလေးမြို့ကို အရှိပကတိမူလအတိုင်း မပျက်မစီးထိန်းသိမ်းသောနည်းဖြင့်သာ တည်ရှိစေလိုခြင်းလည်း ဖြစ်ပါသည်။

ဒါက မန္တလေးသားတို့၏ ဘိုးစဉ်ဘောင်ဆက် လက်ခံရယူခဲ့သည့် သမိုင်းပေး အမွေအနှစ်ဖြစ်သည်။ ဒါကိုပဲ အစဉ်အဆက် မန္တလေးစိတ်ဓာတ်ဟူ၍ တန်ဖိုးထားဂုဏ်ယူခဲ့ကြသည်။ ဒါကိုထိလျှင် မန္တလေးပျက်သည်ဟု စွဲစွဲမြဲမြဲ လက်ခံထားကြ၏။ ဒါကိုလက်ခံထိန်းသိမ်းလျှင် မန္တလေးဂုဏ်ဆောင်ဟု ကြွေးကြော်ဆိုဦးထိပ်ထားကြသည်။ ထို့ကြောင့်လည်း မန္တလေးဂုဏ်ဆောင်သော မြို့မိမြို့ဖကြီးများက မန္တလေး၏ ဖြစ်ပေါ်တိုးတက်မှုများနှင့်အတူ ထူးခြားသော အချိုးအကွေ့တိုင်းတွင် မှန်ကန်စွာ ဦးဆောင်နိုင်ခဲ့ကြသည်။ ထို့ကြောင့်လည်း မန္တလေးသည် မန္တလေးပီသစွာဖြင့် အနှစ် ၁၀၀ ကျော်မက အနှစ် ၁၂၀ ကျော်စွန်းစွန်းအထိ တည်တံ့ခဲ့သည် မဟုတ်ပါလား။ ၁၉၈၀ ခုနှစ်ဝန်းကျင်အထိ ဆိုပါစို့။

(င)

မန္တလေးသား ဆိုသော်ငြား မန္တလေးကို အုပ်ချုပ်သူသည် (သို့မဟုတ်) မန္တလေးနှင့်ပတ်သက်သော တာဝန်ရှိသူသည် မန္တလေးသားတို့ တန်ဖိုးထားသော မန္တလေးစိတ်ဓာတ်ကို ကနဦး အစကတည်းက သိရှိဖို့လိုသည်။ နားလည်ဖို့လိုသည်။ သဘောပေါက်ဖို့လိုသည်။ သိရှိနားလည်သဘောပေါက်ပြီး မိမိလုပ်ပိုင်ခွင့်နှင့် ရနိုင်သလောက် အကောင်အထည်ဖော်ဆောင်နိုင်လျှင် မြို့လူထုက လက်ခံမည်။ မိမိလုပ်ပိုင်ခွင့်ကို ခွင့်ပြုရရှိထားသည်ထက် သတ္တိရှိရှိ ပိုမိုတိုးချဲ့ အားထုတ်ဆောင်ရွက်လျှင် မြို့လူထုက ချစ်မည်။ မြို့လည်းတိုးတက်မည်။



# ဌာနအနေဖြင့် တောင်သူအကျိုးပြုဦးတည်ဆောင်ရွက်၊ ထိတွေ့တင်ပြခြင်းသည်အလုပ်ပြီးမြောက်



**ပဲခူး ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ခုနှစ် နွေစပါးစိုက်ပျိုးရေ ပေးဝေရေးအတွက် ဆည်၊ ကန်များနှင့် ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်းများဖြင့် နွေစပါးစိုက်ပျိုးရေပေးဝေနေခြင်းတို့အား ဒီဇင်ဘာ ၂၂ ရက်က ပဲခူးခရိုင် ပဲခူးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့အတွင်း ၂၀၁၆ မိုးစပါးအောင်ရေနှင့် ၂၀၁၆-၂၀၁၇ ခုနှစ် နွေစပါးစိုက်ပျိုးရေပေးဝေနေမှု၊ ရေသောက်စနစ်ရေပေးမြောင်းများ ပြုပြင်နေမှုများ၊ ချောင်းပိတ်မြောင်းပိတ် လုပ်ငန်းများမှ စိုက်ပျိုးရေပေးဝေရေး ဆောင်ရွက်နေမှုများအား ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်သည် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုး၊ ဦးစီးအရာရှိများဖြစ်သော ဦးဇော်မျိုးနိုင်၊ ဦးဟန်ကိုလတ်တို့ နှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ပဲခူးမြို့နယ် စလူရေလှောင်တမံသို့သွားရောက်ပြီး နွေစပါးစိုက်ပျိုးရေအား ပဲခူးမြစ်မှတစ်ဆင့် ဇောင်းတူရေလွှဲဆည်သို့ ရေဖြည့်တင်းရန် ဆောင်ရွက်ထားရှိမှု၊ ဇောင်းတူရေလွှဲဆည် ရေအခြေအနေ၊ စိုက်ပျိုးရေပေးဝေနေမှုတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒိုက်ဦးမြို့နယ်အတွင်းရှိ ဘောနီရေလှောင်တမံသို့ သွားရောက်ပြီး ဘောနီရေလှောင်တမံမှ မိုးစပါးအောင်ရေ ပေးဝေနေမှု၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် နွေစပါးစိုက်ပျိုးရေ ပေးဝေနိုင်ရန် လက်တံမြောင်းများ ပြုပြင်ဆောင်ရွက်နေမှုများ၊ ဒိုက်ဦးမြို့နယ်အတွင်း ချောင်းပိတ် မြောင်းပိတ် နည်းလမ်းဖြင့် နွေစပါးစိုက်ပျိုးရေ ရရှိရေးအတွက် ဆောင်ရွက်ခဲ့မှုများ၊ ရေပေးဝေနေမှုများအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ကတုတ်ဘုရားကြီးကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် တောင်သူများက ၎င်းတို့ကြုံတွေ့နေရသော ကျေးရွာချင်းရေဖြတ်ကျော်ယူရာတွင် ညှိနှိုင်း၍မရ ဖြစ်နေမှု တင်ပြလာခြင်းအား တောင်သူများ၏ လတ်တလော ရေလိုအပ်နေမှုအပေါ် ဌာနအနေဖြင့် ဆောင်ရွက်ပေးနိုင်မည့် ကျေးရွာရှောင်ကွင်း၍ ရေခေါ်မြောင်းတူးဖော်ခြင်းလုပ်ငန်းအား စက်ယန္တရားဖြင့် ချက်ချင်းဆောင်ရွက်ပေးရန် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညွှန်ကြားရေးမှူးက ယခုကဲ့သို့ ဌာနနှင့်ကွင်းအတွင်း တိုက်ရိုက်ထိတွေ့တင်ပြဆောင်ရွက်ခြင်းသည် လွန်စွာကောင်းမွန်ကြောင်း၊ ဌာနအနေဖြင့် တောင်သူအကျိုးပြု ဦးတည်ဆောင်ရွက်နေသည့်အတွက် ကွင်းအတွင်း ထိတွေ့တင်ပြခြင်းသည် ချက်ချင်းအောင်မြင်မှု အလုပ်ပြီးမြောက်မှာဖြစ်ကြောင်း၊ အထက်အဆင့်ဆင့် စာရေးသားတင်ပြခြင်းသည် အချိန်ကုန် ကြန့်ကြာမှုသာဖြစ်နိုင်ကြောင်း၊ မိမိဝန်ထမ်းများသည် ရေပေးရာသီ ကွင်းအတွင်း အချိန်ပြည့်ရှိနေမည်ဖြစ်သည့်အတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း ပြောကြားခဲ့သည်။

**သူရိန်ထွန်း(ပဲခူး)**

## ရဟန်း၊ သာမဏေများအား သာသနာ့ဝင်စိစစ်ရေးကတ်ဆက်ကပ်

**မင်္ဂလာတောင်ညွန့် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မလွှကုန်းမီးရထားရပ်ကွက်ရှိ မြို့နယ်သံဃနာယကကျောင်းတိုက်၌ ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် ဒုတိယခရိုင်မှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ရဟန်း သာမဏေ ၁၇၉ ပါးတို့၏ သာသနာ့ဝင် စိစစ်ရေးကတ်ပြားများကို မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏဓဇအား ဆက်ကပ်ခဲ့သည်။

အခမ်းအနားသို့ ကျောင်းတိုက်များမှ ဆရာတော်များ၊ မြို့နယ် ဒုအုပ်ချုပ်ရေးမှူး ဦးပြည့်စုံ၊ မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ ရဲအုပ်ဝင်းထွန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **၁၁၈**

## မွန်ပြည်နယ်တွင် ထောက်ခံချက် ရရှိထားခြင်းမရှိသည့် ငရုတ်သီးမှုန့်များအား သိမ်းဆည်း

**မော်လမြိုင် ဒီဇင်ဘာ ၂၅**



မွန်ပြည်နယ် ဗဟိုအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ပြည်နယ်အတွင်းရှိ ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အစားအသောက် ထုတ်လုပ်ခြင်း၊ ထောက်ခံချက်ရရှိထားခြင်းမရှိသည့် ငရုတ်သီးမှုန့်များအား မြို့နယ်များအလိုက် ပူးပေါင်းအဖွဲ့များဖြင့် သိမ်းဆည်းဖျက်ဆီးသွားရန် ညွှန်ကြားချက်ဖြင့် ကျိုက်မရောမြို့နယ်တွင် ဒီဇင်ဘာ ၂၀ ရက် နံနက် ၇ နာရီခွဲမှ စတင်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးဦးညွန့်ဝေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သန်း၊ မြို့နယ် ကျန်းမာရေးဦးစီးမှူး ဦးအောင်ဆန်း၊ စားသုံးသူရေးရာဦးစီးဌာန၊ ကျိုက်မရောမြို့နယ်တာဝန်ခံ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ရပ်ကွက်ကျန်းမာရေးမှူးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဈေးကော်မတီဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းတွင် ကျိုက်မရောမြို့မဈေး၊ ဘိန်းဗျောပျံကျဈေး၊ ပိန္နဲကုန်းဈေးတို့အား စစ်ဆေးခဲ့ရာ အမှတ်တံဆိပ်မရှိ ငရုတ်သီးမှုန့်နမူနာ ၂၀ ထုပ်၊ အမှတ်တံဆိပ်ပါ ငရုတ်သီးမှုန့်နမူနာ လေးထုပ်တို့အား အဖွဲ့မှ သိမ်းဆည်းခဲ့ပြီး ရောင်းချသူများအား ငရုတ်သီးမှုန့်များတွင် ဆိုးဆေးများပါဝင်နေမှု၊ (Aflatoxin B1) လို့ခေါ်တဲ့ စိုထိုင်းမှုကနေပြီး မှိုအဆိပ်ဖြစ်နေတဲ့ အရောင်တင်မှုန့်နှင့် ငရုတ်သီးမှုန့်များကို မရောင်းချရန်၊ အိမ်တွင်းထုတ်လုပ်မှုဖြစ်ပါက အမှတ်တံဆိပ်၊ ထောက်ခံချက်များရယူပြီးမှ ရောင်းချသွားကြရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ပြည်နယ် ပြန်/ဆက်**

## ဘေးအန္တရာယ်ဖြစ်ပွားမှု သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ပေးပို့ရယူကြည့်ရှုနိုင်သည့် Mobile Application များ သထုံ၌ မိတ်ဆက်

**သထုံ ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် သထုံမြို့နယ် သုဓမ္မဝတီမြို့သစ်ရှိ သထုံခရိုင်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနရုံး၌ ဒီဇင်ဘာ ၂၂ ရက် နံနက်က ဒေသအသီးသီးရှိ ဘေးအန္တရာယ်ဖြစ်ပွားမှု သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီပေးပို့နိုင်ပြီး သတင်းများရယူကြည့်ရှုနိုင်မည့် Mobile Application များမိတ်ဆက်ခြင်းနှင့် အသုံးပြုပုံများကို တာဝန်ရှိသူတို့က ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

ပြည်သူများအနေဖြင့် ဘေးအန္တရာယ်ကျရောက်လာပါက အချိန်မီသိရှိပြီး ကြိုတင်ပြင်ဆင်နိုင်စေရန်နှင့် အရေးပေါ်တုံ့ပြန်မှုများပြုလုပ်နိုင်စေရန်အတွက် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနမှ Mobile Application များကို စီစဉ်ရေးဆွဲထားခြင်းဖြစ်ကြောင်း သထုံခရိုင်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှကေသီမာက ပြောသည်။

"ဒီ Mobile Application လေးကိုသုံးပြီး သဘာဝဘေးနဲ့ဆိုင်တဲ့ ကနဦး သတင်းကို မည်သူမဆိုပေးပို့နိုင်မယ်။ အဲဒီသတင်းတွေကို အတည်ပြုပြီး ပြည်သူတွေအမြန်ဆုံးသိအောင် ထုတ်ပြန်တာပေါ့။ သဘာဝဘေးဖြစ်တဲ့အခါမှာ မြန်မြန်သိ မြန်မြန်ကူညီကယ်ဆယ်နိုင်ရင် ထိခိုက်မှု နည်းမယ်။ ဒီမှာတော့ ဒေသတွင်း သဘာဝဘေးကယ်ဆယ်ဆယ်ရေးလုပ်ငန်းတွေမှာ အဓိကလုပ်နေတဲ့ အဖွဲ့အစည်းကလူတွေကို အသုံးပြုပုံသင်ပေးတာပါ။ သူတို့က မှတစ်ဆင့် ပြန်ပြီးဆင့်ပွားပေးကြဖို့လည်း အကူအညီတောင်းထားပါတယ်" ဟု ၎င်းက ဆက်လက် ပြောကြားသည်။

ရှင်းလင်းပွဲတွင် သဘာဝဘေးဖြစ်ပွားမှုဆိုင်ရာ သတင်းအချက်အလက်များကို အချိန်တိုအတွင်း ပေးပို့နိုင်သည့် KOBO Collect Application နှင့် သဘာဝဘေးနှင့် သက်ဆိုင်သည့် ပုံမှန်သတင်းနှင့် အရေးကြီးသတင်းများ၊ မိုးလေဝသသတင်းများ၊ ဘေးအန္တရာယ်လျော့ပါးရေးဆောင်ရွက်ချက်များ၊ အရေးပေါ်ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ၊ ပညာပေးလက်ကမ်းစာစောင်များ စသည့်တို့ပါဝင်သည့် DAN Application တို့၏ အသုံးပြုပုံများကို ခရိုင်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## (၁၉) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**မြောက်ဥက္ကလာပ ဒီဇင်ဘာ ၂၅**

အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ရုံးနှင့် လုံခြုံရေးတပ်ဖွဲ့ခွဲများ၏ (၁၉) ကြိမ်မြောက်စုပေါင်းသွေးလှူဒါန်းပွဲကို ဒီဇင်ဘာ ၂၂ ရက်က မြောက်ဥက္ကလာပဆေးရုံကြီး၌ ကျင်းပခဲ့သည်။

မြောက်ဥက္ကလာပဆေးရုံကြီး အထွေထွေရောဂါကုသရေးနှင့် သင်ကြားရေးဆေးရုံအုပ်ကြီး ဒေါက်တာကြည်စိုးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ရောဂါဗေဒဌာနမှ ရောဂါဗေဒဆရာဝန် ဒေါက်တာဖြိုးသူအောင်က သွေးလှူဒါန်းရခြင်းနှင့် ပတ်သက်၍ အသိပညာပေးဟောပြောကာ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါစုပေါင်းသွေးလှူဒါန်းပွဲကို အမှတ် (၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး (ယာယီ) ဒုတိယရဲမှူးကြီးကျော်ဇင်ကဦးစီး၍ လှူဒါန်းခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင် ၅၀ နှင့် မိသားစုရဲမေ ၁၀ ဦးတို့စုပေါင်းသွေးလှူဒါန်းကြကြောင်း သိရသည်။ **အောင်ဆွေ (ရွှေတံတား)**



## သက်ငယ်မုဒိမ်းမှုအကြောင်း အသိပညာပေး

**ကြံခင်း ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်ချက်ဖြင့် ကြံခင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကိုဦးစီး၍ ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ်နေမျိုးအောင်နှင့်အဖွဲ့၊ ကြံခင်းမြို့မစခန်းမှူး ဒုရဲမှူးအုန်းလွင်နှင့်အဖွဲ့၊ ကြံခင်းမြို့နယ် နယ်ထိန်းတပ်ဖွဲ့မှ ဒုရဲအုပ်လွင်မျိုးကျော်နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်တို့ ပူးပေါင်းပါဝင်သောအဖွဲ့ဝင်များသည် မှုခင်းဆိုင်ရာ အသိပညာပေးယာဉ်ဖြင့် ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၁ နာရီက ကံခင်းမြို့နယ်အတွင်း လူစည်ကားရာနေရာဖြစ်သော ရွာသစ်ရပ်ကွက် ဘုရင့်လမ်းနှင့် သိပ္ပံလမ်းထောင့်နှင့် မွန်းလွဲ ၂ နာရီခွဲက အ-ထ-က (ချင်းမြောင်)ကျောင်းရှေ့၌ မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါး အသိပညာပေး မှတ်တမ်းဓာတ်ပုံများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးမှတ်တမ်းဓာတ်ပုံများ၊ ဗီနိုင်းများ ပြသထားရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့သည်။

ကြံခင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကိုက သက်ငယ်မုဒိမ်းမှု ဖြစ်ပွားရခြင်းအကြောင်းရင်း၊ ကြိုတင်ကာကွယ်နိုင်ရေးနည်းလမ်းများ၊ ပြစ်မှု၊ ပြစ်ဒဏ်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသခဲ့ပြီး တက်ရောက်လာသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



# သီလဝါအထူးစီးပွားရေးဇုန်၌ အဆင့်မြင့် သတ္တုပုံဖော်စက်ရုံတည်ဆောက်

**သန်လျင် ဒီဇင်ဘာ ၂၅**
မြန်မာနိုင်ငံ၏ မြင့်တက်လာသော စီးပွားရေး လိုအပ်ချက်အရ ဆောက်လုပ်ရေးကဏ္ဍကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အရည်အသွေးမြင့် သတ္တုလွှာဖုံး စတီးလ်အမိုးပြားနှင့် စတီးလ်နံရံကာများ ထုတ်လုပ်နိုင်ရန်အတွက် Bluescope မှ ရင်းနှီးမြှုပ်နှံမှုအဖြစ် သီလဝါ အထူးစီးပွားရေးဇုန်၌ အဆင့်မြင့်သတ္တုပုံဖော်စက်ရုံအား တည်ဆောက်နေပြီဖြစ်သည်။

ကမ္ဘာ့ ဦးဆောင်သတ္တုလွှာဖုံး (Coated) နှင့် အရောင်ခြယ် (Painted) စတီးလ် ထုတ်လုပ်ရေးလုပ်ငန်းတစ်ခုဖြစ်သော Bluescope Australia နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအဖြစ် သီလဝါ အထူးစီးပွားရေးဇုန်၌ ပထမဆုံးအကောင်အထည်ဖော်တည်ဆောက်နေသော အဆင့်မြင့် သတ္တုပုံဖော်စက်ရုံ တည်ဆောက်ရေးစီမံကိန်းအား ၂၀၁၇ ခုနှစ် ဇူလိုင်လလယ်ပိုင်း၌ စတင်လည်ပတ်နိုင်ရန် မျှော်မှန်းထားကြောင်း အဆိုပါ စီမံကိန်းရုံးမှ သိရသည်။

အဆိုပါ စက်ရုံကြီးအား Bluescope Australia မှ ငွေကျပ်သန်းပေါင်း ၈၀၀၀ ခန့်ရှိသော အမေရိကန်ဒေါ်လာ ၆ ဒသမ ၄ သန်း အကုန်အကျခံကာ သီလဝါအထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကြောင်း သိရသည်။ စက်ရုံတည်ဆောက်ရေးစီမံကိန်းမှာ ယခုအခါတွင် အောက်ခံဖောင်ဒေးရှင်းအပိုင်းဖြစ်သည့် မြေကြီးလုပ်ငန်း၊ ဖောင်ဒေးရှင်းတူးဖော်ခြင်းနှင့် အခြားအင်ဂျင်နီယာလုပ်ငန်းများ စတင်နေပြီဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ အင်ဂျင်နီယာများပူးပေါင်းကာ အကောင်အထည်ဖော် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

NS Bluescope Myanmar ၏ ဥက္ကဋ္ဌ Mr.Thian Aun Goh က "ဒီစက်ရုံကြီး ပြီးစီးပြီဆိုရင် ထုတ်လုပ်သွားမယ့် ကုန်ပစ္စည်းတွေက မြန်မာနိုင်ငံရဲ့ ဆောက်လုပ်ရေးကဏ္ဍကို တစ်ထောင့်တစ်နေရာကနေ ဖြည့်ပေးသွားမှာပါ။ အရည်အသွေးမြင့် သတ္တုလွှာဖုံးစတီးလ်အမိုးပြားနဲ့ စတီးလ်နံရံကာတွေကို ထုတ်လုပ်သွားမယ့်အပြင် မြန်မာ့ကုန်ပစ္စည်းထုတ်လုပ်ရေးနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေကိုပါ အထောက်အကူပြုစေမယ့် (အိမ်တွင်းအလှဆင်ပစ္စည်းနဲ့ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်း) များ၊ သုည ဒသမ ၃၅ - သုည ဒသမ ၄၈ မီလီမီတာ နှင့် ၁ ဒသမ သုည - ၃ ဒသမ ၂ မီလီမီတာ အထူရှိတဲ့ စတီးလ်အမိုးပြားများနဲ့ စတီးလ်နံရံကာများကိုပါ ထုတ်လုပ်သွားမှာ ပါ" ဟု ပြောသည်။

အဆိုပါ သတ္တုပုံဖော် စက်ရုံကြီးအတွက် လိုအပ်သော အလုပ်သမားများနှင့် ကျွမ်းကျင်လုပ်သားများအား သီလဝါဝန်းကျင်ဒေသအပြင် အခြားအနယ်နယ်အရပ်ရပ်မှ ခေါ်ယူသွားမည်ဖြစ်သဖြင့် ပြည်တွင်းနေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိမည်ဖြစ်သည်။ ထို့ပြင် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုအတွက် ဝါရင့်ပညာရှင်များထံ၌ လက်တွေ့သင်တန်းများပို့ချကာ လုပ်ငန်းခွင်ဝင်စေမည်ဖြစ်သဖြင့် လုပ်ငန်းကျွမ်းကျင်မှု တိုးတက်စေမည်ဖြစ်ကြောင်းနှင့် အဆိုပါ နောက်ဆုံးပေါ်နည်းပညာ အဆင့်မြင့်သတ္တုပုံဖော်စက်ရုံအား တည်ဆောက်ရန်အတွက် ပြီးခဲ့သည့် နိုဝင်ဘာလလယ်ပိုင်းက စီမံကိန်းစတင်ခဲ့ကြောင်း အဆိုပါ စီမံကိန်းရုံးမှ စုံစမ်းသိရသည်။

**စိုးဝင်း**–MLA

# တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအကြောင်း သိကောင်းစရာများ အသိပေးဆွေးနွေး

**ပဲခူး ဒီဇင်ဘာ ၂၅**
ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း အသိပေးဆွေးနွေးပွဲအခမ်းအနားကို ပဲခူးမြို့သီရိဟံသာခန်းမ၌ ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဦးမောင်မောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကျော်ထွေးက တိုးချဲ့ဆေး ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးစားပေးလုပ်ငန်း (၅) ရပ်တွင်ပါဝင်ကာ ၂၀၁၆ ခုနှစ် ဇူလိုင်လမှ စတင်၍ ရောဂါပိုး ၁၀ မျိုးမှ ကာကွယ်ရန်ပုံမှန်ကာကွယ်ဆေးထိုးခြင်းဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် ကာကွယ်ဆေးအသစ်များဖြစ်သော ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ပြင်းထန်ဝမ်းလျှောရောဂါ ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးများကိုလည်း ဆက်လက်တိုးချဲ့ထိုးပေးသွားမည်ဖြစ်သည်။

တိုးချဲ့ကာကွယ်ဆေးထိုးပေးခြင်းဖြင့် ကာကွယ်၍ရသောရောဂါများမှ သေဆုံးမှုလျော့နည်းပပျောက်၍ ငါးနှစ်အောက်ကလေးများ သေဆုံးနှုန်းလျော့ချရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် နေရာဒေသအလိုက် ကာကွယ်ဆေးလွှမ်းခြုံမှု ကွာခြားသည်နှင့်အမျှ ကာကွယ်ဆေးမရရှိသော ကလေးအရေအတွက်များသည်လည်းကွဲပြားသည်။ ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံး ကာကွယ်ဆေးလွှမ်းခြုံမှု ၈၉ ရာခိုင်နှုန်းရရှိခဲ့ရာ ကာကွယ်ဆေး အပြည့်အဝမရရှိသော ကလေးစုစုပေါင်း ၁၀၂၄၈၂ ဦးရှိကြောင်း သိရသည်။

၂၀၁၇ ခုနှစ်တွင် မြို့နယ်အားလုံး ကာကွယ်ဆေးထိုးလုပ်ငန်း လွှမ်းခြုံမှုပိုမိုမြင့်မားစေရန် ဌာနဆိုင်ရာများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး လိုအပ်ချက်များအား ဝိုင်းဝင်းကူညီပံ့ပိုးမှု အပြည့်အဝပေးကြရန်လိုအပ်ကြောင်း သိရသည်။

**အောင်မြတ်လင်း** (IPRD)

# ပုံပါကျင်း၌ လူကုန်ကူးမှုအန္တရာယ်ကြိုတင်ကာကွယ်ရေးဟောပြော

**ပုံပါကျင်း ဒီဇင်ဘာ ၂၅**
လူကုန်ကူးမှုပပျောက်ရေးအတွက် လူကုန်ကူးမှုအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက မိုင်းဆတ်ခရိုင် ပုံပါကျင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်စပယ်ဦးက ကျောင်းသား၊ ကျောင်းသူများ လူကုန်ကူးမှုအန္တရာယ် ကြိုတင်ကာကွယ်ရေး ရှမ်းဘာသာဖြင့် အသိပညာပေးဟောပြောပြီး ကျောင်းအုပ်ဆရာကြီး ဦးခင်အောင်က ကျောင်းသွား၊ ကျောင်းပြန်ချိန်များတွင် လူကုန်ကူးမှုအန္တရာယ် သတိပြုသွားလာရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတပ်ကြပ်မြဝင်းထွန်းက လူကုန်ကူးမှုအန္တရာယ်တွေ့ကြုံပါက ဆောင်ရွက်ရမည့်လုပ်ငန်းနှင့်ပတ်သက်၍ အသေးစိတ် ဟောပြောပြီး ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ပေးအပ်ခဲ့သည်။

ထို့နောက် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက လူကုန်ကူးမှုအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုင်းရွှေအောင်(ပြန်/ဆက်)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပေးဟောပြောပွဲကျင်းပ

**သံဖြူဇရပ် ဒီဇင်ဘာ ၂၅**
လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောနှင့် မူခင်းလျော့နည်းကျဆင်းရေး သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းက သံဖြူဇရပ်မြို့နယ် ပင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး အစည်းဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွဋ်က အမှာစကားပြောကြားပြီးနောက် သံဖြူဇရပ်မြို့မရဲစခန်းမှူး ဒုရဲမှူးအေးမင်းက မူခင်းလျော့နည်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးကိုလည်းကောင်း၊ မော်လမြိုင် လူကုန်ကူးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ဒုရဲအုပ်ဌေးလွင်က လူကုန်ကူးမှု ဖြစ်စဉ်များနှင့် တားဆီးကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့သည်။

အသိပေးဟောပြောပွဲသို့ မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီဝင်များ၊ ပင်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# သုံးခွမြို့နယ်တွင် မော်တော်ဆိုင်ကယ်မောင်း(က)လိုင်စင်များ ကွင်းဆင်းဆောင်ရွက်

**သုံးခွ ဒီဇင်ဘာ ၂၅**
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် (သန်လျင်) မှ ဦးစီးအရာရှိ ဒေါ်မိမိခိုင် ဦးဆောင်သောအဖွဲ့သည် သုံးခွမြို့သို့ ဒီဇင်ဘာ ၂၄ ရက်က မော်တော်ဆိုင်ကယ်မောင်း (က) လိုင်စင်များကို အထူးအနေဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။

ဆိုင်ကယ်မောင်း (က) လိုင်စင်များ လာရောက်လုပ်ကိုင်သူများကို ဦးစီးအရာရှိ ဒေါ်မိမိခိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ဟောပြောခဲ့ပြီး အာမခံလုပ်ငန်းဌာနမှ လက်ထောက်မန်နေဂျာဒေါ်သက်မာက အာမခံ လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောပြခဲ့သည်။ ထို့နောက် သန်လျင် က. ည. န မှ စစ်ဆေးရေးမှူး (၂) ဦးမြင့်ဆွေက ဆိုင်ကယ်မောင်းနှင်ရာတွင် ဆောင်ရန်၊ ရှောင်ရန်တို့ကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**၆၈၉**



## ရွှေဉမင်သဘာဝလိုဏ်ဂူတော်ဘုရား၏ တောင်အဆင်းလမ်းသစ်ဖောက်လုပ်ခြင်းနှင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ပင်းတယ ဒီဇင်ဘာ ၂၅**
ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ရှိ ရွှေဟောင်းသမိုင်းဝင် ရွှေဉမင်သဘာဝလိုဏ်ဂူတော်မြတ်၏ ဘုရားတောင်အဆင်းလမ်းဖောက်လုပ်ခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများကို စတင်ပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းဖောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ တန်ဆောင်တိုင်ပွဲတော်ကာလ နှစ်စဉ်ကျင်းပလျက်ရှိသည့် ရိုးရာပွဲအချိန်ကာလနှင့် ပွင့်လင်းရာသီအချိန်များတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်ဖူးမြော်မှုများ ယခင်ကထက်ပိုမိုများပြားလာသည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိနေ၍ အဆိုပါယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရေး၊ ဘုရားဖူးဧည့်သည်တော်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်စေရေးတို့ကိုရည်ရွယ်၍ ရှမ်းပြည်နယ်အစိုးရဖွဲ့၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘုရားတောင် အဆင်းလမ်းမှာ အရှည် ပေ ၄၅၀၀၊ အကျယ် ၁၂ ပေရှိပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ကူညီပံ့ပိုးမှု၊ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည့်များ ထည့်ဝင်လှူဒါန်းထားသော ရန်ပုံငွေ ကျပ် ၄၂၃ သိန်းနှင့် ပင်းတယမြို့ မြို့နယ်စည်ပင်သာယာရေးဌာနက စက်ယန္တရားကြီးများဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးမှုအခြေအနေများကိုလည်း မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးအောင်နိုင်နှင့်ဝန်ထမ်းများက အပတ်စဉ်ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

## (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲကျင်းပ

**ခင်ဦး ဒီဇင်ဘာ ၂၅**
(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းပြီး ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ အခြေခံပညာအထက်ကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးကျော်လွင်နှင့် အလယ်တန်းပြဆရာကြီး ဦးအောင်ဝင်းတို့က လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းတို့ကို ရှင်းလင်းဟောပြောသည်။ ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော နိုင်ငံတော်တာဝန်ရှိသူများ၏ တိုင်းကျိုးပြည်ပြု ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများနှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဓာတ်ပုံများ၊ ဆောင်းပါးများကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**(ခင်ဦးစိုးဝေ)**

# ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ မြိတ်ကျွန်းစုများသို့ စက်တပ်ရွက်လှေများဖြင့် သွားရောက်လည်ပတ်

**နေပြည်တော် ဒီဇင်ဘာ ၂၅**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုသည် မြန်မာနိုင်ငံ၏တောင်ဘက် ကပ္ပလီပင်လယ်ပြင် အတွင်းတည်ရှိကာ ကျွန်းပေါင်း ၈၀၀ ကျော်ဖြင့် ဖွဲ့စည်းထားပြီး မြန်မာနိုင်ငံ၏ တစ်ခုတည်းသော အမျိုးသားအဏ္ဏဝါဥယျာဉ်ဖြစ်သည့် လန်ပိကျွန်းတည်ရှိရာ ကျွန်းစုတစ်ခုဖြစ်သည်။

ကုန်းမြေနှင့်ရေစပ်များတွင် ပေါက်ရောက်သော အမြဲစိမ်းသစ်တော၊ ဒီရေတောနှင့် သဲခုံတောများ၌ သဘာဝပေါက်ပင်မျိုးစုံစွာ ပေါက်ရောက်ပြီး သဘာဝအတိုင်းတည်ရှိသော သန္တာကျောက်တန်းများနှင့် ပင်လယ်နေသတ္တဝါမျိုးစိတ် မြောက်မြားစွာ နေထိုင်ကျက်စားလျက်ရှိသည့်အပြင် လှေကိုအိမ်ပြု၍ ပင်လယ်တွင်းသွားလာနေထိုင်သည့် Sea Gipsy ခေါ် ဆလုံလူမျိုးများ၏ နေထိုင်မှုဓလေ့စရိုက်များ လေ့လာနိုင်သည့်အတွက် ပြည်တွင်း၊ ပြည်ပခရီးသွားများအား ဆွဲဆောင်လျက်ရှိသည်။

ထိုကဲ့သို့ ဆွဲဆောင်မှုများရှိသော ကျွန်းစုများသို့ အပန်းဖြေလေ့လာလည်ပတ်ရန်အတွက် ကမ္ဘာလှည့်ခရီးသွားများအနေဖြင့် လာရောက်လျက်ရှိရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံအခြေစိုက် စက်တပ်ရွက်လှေများဖြစ်သော Boonmee 2 စက်တပ်ရွက်လှေဖြင့် နယ်သာလန်နိုင်ငံသားဧည့်သည် ကိုးဦးသည် နိုဝင်ဘာ ၁၂ ရက်မှ ၁၇ ရက်ထိလည်းကောင်း၊ MV Sea World စက်တပ်ရွက်လှေဖြင့် ဂျာမနီနိုင်ငံသားဧည့်သည် ၂၄ ဦးသည် နိုဝင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိလည်းကောင်း၊ ထိုင်းနိုင်ငံသူ ဧည့်သည် ၁၆ ဦးသည် နိုဝင်ဘာ ၂၄ ရက်မှ ၂၉ ရက်အထိလည်းကောင်း၊ SY La La Manzi စက်တပ်ရွက်လှေဖြင့် တောင်အာဖရိကနိုင်ငံသား ဧည့်သည်တစ်ဦးသည် နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိလည်းကောင်း၊ ကော့သောင်းခရိုင်အတွင်းရှိ နာနတ်သီးကျွန်း၊ ၁၁၅ကျွန်း၊ ညောင်ဝီးကျွန်း၊ ဗိုလ်ချိုကျွန်း၊ လန်ပိကျွန်း၊ ဝအလယ်ကျွန်း၊ မြောက်တော်ဝင်ကျွန်း၊ လင်နီးကျွန်း၊ စူလာခမောက်ကျွန်း၊ Tower Rock ကျွန်း၊ မီးစိမ်းကျွန်း၊ ကျွန်းဖီလာ ကျွန်း၊



ငါးမန်းကျွန်း၊ လိုဏ်ဂူကျွန်း၊ ခရင်းခွကျွန်း၊ အောက်ကျွန်းနီကျွန်း၊ စေတန်ကျွန်းများသို့ အသီးသီးသွားရောက် လည်ပတ်ခဲ့ကြသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကမန်းစုအတွင်းသို့ ၂၀၁၅ ခုနှစ်တွင် စက်တပ်ရွက်လှေ ၃၉၆ စီးနှင့် ကမ္ဘာလှည့်ခရီးသွား ၃၂၇၀ ဝင်ရောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ စက်တပ်ရွက်လှေ ၃၉၃ စီးနှင့် ဧည့်သည် ၃၂၀၁ ဦး ဝင်ရောက်ခဲ့သည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် စက်တပ်ရွက်လှေ ၅၉ စီး၊ ကမ္ဘာလှည့်ခရီးသွား ၄၉၄ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာလ၌ စက်တပ်ရွက်လှေ ၆၈ စီးနှင့် ခရီးသွား ၅၉၁ ဦး ဝင်ရောက်ခဲ့သဖြင့် ယခင်နှစ်ကထက် ပိုမိုဝင်ရောက်ခဲ့သည်။

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ သာယာလှပသော သဘာဝအလှအပ ရှုခင်းများ၊ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ၊ လက်မှုပညာလုပ်ငန်းများ၊ တိုင်းရင်းသားများ၏ ရိုးရာဓလေ့စရိုက်များနှင့် နေထိုင်မှုပုံစံများကို ကြည့်ရှုခံစားစေလို၍ လာရောက်ကြသကဲ့သို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခွင့်ပြုကျွန်းများသို့လည်း နေ့ချင်းပြန်ခရီးစဉ်၊ ညအိပ်ခရီးစဉ်များအား စက်တပ်ရွက်လှေများဖြင့် သွားရောက်ကာ အပန်းဖြေခြင်း၊ ငါးမျှားခြင်း၊ ရေငုပ်၍ ရေအောက်ရှုခင်းများကြည့်ရှုခြင်း၊ ဆလုံတိုင်းရင်းသားများ၏ ဘဝများအား လေ့လာခြင်းများကို စိတ်ဝင်စားစွာ လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။ **ကြေးမုံ**

## ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**မိုင်းယောင်း ဒီဇင်ဘာ ၂၅**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်၌ ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဝမ်တပ်ကျေးရွာအုပ်စု ဝမ်လုတ်ကျေးရွာတံတား တည်ဆောက်နေမှုအား ဒီဇင်ဘာ ၂၃ ရက်က မိုင်းယောင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်နှင့်အတူ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ အဖွဲ့ဝင် ဦးပေါလုတို့သည် ဝမ်လုတ်ကျေးရွာတံတားအား သတ်မှတ်စံချိန်စံညွှန်းကိုက်ညီမှုရှိစေရေး၊ တံတားအရည်အသွေးပြည့်မီစေရေးနှင့် အချိန်မီပြီးစီးစေရေး တို့အတွက် ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဝမ်လုတ်ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြကာ ကျေးရွာအလယ်ပိုင်းက တံတားတည်ဆောက်ပြီးစီးသွားပါက ရပ်ရွာလူထုအား သွားလာရေး အဆင်ပြေချောမွေ့စေနိုင်ပြီး ဒေသထွက်ကုန်များကိုလည်း အလွယ်တကူ သယ်ယူပို့ဆောင်ရောင်းဝယ်နိုင်မည်ဖြစ်ကာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူမှုရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာစေနိုင်ကြောင်း ရပ်မိရပ်ဖတစ်ဦးက ပြောသည်။



အကျယ် ၁၄ ပေ၊ အမြင့် ခြောက်ပေ၊ အရှည် ၂၄ ပေရှိသည့် အဆိုပါ တံတားကို ပြည်ထောင်စု လွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၂၅ သိန်းနှင့် ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် တည်ဆောက်လျက်ရှိပြီး သံကူကွန်ကရစ် အမျိုးအစားဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်း

**မော်လိုက် ဒီဇင်ဘာ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၁၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက မော်လိုက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မော်လိုက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးက ယနေ့ကမ္ဘာနှင့် မြန်မာနိုင်ငံတို့ကို လေ့လာကြည့်ပါက မီးဘေးအန္တရာယ်ကြောင့် ပြည်သူများ၏ နှစ်ရှည်ကာလများစွာ စုဆောင်းရှာဖွေ တည်ဆောက်ထားသည့် တိုက်တာ၊ အိုးအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးခြင်း၊ အစဉ်တစ်စိုက်ပိုင်ဆိုင်ထိန်းသိမ်းခဲ့ကြသည့် ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးဆုံးရှုံးခြင်း၊ လူနှင့် တိရစ္ဆာန်များ သေကျေပျက်စီးခြင်းတို့ကြောင့် အရန် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မိမိမြို့၊ မိမိရပ်ရွာ မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် သင်တန်းကပို့ချပေးလိုက်သည့် ပညာရပ်များဖြင့် မီးလောင်မှု မဖြစ်စေရေး၊ မီးဘေးအန္တရာယ် စိုးရိမ်ရသည့်လုပ်ငန်းများ ကြိုတင်ကာကွယ် စစ်ဆေးခြင်းနှင့် မိမိရပ်ရွာနှင့် ပြည်သူအပေါ် မီးဘေးအန္တရာယ်ကင်းဝေးစေရေး၊ မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက် တာဝန်များ ပေါက်မြောက်အောင်မြင်စေရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာ မီးသတ်ဦးစီးဌာန၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်၍ ပြည်သူကို အကျိုးပြုသည့် အရန်မီးသတ်တပ်ဖွဲ့ဝင်ကောင်းများ ဖြစ်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် သင်တန်းဆင်းပွဲသို့ တက်ရောက်လာကြသည့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူတို့က သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းတွင် ထူးချွန်ဆုရရှိသည့် သင်တန်းသားများအား ဆုများ အသီးသီးပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မော်လိုက်သားလေး**

## ဆူပူရုန်းရင်းဆန်ခတ်ဖြစ်စဉ်များထိန်းသိမ်းနိုင်ရန် ဇာတ်တိုက်လေ့ကျင့်

**ကော့သောင်း ဒီဇင်ဘာ ၂၅**
အကျဉ်းထောင်လုံခြုံ ဇာတ်တိုက်လေ့ကျင့်မှု အစီအစဉ်တစ်ရပ်အား ဒီဇင်ဘာလ ၂၄ ရက် နံနက်ပိုင်းက ကော့သောင်းအကျဉ်းထောင်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် ကော့သောင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြတ်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့များ၊ မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်များ၊ အကျဉ်းထောင်တာဝန်ခံနှင့် ဝန်ထမ်းများ ပူးပေါင်းကာ ထောင်လုံခြုံမှု ဖြစ်ပွားပါက အကြောင်းအမျိုးမျိုးဖြင့် တည်ဆဲဥပဒေများအား ချိုးဖောက်ကျူးလွန်၍ အကျဉ်းကျခံနေရသည့် အကျဉ်းသားများ ထိခိုက်နစ်နာမှု လျော့နည်းစွာဖြင့် ဆူပူရုန်းရင်းဆန်ခတ် ဖြစ်စဉ်များအား ထိန်းသိမ်းနိုင်မည့်နည်းလမ်းများ၊ အကျဉ်းထောင်အတွင်း မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်မှု လုပ်ငန်းစဉ်အဆင့်ဆင့်အား ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဇာတ်တိုက်လေ့ကျင့်ကြခြင်းဖြစ်သည်။

အဆိုပါ အကျဉ်းဦးစီးဌာန ကော့သောင်းအကျဉ်းထောင်တွင် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၃ ရက်က အကျဉ်းကျခံနေရသည့် အကျဉ်းသားအချင်းချင်း စကားများ ရန်ဖြစ်ရာမှတစ်ဆင့် ရုန်းရင်းဆန်ခတ်ဖြစ်ကာ ထောင်လုံခြုံမှုဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာစီမံကိန်း တိုက်ခန်း ၁၃၈၀ ကို ရောင်းချပေးတော့မည်

ခရမ်းစိုးမြင့်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ဧရာဝဏ်လမ်းနှင့် ရတနာလမ်းမကြီးဘေးနှစ်ဖက်မှာ စုစုပေါင်း မြေဧက ၂၂၀ ပေါ်တွင် အဆင့်မြင့်အိမ်ရာစီမံကိန်း ၄၉ လုံး ဆောက်လုပ်နေကြောင်း သိရသည်။ ယခုအခါ ထိုစီမံကိန်းများထဲမှ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီး ဌာနက တာဝန်ယူတည်ဆောက်ခဲ့သော ရတနာနှင်းဆီ အမည်ဖြင့် တိုက်တစ်လုံးလျှင် အခန်းပေါင်း ၂၇၆ ခန်း ပါရှိသည့် ၁၈ ထပ်တိုက် ငါးလုံး၊ အခန်းပေါင်း ၁၃၈၀ ပြီးနေပြီဖြစ်၍ စတင်ရောင်းချပေးတော့မည်ဖြစ်ကြောင်း ကြားသိရ၍ ကျွန်တော် ဒီဇင်ဘာ ၂၂ ရက်က သွားရောက်လေ့လာပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။

**တိုက်ခန်းများ ဆောက်လုပ်ရောင်းချပေးရခြင်း ရည်ရွယ်ချက်မှာ**

ရန်ကုန်မြို့နေ ပြည်သူလူထု၏ အိမ်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်၊ နိုင်ငံတကာအဆင့်မီ မြို့ပြအိမ်ရာစီမံကိန်းများ ပေါ်ပေါက်လာစေရန်နှင့် လူနေမှုအဆင့်အတန်း မြှင့်တင်နိုင်ရန်နှင့် အထပ်မြင့်အဆောက်အအုံတည်ဆောက်ရာတွင် နိုင်ငံသားလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်သော ခေတ်မီဆောက်လုပ်ရေးနည်းပညာများ ရရှိစေရန်တို့ဖြစ်ကြောင်း သိရသည်။

**တည်ဆောက်သည့်စနစ်မှာ**

တည်ဆောက်ချိန်ကာလ နည်းခြင်း၊ အရည်အသွေးကောင်းမွန်ခြင်း၊ ကုန်ကျစရိတ်စျေးနှုန်းသက်သာခြင်း စသော အချက်များကို အဓိကထား၍ ဆောက်လုပ်ထားပြီး Perfabrication & Installation စနစ်တွဲလျက် Semi-Precast ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ Semi-Precast ဆိုသည်မှာ အဆောက်အအုံ၏ Main Frame ဖြစ်သော Coloumn, Wall နှင့် Beam များကို Cost in Place ဆောင်ရွက်ပြီး ပြင်ပနံရံ (Facade), Slab နှင့် Stir တို့ကို Precast စနစ်ဖြင့် ထုတ်လုပ်တပ်ဆင်ပါသည်။ ငလျင်ဒဏ်နှင့် မုန်တိုင်းဒဏ်ခံနိုင်စွမ်းရှိရန်အတွက် Semi-Precast System ကို အသုံးပြု ဆောက်လုပ်ထားကြောင်း သိရသည်။ အခန်းတစ်ခန်း၏ ပျမ်းမျှအကျယ်အဝန်းမှာ စတုရန်းပေ ၆၀၀ ရှိ အိမ်ခန်းပေါင်း ၁၅၂ ခန်း နှင့် စတုရန်းပေ ၁၂၀၀ ရှိ ၁၂၄ ခန်း စုစုပေါင်း ၂၇၆ ခန်း ပါဝင်သည်။ အခြားဝန်ဆောင်မှုခန်းများလည်း ပေါင်းစပ်ပါဝင်သည်။

**ရတနာအဆင့်မြင့်အိမ်ရာစီမံကိန်းပေါ်ပေါက်လာပုံမှာ**

စီမံကိန်းတည်နေရာမှာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံ (ဆိပ်ကမ်း) မြို့နယ် ဧရာဝဏ်နှင့် ရတနာလမ်းမကြီးဘေးနှစ်ဖက်မှာ တည်ရှိပြီး စီမံကိန်းအကျယ်အဝန်းမှာ ဧရာဝဏ်ဖက်ခြမ်းတွင် ဧက ၁၂၀ ခန့်၊ ရတနာဖက်ခြမ်းတွင် ဧက ၁၀၀ ခန့် စုစုပေါင်း ဧက ၂၂၀ ခန့်ရှိသည်။

ဧရာဝဏ်ဖက်ခြမ်းတွင် Parcel ခြောက်ခုနှင့် Building ၂၇ လုံးရှိပြီး ရတနာဖက်ခြမ်းတွင် Parcel ငါးခုနှင့် Building ၂၂ လုံး စုစုပေါင်း Parcel ၁၁ ခုနှင့် Building ၄၉ လုံးကို ကုမ္ပဏီ ၃၂ ခုဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၅ ခုနှစ် မတ်လအထိ Super Structure အပေါ်ထည်တည်ဆောက်မှု ၁၅ လုံးခန့် ပြီးစီးနေသည်။ ကျန် ၃၄ လုံးမှာလည်း Pile Cap လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဟု သိရသည်။

၂၀၁၆ ခုနှစ် ဧပြီလ အစိုးရသစ်တက်လာချိန်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အပေါ်ထည် Super Structure ပိုင်း အများဆုံးရောက်ရှိနေသော Parcel (G)အား ပထမဦးစားပေး၍ အမြန်ပြီးစီးနိုင်ရေးဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရန်နှင့် ကျန်အဆောက်အအုံများကို တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့သဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ကြီးကြပ်ကွပ်ကဲပြီး Parcel(G) ရှိ ၁၈ ထပ်အဆောက်အအုံ ငါးလုံးကို ဆောက်လုပ်ရေးအထူးအဖွဲ့ (၁)က တစ်လုံး၊ ဆောက်လုပ်ရေးအထူးအဖွဲ့(၂)က တစ်လုံးနှင့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်က သုံးလုံးပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောက်လုပ်ခြင်းကြောင့် ယခုရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာကို အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်းဖြစ်သည်။

**လျှပ်စစ်မီးရရှိရေး**

စီမံကိန်းဧရိယာတစ်ခုလုံးအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို (230/66 KV) (100 MVA) ဓာတ်အားခွဲရုံတစ်ရုံ ဆောင်ရွက်ဆဲဖြစ်ပြီး (66/11KV) (2 - 30 MVA) ဓာတ်အားခွဲရုံနှစ်ရုံ တည်ဆောက်ပြီးစီးပြီဖြစ်ပါသည်။ ယင်းခွဲရုံများမှတစ်ဆင့် Parcel တစ်ခုချင်းရှိ (11 KV) Transfor mer သို့ ပေးပို့ပြီး Building များအား ဓာတ်အားဖြန့်ဝေမည်ဖြစ်သည်။

**သောက်သုံးရေရရှိရေး**

စီမံကိန်းဧရိယာအတွင်း သောက်သုံးရေရှိရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လဂွမ်းပြင် ရေလှောင်ကန်မှ သီလဝါသို့ပေးပို့သော ရေပိုက်လိုင်း တည်ဆောက်ပြီးစီးမည့် ၂၀၁၈ ခုနှစ်မတိုင်မီ မြေအောက်ရေ ထုတ်ယူသုံးစွဲမည်ဖြစ်ပြီး အဆောက်အအုံတစ်လုံးအတွက် ရှစ်လက်မ အဝီစိတွင်း နှစ်တွင်းမှ တစ်နေ့ရေဂါလန် ၈၀၀၀၀ ဆံ့ Ground Tank နှင့် မီးသတ်ကန် ဂါလန် ၃၀၀၀၀ သို့ ရေပေးပို့စုဆောင်းထားနိုင်မည်ဖြစ်ပြီး ခေါင်မိုးထပ်တွင်လည်း ရေဂါလန် ၁၀၀၀၀ ဆံ့ Fiber Tank လေးလုံး ထားရှိပါသည်။ မြေအောက်ရေကို Water Treatment System ပြုလုပ်၍ သုံးရေအဆင့်ရရှိစေရန် ဆောင်ရွက်ထားသည်ဟု သိရသည်။

**အခြားဝန်ဆောင်မှုများမှာ**

ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာတည်ရှိရာ ဧရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာ စီမံကိန်းဝန်းကျင်တွင် Bus Terminal၊ စာသင်ကျောင်း၊ အားကစားကွင်း၊ ဆေးရုံနှင့် Shopping Mall များ ပေါင်းစပ်ပါဝင်ဖွဲ့စည်းတည်ဆောက်ထားကြောင်း သိရသည်။

**အမှိုက်စွန့်ပစ်စနစ်**

အဆောက်အအုံတိုင်းတွင် Refuse Chute ပါဝင်ပါသည်။ Y.C.D.C မှ အမှိုက်သိမ်းစနစ်နှင့် ချိတ်ဆက်၍ စနစ်တကျ အမှိုက်စွန့်ပစ်နိုင်ရေးဆောင်ရွက်နိုင်ပြီး စီမံကိန်းအကျယ် ၁၈ ဧကခန့်ရှိပြီး ကားအစီးရေ ၆၀၀ ကျော် မြေပြင်တွင်ရပ်နားရန် Car Parking နေရာ ပါရှိပါသည်။ ကား အလုံအလောက်ရပ်နားနိုင်ရန်အတွက် Multi Storied Car Park Building များ ထည့်သွင်းဆောက်လုပ်ထားသည်။

**စီမံကိန်းကုန်ကျစရိတ်**

အဆိုပါ စီမံကိန်းတစ်ခုလုံးကို လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေးလုပ်ငန်းများ၊ လမ်းတည်ဆောက်ရေးလုပ်ငန်းများနှင့် ရေစီးရေလာကောင်း မွန်ရေး Infra- structure လုပ်ငန်းများကို နိုင်ငံတော်ငွေလုံးငွေရင်းမှ ၃၈ ဒသမ ၄ ဘီလီယံခန့် ကျခံသုံးစွဲ ထားပြီး အဆောက်အအုံများ တည်ဆောက်ခြင်း လုပ်ငန်းကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ လည်ပတ် ရန်ပုံငွေမှ လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHD) တို့မှ ဆောက်လုပ်ရေးချေးငွေ ရယူ၍ လည်းကောင်း ၁၉၂ ဒသမ ၆ ဘီလီယံ ကျခံသုံးစွဲတည်ဆောက်ထားခြင်းဖြစ်သည်။

**တိုက်ခန်းရောင်းချမည့်အစီအစဉ်**

စတုရန်းပေ ၆၀၀ ရှိ အခန်း ၇၆၀ နှင့် စတုရန်းပေ ၁၂၀၀ ရှိ အခန်း ၆၂၀ စုစုပေါင်း အခန်း ၁၃၈၀ ရောင်းချမည်ဖြစ်ပြီး တိုက်ခန်းဝယ်ယူသူများသည် ၃၀ ရာခိုင်နှုန်းကနဦးငွေပေးသွင်းပြီး ကျန် ၇၀ ရာခိုင်နှုန်းကို ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHD Bank) နှင့် ချိတ်ဆက်၍ လစဉ်အရစ်ကျ ရှစ်နှစ်မှ ၁၅ နှစ်အထိ ပေးသွင်းဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ထားသလို ကျန်ငွေကို တစ်နှစ်အတွင်း အပြီးပေးချေ၍လည်းကောင်း၊ တိုက်ခန်းတန်ဖိုးအပြီး လက်ငင်းဝယ်ယူပါက ငါးရာခိုင်နှုန်းသက်သာခွင့် (Discount) ရရှိမည်ဖြစ်ကြောင်းနှင့် တိုက်ခန်းတစ်ခန်း၏ တန်ဖိုးမှာ စတုရန်း ပေ ၆၀၀ ရှိ အခန်းတစ်ခန်းကို ငွေကျပ်သိန်း ၆၀၀ ဖြစ်ပြီး စတုရန်းပေ ၁၂၀၀ ရှိ အခန်းကို ငွေကျပ်သိန်း ၁၂၀၀ ဖြစ်သည်ဟုသိရသည်။

ယခုရောင်းချတော့မည့် ရတနာနှင်းဆီ အဆင့်မြင့်စီမံကိန်းမှ တိုက်ခန်းများရှိရာနေရာသည် ပဲခူးမြစ်ကြီးကိုလည်း အပေါ်စီးမှ လှမ်းတွေ့နေရသည်။ ရွှေတိဂုံစေတီတော်ကြီးနှင့် ကျိုက်ခေါက်စေတီတို့ကို လှမ်းဖူးမြင်ရမည်။ ထို့ကြောင့် မြန်မာပြည်တွင် ပထမဆုံးသော အစိုးရ၏ Condominium အဆောက်အအုံများဖြစ်သလို Precast စနစ်ဖြင့်အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းပြီး (Public Private Partnership) (PPP) စနစ် အခြေခံ၍ ပေါ်ပေါက်လာသော အထပ်မြင့် အဆောက်အအုံများဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရခြင်းဖြစ်ပေသည်။



# လက်တွေ့အသုံးချဆေးနည်းတိုများ(၁၆)

ကြည်လွင်မြင့်(မုဒြာ)

**ဆရာရှင့်. . . ကျွန်မရဲ့သား အသက် ၁၂ နှစ်အရွယ် တုပ်ကွေးဖျားတာပျောက်ပြီးနောက် ချောင်းဆိုးကျန်ခဲ့ပါတယ်။ ညအိပ်ရာဝင်ချိန်မှာ ပိုပြီးဆိုးပါတယ်။ နံဘေးကလူတွေပါ အိပ်မရအောင် ဆိုးပါတယ်။ ဆေးနည်းတွေ ပြောပြပေးပါ။**

အဖျားပျောက်ပြီး အပူငုပ်ကျန်ခဲ့လို့ပါ။ မနက်စောစော ရေချိုးပါ။ ရေမချိုးခင် အုန်းစိမ်းရေတစ်လုံးတိုက်ပေးရင် ပိုပြီးကောင်းပါတယ်။ ဆားကိုလှော်ပြီး သံပုရာရည်နှင့်ဖျော်၊ ညအိပ်ရာဝင်ခါနီး လျက်ခိုင်းပေးပါ။ လည်ပင်းနှင့် ရင်ဘတ်မှာ ပရုတ်ဆီ(ဒါမှမဟုတ်) မုန်ညင်းဆီကို မီးနဲ့နွေးပြီး လိမ်းပေးပါ။

**ဆရာခင်ဗျာ. . . ကျွန်တော်ရဲ့မိခင် အသက် ၆၀ ကျော်အရွယ်က အဆုတ်သိပ်မကောင်းပါ။ မကြာခဏ အအေးပတ်ပြီး နေမကောင်းဖြစ်ပါတယ်။ ဓာတ်မှန်ရိုက်ပြီး စစ်ဆေးကြည့်တဲ့အခါ အဆုတ်ပွပြီး နာတာရှည် အဆုတ်လေပြွန်ရောင်ရောဂါလို့ ပြောပါတယ်။ တီဘီရောဂါတော့မရှိပါ။ အဆုတ်အတွက် သင့်တော်မယ့် မြန်မာဆေးနည်းလေး ပြောပြပေးပါ။**

လောက်သေရွက်ကို ပြုတ်သောက်ရင် (ဒါမှမဟုတ်) အခြောက်လှန်းပြီး လက်ဖက်ခြောက်လို ရေနွေးထဲခတ်သောက်ရင် နာတာရှည်အဆုတ်ရောဂါတွေ သက်သာတယ်လို့ ဆိုပါတယ်။ ဇော်ဂျီတောင်ဖွေးပင် အရွက်၊ အရိုးတွေ ပြုတ်သောက်ရင်လည်း အဆုတ်အအေးပတ်နဲ့ ရင်ကျပ်ရောဂါတွေ သက်သာစေနိုင်ပါတယ်။ တမာရွက်ပြုတ်ရည်နဲ့ ရေချိုးခြင်း၊ တမာရနံ့ရှူရှိုက်ခြင်းတွေက အဆုတ်ရောဂါကို ကုသရာရောက်တယ်လို့ အဆိုရှိပါတယ်။ ရင်ဘတ်နဲ့ နောက်ကျောတွေမှာ မုန်ညင်းဆီကို မီးနဲ့ချက်ပြီး ညစဉ်အိပ်ရာမဝင်ခင် လိမ်းပေးရင်လည်း အဆုတ်အအေးပတ်ရောဂါကို သက်သာစေနိုင်ပါတယ်။

**ကျွန်မ အသက် ၄၅ နှစ်ပါ။ သွေးဆုံးချိန်နီးလို့လား မသိဘူး။ မနက်အိပ်ရာထချိန်တိုင်း ဖနောင့်နာပါတယ်။ နည်းနည်းနေမြင့်ရင် ပြန်ပျောက်သွားပါတယ်ရှင့်။ ဘယ်လိုဆေးဝါး သုံးစွဲသင့်သလဲဆိုတာကို ညွှန်ကြားပေးပါ။**

အသက် ၄၅ နှစ်ကနေ ၄၈ နှစ်အတွင်းမှာ သွေးဆုံးရင် သွေးဆုံးကောင်းတယ်လို့ ဆိုပါတယ်။ အသက် ၅၀ ကျော်မှ သွေးဆုံးရင် သွေးဆုံးနောက်ကျတယ်လို့ဆိုပါတယ်။ သွေးဆုံးချိန်နီးလာရင် အရိုးတွေပွလာပြီး အဆစ်အမျက်တွေ ကိုက်ခဲတာ၊ ဖနောင့်နာတာ၊ ဒူးနာတာ၊ ဇက်နဲ့ ခါးအရိုးတွေ ကျီးပေါင်းတက်တာ ဖြစ်လာတတ်တယ်။ ရှားစောင်းလက်ပပ်အနှစ်ကို ဟင်းချိုချက်သောက်တာ၊ ထန်းလျက်နဲ့ရောကျိုစားရင် သွေးဆုံးရောဂါကို ကာကွယ်နိုင်တယ်။ ဗာဒံရွက်ကို မီးကင်ပြီး ဖနောင့်မှာ ပတ်တီးနဲ့စည်းအိပ်ပါက မနက်အိပ်ယာထ ဖနောင့်နာတာကို သက်သာစေနိုင်တယ်။ ညအိပ်ရာဝင်ချိန် ဆားနင်းပြီး ဒူးအထက်ကနေ အောက်ရေလောင်း၊ ခြေဆေးတာနဲ့လဲ ဖနောင့်ရိုးကျီးပေါင်းတက်တာကို ကာကွယ်နိုင်တယ်။

**ဆရာ ဦးပဥ္စင်းက စာချနေတဲ့ ရဟန်းပါ။ နေ့ဆွမ်းစားပြီးတဲ့နောက် ခြေလှမ်းတစ်ရာ စင်္ကြံလျှောက်ပါတယ်။ ပြီးရင် နာရီဝက်လောက် ခေတ္တကျိန်းစက်ပါတယ်။ အဲဒီနောက် နေ့လယ် ၁ နာရီခန့်ကစပြီး စာပြန်ချပါတယ်။ ဆောင်းဥတုမှာ နေ့ခင်းဘက် မအိပ်စက်သင့်ဘူးဆိုတာ မှန်ပါသလား။ ကျမ်းစာအထောက်အထားနဲ့ သိလိုပါတယ်။**

မှန်ပါ့ဘုရား။ ဆောင်းဥတုမှာ နေ့လယ်နေ့ခင်း အိပ်စက်ရင် သွေးလေးလံထိုင်းမှိုင်းတဲ့ရောဂါတွေ ဖြစ်တယ်လို့ ရှေးဆရာကြီးတွေ မိန့်ပါတယ်။ ယောအတွင်းဝန်မင်းကြီး ဦးဖိုးလှိုင်ရဲ့ ဥတုဘောဇန သင်္ဂဟကျမ်းမှာ ဖော်ပြထားတာကတော့ "နေ့၌အိပ်ခြင်းသည် လေ၊ သည်းခြေတို့ကို နိုင်၏၊ သလိပ်တို့ကို ပျက်၏။ ထို့ကြောင့် သည်းခြေ၊ လေပျက်တတ်သော ဂိမှာန်ဥတု၊ ဝဿန္တဥတုတို့၌ နေ့ကို အိပ်ရာ၏။ အခြားဥတုတို့၌ မအိပ်ရာ။ အပင်ပန်းခံပြီးသောသူ၊ ခရီးပင်ပန်းစွာ သွားသောသူ၊ ဆင်မြင်းတို့ကို ပင်ပန်းအောင် စီးသောသူ၊ ကိုယ်လက်နွမ်းနယ်သောသူ၊ ဝမ်းသက်သောသူ၊ ရေငတ်နာရှိသောသူ၊ သက်လုံပျက်သောသူ၊ လေနာရှိသောသူ၊ ဓာတ်အားကုန်ခမ်းသောသူ၊ သလိပ်ကုန်ခမ်းသောသူ၊ သူအို၊ သေအရက်ယစ်သောသူ၊ 'ရသသေသ' မည်သော အဇီဏ္ဏနာရှိသောသူ၊ ညကို မအိပ်ရသောသူတို့သည် နေ့ကို အိပ် အိပ်ကုန်၏။ ဤမှတပါးသောသူတို့သည် နေ့ကို မအိပ်ကောင်း၊ နေ့ကို အိပ်ခြင်း၊ ညကို မအိပ်ခြင်းတို့သည် ရောဂါဖြစ်ကြောင်းတို့တည်း။" (အသက်ရှည်ရာအကျင့်ကို ပြခြင်းအခန်းမှ)





**ကျွန်တော်တို့ တစ်မိသားစုလုံး ဆောင်းတွင်းရောက်ရင် ချောင်းဆိုး၊ ရင်ကျပ်အမြဲဖြစ်ကြပါတယ်။ လျက်ဆားနဲ့ သံပရာသီးကို အရည်ညှစ်ပြီး ဖျော်လျက်ရင် သက်သာပါတယ်။ ဒါပေမယ့် အခုနောက်ပိုင်း လျက်ဆားလျက်ရင်သွေးတိုးတယ်ပြောလို့ လူကြီးတွေက သိပ်မလျက်ကြပါဘူး။ သွေးမတိုးအောင် ဘယ်လိုလုပ်ရမလဲခင်ဗျာ။**

လျက်ဆားဆိုတာ ရှေးရိုးအစဉ်အဆက် သုံးစွဲလာတဲ့ အိမ်သုံးသက်စောင့်ဆေးတစ်မျိုးပါ။ အခုနောက်ပိုင်း လျက်ဆားလျက်ပြီး သွေးတိုးလာရတာက ရောင်းတန်းဈေးပေါတဲ့လျက်ဆားတွေမှာ ဆားကိုလှော်၊ ဆားပုပ်ပြုလုပ်ပြီး ထည့်ကြိတ်လာကြလို့ဖြစ်တယ်။ ရှေးခေတ်က လူကြီးတွေမှာလည်း အစားအသောက်တွေက ဓာတုဆေးဝါးကင်းစင်တော့ အခုခေတ်လောက် သွေးတိုးရောဂါမရှိလို့လည်း ဖြစ်နိုင်တယ်။ လျက်ဆားမှာ သွေးတိုးတာ ဆားလှော်နဲ့ ဆားပုပ်ခဲထည့်လို့ဖြစ်ပါတယ်။ ဆားပုပ်ခဲမပါတဲ့လျက်ဆားဖော်နည်းကို တင်ပြပေးလိုက်ပါတယ်။

**သလိပ်ရ လျက်ဆားဆေးနည်းမှာ–**

| | | |
|---|---|---|
| ၁။ | စမုန်မျိုးငါးပါး(လေးပဲစီ) | ၁ ကျပ် ၈ ပဲသား |
| ၂။ | ကပ်မျိုးငါးပါး (လေးပဲစီ) | ၁ ကျပ် ၈ ပဲသား |
| ၃။ | လေးညှင်းပွင့် | ၈ ပဲသား |
| ၄။ | ကျောက်ချဉ် | ၈ ပဲသား |
| ၅။ | နွယ်ချို | ၁ ကျပ် ၈ ပဲသား |
| ၆။ | ဇဝက်သာ | ၂ ကျပ်သား |
| ၇။ | ပရုတ် | ၂ ကျပ် ၈ ပဲသား |
| ၈။ | ဖုံးမသိန် | ၃ ကျပ်သား |
| ၉။ | သိန္ဓော | ၁၃ ကျပ်သား |



ဆေးအမည်အားလုံးစုပြီး ၎င်းတို့ကို အမှုန့်ပြုပါ။ လေလုံလုံထားပြီး မကြာခဏလျက်ပေးရင် လည်ချောင်းထဲမှ ခွဲသလိပ်တွေ ထွက်ကျလာစေနိုင်ပါတယ်။ တစ်မိသားစုလုံး ကလေးရော လူကြီးပါ တစ်ဆောင်းတွင်းလုံး အသုံးပြုနိုင်တဲ့ ဆေးနည်းကောင်းဖြစ်ပါတယ်။ (မြိုင်နံ့သာ ဆေးမြီးတိုးကျမ်း၊ ၁၉၅၆ ခုနှစ်ထုတ်မှ)

**ရေယုန်ပေါက်ရင် ဘာဆေးလိမ်းရမလဲ ဆရာ။ ချိုင်းအောက်မှစပြီး ဝမ်းဗိုက်အထိ ပွားလာပါတယ်။ အများပြောလို့ ကင်းပုံရွက် အရည်ညှစ်ပြီး လိမ်းကြည့်တာ မသက်သာဘူးဆရာ။ တခြားဆေးနည်းတွေရှိရင် ပြောပြပေးပါ။**

ရေယုန်မှာ နှစ်မျိုးရှိတယ်။ ၁။ ရိုးရိုးရေယုန် ၂။ ရေယုန်ကြီး၊ ရိုးရိုးရေယုန်ကို လိမ်းဆေးတွေနဲ့ ကုသပျောက်ကင်းနိုင်တယ်။ (ဒါမှမဟုတ်) ရက်အနည်းငယ်ကြာရင် ရေယုန်ပိုးသေပြီး သူ့အလိုလို ညှိုးခြောက်သွားပါတယ်။ ရေယုန်ရဲ့သဘောက ရေထိရင်ပွားလွယ်တဲ့အတွက် ရေမချိုးဘဲနေရင် ညှိုးပြီး ခြောက်လွယ်ပါတယ်။ ရေယုန်ကြီးကတော့ ဆေးလိမ်းရုံနဲ့ ပျောက်ဖို့မလွယ်ဘူး။ ပိုးသေဖို့အတွက် စားဆေးတွေပေးပြီး ကုသရပါတယ်။ ရေယုန်ကြီးဖြစ်သူတွေမှာ တခြား ကိုယ်ခံအားကျတဲ့ ရောဂါတစ်မျိုးမျိုး ရှိနေနိုင်တာကြောင့် သေချာတဲ့ ရောဂါရှာဖွေရေး ဆေးရုံ၊ ဆေးခန်းပြပြီး ကုသသင့်ပါတယ်။ ရိုးရိုးရေယုန်အတွက် ဆေးနည်းတိုတွေကတော့ ၁။ ကင်းပုံရွက်ကိုသန့်စင်အောင်ဆေး (ဆားရေနဲ့ ဆေးပါ)။ အရည်ညှစ်ပြီး ရေယုန်ပေါ်မှာ လိမ်းပေးပါ။ ၂။ ငရုတ်ရွက်ကို သန့်စင်အောင်ဆေး၊ မီးကင်ထုထောင်းပြီး အရည်ညှစ်၊ ရေယုန်ပေါ်မှာ လိမ်းပေးပါ။ ၃။ လေးညှင်းပွင့်ကို သံပရာနဲ့သွေးပြီး လိမ်းပေးပါ။ ၄။ ကွမ်းရွက်ကို မီးကင်၊ အရည်ညှစ်ပြီး ပျားရည်အနည်းငယ်နဲ့ ရောလိမ်းပေးပါ။ ၅။ ချင်းတက်ကိုထောင်း အရည်ညှစ်ယူ လိမ်းပေးပါ။ (ဒါမှမဟုတ်) အုန်းဆီနဲ့ ရောစပ်လိမ်းပေးပါ။

**မကြာခဏ ဆီးအောင့်ပြီး တစ်ခါတစ်ရံ ကျောက်အမှုန့်လေးတွေပါလာပါတယ်။ ဆီးကျောက်ကျအောင် ဆေးနည်း သိလိုပါတယ်။**

ကြွေပုပ်ကို (ပရဆေးဆိုင်မှာ ဝယ်ပါ)။ မီးဖုတ်ပြီး သံပုရာရည်နဲ့စိမ်ထားပါ။ အရည်ကို ကြွေဇွန်း ဟင်းစားဇွန်းတစ်ဇွန်းစာ မနက်၊ ည တစ်နေ့ နှစ်ကြိမ်သောက်ပေးပါ။ (တစ်နည်း) ငါးပုတ်သင်ရဲ့ဦးခေါင်းမှာပါတဲ့ကျောက်ကို ရှောက်ရည်၊ သို့မဟုတ် သံပရာရည်စိမ်ပြီးသောက်ပါ။ ထိကရုံးဆူးပင်၊ မြင်းခွာနွယ်ပင် (အရွက်သေး)၊ တောဇီးဖြူပင်၊ သံမနိုင်ကျောက်မနိုင်ပင်၊ ကျောက်ကွဲပင် စတာတွေကို နေနဲ့အခြောက်လှန်း (နှစ်မျိုးဖြစ်ဖြစ်၊ သုံးမျိုးဖြစ်ဖြစ်) ပေါင်းစပ်ပြီး လက်ဖက်ခြောက်ပြုလုပ်သောက်ပေးရင်လည်း ကျောက်တွေ ကျစေနိုင်တယ်။ (တန်ဆေး၊ လွန်ဘေး ချင့်ချိန်လို့ သောက်ပါ)။

**ဆရာ ဦးပဥ္စင်းတစ်ခုလောက် မေးပါရစေ။ ဦးပဥ္စင်းဆီးသွားရင် ဆီးကျန်သလို ခံစားရပါတယ်။ တစ်ခါတလေ ဆီးသွားပြီးရင် နာကျင်ပြီး ကျန်ခဲ့ပါတယ်။ ဆီးသွားပြီးရင်လည်း ထပ်သွားချင်သလို ဖြစ်ပါတယ်။ သွားလိုက်ရင် အကြာကြီးစောင့်ရပြီး အနည်းငယ်ပဲ သွားပါတယ်။ နည်းနည်းချင်းသွားဖို့ အချိန်ကြာကြာစောင့်ရတော့ ဒုက္ခရောက်ပါတယ်။ ဘာဆေးတွေ သောက်ရမလဲ။ ဆေးစွမ်းကောင်းရှိရင် ညွှန်ပြပေးပါဆရာ။ ဦးပဥ္စင်းက သက်တော် ၅၆ နှစ်ရှိပါပြီ။**

အမျိုးသားများ အသက် ၅၀ ကျော်ရင် ဆီးကျိတ်ကြီးလာတတ်ပါတယ်။ ဆီးသွားတဲ့ပြွန်ကို ဆီးကျိတ်က ဖိညှစ်ထားသလိုဖြစ်လို့ ဆီးသွားရခက်တတ်ပါတယ်။ ဆီးသွားပြီးရင်လည်း နာတာ၊ အောင့်တာ ဖြစ်တတ်ပါတယ်။ ဆီးကျောက်တည်တာနဲ့ ဆီးကျိတ်ရောဂါဟာ မတူပါဘူး။ ဆီးကျိတ်ရောင်ရင်တော့ ဆီးရောဂါ ပါရဂူနဲ့ ကုသသင့်တယ်။ သာမန် ဆီးအောင့်ရောဂါအတွက်ကတော့ ဆေးနည်းတိုရှိပါတယ်။ ကြက်သွန်နီဥကြီးကိုထောင်း၊ အရည်ညှစ်ယူ၊ သံပရာသီးတစ်လုံးအရည်နဲ့ ရောစပ်သောက်ပါ။ ဆီးကျိတ်ရောင်တာကနေ ကာကွယ်ဖို့အတွက် ခရမ်းချဉ် အရည်ညှစ်၊ အဖတ်တွေဖယ်ပြီး သကြားနဲ့ရောစပ်သောက်ပါ။ ကုန်းထိကရုံးပင်၊ တောဆီးဖြူပင် ပဥ္စငါးပါးပြုတ်သောက်ရင်လည်း ဆီးကျန်ရောဂါ သက်သာစေနိုင်တယ်။ ဓာတ်စာအနေနဲ့ ဆန်ပြုတ်မှာ ကြက်သွန်နီ ဥတစ်လုံး၊ နှစ်လုံး အခွံခွာပြီး ထည့်ပြုတ်ပါ။ ကြက်သွန်နီဥနူးအောင် ပြုတ်ပါ။ မနက်အိပ်ရာထ စောစော ကြက်သွန်နီ ဆန်ပြုတ်သောက်ပေးရင် ဆီးရွှင်ပြီး ဆီးအောင့်သက်သာစေနိုင်ပါတယ်။

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေညာချက်အရ

၂၀၁၅-၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက်

တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက်

**"ကမ္ဘောဇဘဏ်လီမိတက်"** သည် **"ပထမနေရာ"** မှ **(၅)နှစ်ဆက်**

ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့်

**"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အား

အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ပင်လုံဆေးရုံများအုပ်စု**

**ရွှေဂုံတိုင်ဆေးရုံ၊ ပင်လုံဆေးရုံ**

**ဥတ္တရသီရိဆေးရုံ (နေပြည်တော်)**

## "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ

၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေညာချက်အရ

၂၀၁၅-၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက်

တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက်

**"ကမ္ဘောဇဘဏ်လီမိတက်"** သည် **"ပထမ"** နေရာမှ **(၅)နှစ်ဆက်၍**

**"ဝင်ငွေခွန်အများဆုံး"** ထမ်းဆောင်ခဲ့ခြင်းအတွက်

**"ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အား

**"အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း"** ဖော်ပြအပ်ပါသည်။

နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံးသယ်ပိုးထမ်းဆောင်နိုင်ပြီး

နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ထမ်းဆောင်နိုင်ပါစေကြောင်း

ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

Aye Mya Group Of Companies

Managing Director & Board Members

**ကားရောင်းမည်**

Prado, 1999 Model

TX-Limitted, 7G/--

**ကားကောင်းသည်။**

Pearl White

Ph: 09-455811488

**မိဘနှင့်မသက်ဆိုင်ပါကြောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ၁၅၆ရပ်ကွက်၊ ဓမ္မသုခလမ်း၊ အမှတ် ၅၅၀(ခ)နေ ဦးကျော်သီဟ-ဒေါ်နှင်းဝေလွင်တို့၏သမီးကြီး မဖြိုးသဥ္ဇာကြွယ်(ခ)အိအိသည် မိဘသဘောမတူသူနှင့် ပေါင်းသင်းပြီး မိဘများစိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သူနှင့်ပတ်သက်၍ တာဝန်မယူနိုင်ကြောင်း၊ မိဘများနှင့်မသက်ဆိုင်ကြောင်း အများသိစေအပ်ပါသည်။

**ဦးကျော်သီဟ-ဒေါ်နှင်းဝေလွင်**

**မူးယစ်ဆန့်ကျင်**

**အောင်ပွဲဆင်**

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ဒေါ်ဝင်းပပဝင်း[၇/ညလပ(နိုင်)၁၂၇၈၇၇]သည် ဖခင် ဦးတင်ဝင်းနှင့် မိခင်ဒေါ်ကြည်ဝင်းအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုမူဆောင်ရွက်ခြင်း မိဘမှခွင့်မလွှတ်နိုင်သည့် ကိစ္စအမျိုးမျိုးပြုလုပ်သဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်ပြီး မည်သည့်ကိစ္စကိုမဆို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ မိသားစုအား စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးတင်ဝင်း[၇/ညလပ(နိုင်)၀၇၈၁၃၅]**

**ဒေါ်ကြည်ဝင်း[၇/ညလပ(နိုင်)၀၇၈၁၁၅]**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သစ္စာရှင်လမ်း၊ အမှတ်(၁၁) ဟုခေါ်တွင်သည့် (၅)ထပ် Hall Typeမှ စတုတ္ထထပ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်များ အားလုံးတို့ကို ဒေါ်သီဂီအေး[၁၂/လမန(နိုင်)၁၂၁၉၅၅]မှ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြီး အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**စောအယ်ဂေါ်[၁၄/ကကထ(နိုင်)၁၆၂၈၆၀]**

**အမှတ်(၁၂၄/က)၊ သစ္စာလမ်းသွယ်၊ ၁၃-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန မှထုတ်ပြန်သော ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက် နေ့ စွဲပါ ကြေငြာချက်အရ မြန်မာတစ်နိုင်ငံလုံးတွင် အခွန်စည်းကြပ်နှစ် ၂၀၁၁-၁၂ မှ ၂၀၁၅-၁၆ ထိ ပထမ နေရာမှ (၅)နှစ်ဆက်တိုက် ဂုဏ်ထူးဆောင်အခွန်ထမ်းဆောင်နိုင်ခဲ့ခြင်းအပြင် ၂၀၁၆ ဒီဇင်ဘာလအတွင်း အင်္ဂလန်နိုင်ငံအခြေစိုက် **World Finance** မှချီးမြှင့်သော **Best Commercial Bank in Myanmar 2016** နှင့် **Best Retail Bank in Myanmar 2016** ဆုများလက်ခံရရှိခဲ့ပါသော **"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌကြီး ဦးအောင်ကိုဝင်း"** အတွက် အထူးဂုဏ်ယူဝမ်းမြောက် မိပါသည်။

**"ကမ္ဘောဇအလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)"** မှ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ခြင်းကြောင့်ပျက်စီး ဆုံးရှုံး ထိခိုက် နစ်နာမှု များအတွက် လူအားငွေအား ဖြင့် ကူညီခဲ့သည်မှာ ၂၀၀၇ ခု နှစ်မှ ယနေ့ ထိ နိုင်ငံတော် နှင့် ပြည်သူအတွက်( **၁၁၀.၆၈၂) ဘီလီယံ** လှူဒါန်းခဲ့ပြီးဖြစ်လို့ မြန်မာပြည်၏ အားထားစိတ်ချရဆုံးသော ဘဏ်လုပ်ငန်း တစ်ခုအဖြစ်ရပ်တည်နေခြင်းအတွက်လည်း **"ကမ္ဘောဇဘဏ် လီမိတက်"** နှင့် ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဘာသာ၊သာသနာ နှစ်ဖြာအကျိုး၊ နိုင်ငံနှင့်လူမျိုးအကျိုး ဆတက်ထမ်းပိုး တိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးမြိုးလှဝေ
မန်နေဂျင်းဒါရိုက်တာ
Myat Min Co.,Ltd.
Resorts, Livestock, Agriculture
And Organic Fertilizer Factory





✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

ဖျံ-၅-ကောင် အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေး
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၃၉၂၉၄

**ရွှေခံအိမ်အဆင့်မြင့်တည်းခိုခန်း**
ပန်းဆိုးတန်းလမ်းအောက်အလောက်မှ ၅မိနစ် သဘော်ာစီး၊
ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အစန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဒိုင်းချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်၊
☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၈၂၆၂၇၅၆
၀၉ ၂၅၂၀၈၂၅၃၃
၁၁၀၀၀ ကျပ်
၁၅၀၀၀ ကျပ်

**ခရောင်းရန်ရှိသည်။**
ဧရာဝတီတိုင်းအတွင်းရှိ လှပသော ကမ်းခြေမြေကွက်များ ရောင်းပါမည်။ ဟိုတယ်နှင့်အပန်းဖြေလုပ်ငန်းများအတွက် သင့်လျော်ပါသည်။ စိတ်ဝင်စားပါက ဦးဇော်ဇော် (၀၉-၅၄၁၀၃၇၄) ထံသို့ အသေးစိတ် ဆက်သွယ်နိုင်ပါသည်။

**မာစီဒီး GL 550 (4MATIC) ရောင်းမည် (သိန်း ၉၅၀)**
အဖြူရောင်၊ V 8 အင်ဂျင်၊ 2007 မိုဒယ်၊ ဓါတ်ဆီ၊ SUN ROOF ၊ MOON ROOF ၊ နောက်ဖုံးအော်တို၊ နောက်ဆုံးခုံတန်းအော်တို၊ ခုံ ၃တန်း။ ဘယ်မောင်း၊ SUV
ဆက်သွယ်ရန် - 0943021001




SK AUTO
ကားဝါယာရိန်း သင်တန်း
ကွဲဆည်ကန်၊ မန္တလေး၊
ဖုန်း-၀၉-၄၄၈၉၈၂၇၆၂

**ခရိုမြို့သစ်**
အင်းလှိုင်း
ဆိပ်ကမ်းမြို့နယ်
ထောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620


ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

Innlay Lover Travels & Tours
အဆင့်မြင့်ဘုရားဖူး ခရီးသွားလုပ်ငန်း

• တောင်ကြီး Jan-13,27,Feb-10,24 135,000 Ks
• ပုဂံ Feb - 3, Mar-3 135,000 Ks
• မြင်ဦးလွင်၊ မန္တလေး Dec-28, Jan-13, 27 135,000 Ks
မုံရွာ၊ အလောင်းတော်ကဿပ Feb - 9(ဗုဒ္ဓနေ့)
• ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန် Dec-29,Jan-20,Feb-3 135,000 Ks
• လှိုင်ဂူ၊ ဇွဲကပင် Dec-28 135,000 Ks
• မြဝတီ မဲဆောက် (2N-3D), Jan-6,20 ,Feb-10,24 120,000 Ks
• ချင်း-နတ်မတောင်၊ မကွေး Jan-27,Feb-24 165,000 Ks

အဆင့်မြင့်ဟိုတယ်၊ သန့်ရှင်းလတ်ဆတ်သောစားသောက်ဆိုင်၊ ခရီးသွားအာမခံ၊ Guide Service ပါပြီး။
Call us: 09-4210 30 814, 09-97 925 2020, 09-97 925 2121, 09-2636 95 301

Hmwe Taunggyi Business Group Travel & Tours Co.,Ltd.
Hot Line - 01-200952
သာကီနွယ် ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး
နှစ်သစ်ကူးဇန်နဝါရီလ အထူး Promotion ခရီးစဉ်ကြီး Jan - 14,17,21
(၁၅)ရက် – ကျသင့်ငွေ (၁၂၅)သိန်း အစား {၁၀.၉} သိန်း
(၈) ရက် – ကျသင့်ငွေ (၁၀၅)သိန်း အစား {၈.၉} သိန်း
Feb - 11,18,23,25,28 / Mar - 7,11,14,18,21,25 /Apr - 1,8,11

Myanmar Culture Land Travels & Tours
မြဝတီ-မဲဆောက်-ဘားအံ-ချစ်သုမြိုင် (Dec 30) ၁၁၀၀၀၀ကျပ်
မြိတ်-ဒုံရေကျွန်း-ဆလုံရွာ-နတ်ဖက်လုကျွန်း (Dec 30) ၃၃၀၀၀၀ကျပ်
09799601085, 09445459946, 0945718 4019

နေပြည်တော်၊နန်းရွှေပြည်၊သင်တန်း
ကြည်စိုး
Jan ၁၄၊ ၁၅
၀၉ ၅၁၅ ၃၃၉၀
I.C ၀၉ ၅၁၀ ၄၀၄၁
ကြိုတင်စာရင်းသွင်းလျှင် 10% သက်သာ၍ နေရာသေချာမည်။

Glorious Myanmar Travels & Tours
| | | | |
|---|---|---|---|
| Jan 12 | ဗန်ကောက် ခရီးစဉ် | (၄ ရက် ၃ ည) | 470 USD |
| Feb 9 | ဗန်ကောက် ခရီးစဉ် | (၄ ရက် ၃ ည) | 470 USD |
| Mar 2 | ဗန်ကောက် ခရီးစဉ် | (၄ ရက် ၃ ည) | 470 USD |
| Mar 24 | ဗန်ကောက် ခရီးစဉ် | (၄ ရက် ၃ ည) | 470 USD |
| Jan 12 | စင်ကာပူ ခရီးစဉ် | (၄ ရက် ၃ ည) | 670 USD |
| Feb 9 | စင်ကာပူ ခရီးစဉ် | (၄ ရက် ၃ ည) | 670 USD |
| Mar 2 | စင်ကာပူ ခရီးစဉ် | (၄ ရက် ၃ ည) | 670 USD |
| Mar 24 | စင်ကာပူ ခရီးစဉ် | (၄ ရက် ၃ ည) | 670 USD |

Ph :01-242510, 09-961875776, 09-778472008, 09-778472006, 09-779003199

ပါကေး အစားထိုး ကြမ်းခင်း
Merry Christmas And Happy New Year
Promotion!
Since 1996
Home
Buy Flooring → Get Box

* Grade A,B,C,D
HOTLINE: 09-79 700 70 70
09-79 700 70 80

မင်္ဂလာပါ
အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်း
09-450042704
09-250095116
09-420096296

မီးသတိပြု

ဒေါ်မြတ်သန္တာ
B.Com (Q), C.P.A, D.A (LCCI)
LCCI Level I, II & III
စာရင်းကိုင်သင်တန်း

အရစ်ကျ ငွေချေစနစ်နှင့် အငှားမှအပိုင်ဝယ်စနစ်
PRIME-BOSS
MX-C300F
Full Color MFP

Std : Fax/ Network Print/ Color Scan/ PS3
MX-2614N
Digital Full Color MFP System
• Std : Feeder/ Duplex
• 7" Color LCD Touchpanel
• Std: A3Color Copy/ Network Print/ Network Color Scan
• USB Memory Print/Scan
• Low Runing Cost
Special Gift 40" LED TV

AR-6020
Digital MFP System
Std : A3 Copy/ Print/ Color Scan
Special Price 800,000 KS

Prime - Boss Company Limited
* All Photos Shown with Option
Yangon Office : G-7, MGW Tower, Bo Aung Kyaw Street, Botataung Township, Yangon. Tel : 01 256644, 256508 Hot Line : 09 788888929 Fax -01 256158
Naypyitaw - Tel: 067-421393 Mandalay - Tel: 09-91023841 Email: sales@primeboss.com.mm
Since 1996

1.1 L MINI TRUCK

PRICE US$ 4,999+
"Leading your business with Dongfeng Motor"
YANGON SHOWROOM
No. 19, Baho Road, Sanchaung Township, Yangon, Myanmar.
Tel : +95-1-2304802, 2304801
www.Dongfeng-Myanmar.com
DFM-Myanmar

# ကြော်ငြာ

## အရည်အသွေးအာမခံချက်မရှိသော ငရုတ်သီးမှုန့်များ၊မဆလာများနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

**(ယမန်နေ့မှအဆက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ်စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်များ၌ ရောင်းချလျက်ရှိသော ငရုတ်သီးမှုန့်များ၊ မဆလာများကို နမူနာကောက်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သော ငရုတ်သီးမှုန့်၊ မဆလာမှုန့်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အစားအသောက် ထုတ်လုပ်ခြင်း ထောက်ခံချက်ရရှိထားခြင်းမရှိပါ၍ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အရည်အသွေးအာမခံချက်မရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဈေးကွက်ရှိ ငရုတ်သီးမှုန့်အမျိုးမျိုးအား ဈေးကွက်ထောက်လှမ်းစောင့်ကြည့်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ်အမည် | အစားအသောက်အမျိုးအစား | လုပ်ငန်းလိပ်စာ |
|---|---|---|---|
| ၄၄။ | မာဃ | ငရုတ်သီးမှုန့် | မယဉ်ယဉ်အေး၊မယဉ်ယဉ်ကြည်နှင့်ညီမများ၊ ရုံ(၁၂)၊ ဆိုင်အမှတ်(၆)၊ မြသလ္လာဈေး၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၄၅။ | ယုဇန | ငရုတ်သီးမှုန့် | မြသလ္လာဈေး၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ ၀၉-၄၂၈၁၆၃၄၄၆ ၀၉-၂၅၂၁၀၁၃၅၈ |
| ၄၆။ | ညွန့် | ငရုတ်သီးမှုန့် | ဆိုင်အမှတ်(၈၄)၊အမှတ်(၂)ဈေး၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ ၀၅၇-၂၁၂၅၂၊ ၀၅၇-၂၅၂၈၄ |
| ၄၇။ | ရွှေငါး | ငရုတ်သီးမှုန့် | အမှတ်(၄၈)၊ ရွှေသာလမ်း၊ အိုးတန်းရပ်၊ စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်။ ၀၄၃-၂၃၁၇၂၊ ၀၄၃၂၃၀၉၃၊ ၀၄၃-၂၃၈၂၂ |
| ၄၈။ | နန်းတွင်းသူ | ငရုတ်သီးမှုန့် | အမှတ်(၆၅၆)၊ နွယ်သာကီ(၁)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ပွဲရုံ-(စီ/၆၇)၊ ငုဝါလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ ရန်ကုန်မြို့။ ၀၉-၅၁၉၇၄၅၁၊ ၀၉-၇၃၁၇ ၆၇၄၂ ရုံ(၄/ ၅၅-၅၇)၊ ရတနာသိင်္ဂီဈေး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၂၆၄၂၃၉၂၉၀၊ ၀၉-၇၃၀၉ ၀၈၉၇ |
| ၄၉။ | ဒေါ်ခင်ချစ် | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၅၀။ | ရွှေငရုတ်မင်း | ငရုတ်သီးမှုန့် | ဆေးရုံကြီးအရှေ့ဘက်လမ်း၊ ဒေါနခြံရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ ၀၇၁- ၂၄၁၁၂၊ ၀၉-၄၇၀၅၄၂၁၆၊ ၀၉ ၆၄၅၀၁၁၂ |
| ၅၁။ | ခိုင်ခိုင် | ငရုတ်သီးမှုန့် | အမှတ်(၂၀-၂၁)၊ ရုံ(၇)၊ မြသလ္လာဈေး၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ ၀၉- ၂၁၃၂၈၄၅ |
| ၅၂။ | ယိုးဒယား | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်း မရှိပါ။ |
| ၅၃။ | ရတနာ | ငရုတ်သီးမှုန့် | အမှတ်(၂၅)၊ ပန်းကြိုကုန်းလမ်း၊ အမှတ်(၅) ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ ၀၉-၇၈၄၃၄၉၄၁၀ |
| ၅၄။ | မူမူဆွေ | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၅၅။ | ဖိန်ဖိန် | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၅၆။ | ရွှေရဒီ/ Shwe Yadi | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၅၇။ | ကောင်း | ငရုတ်သီးမှုန့် | ဖြန့်ချိရေးဆိုင်၊ (၁၀၅၊ ၁၂၉၊ ၁၃၀)၊ ဈေးသစ်ဈေး၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ ၀၅၇-၂၃၂၀၀ |
| ၅၈။ | မြေလတ်သား | ငရုတ်သီးမှုန့် | အမှတ်(လ/ ၄)၊ မြို့မဈေးတောင်ဘက်၊ လမ်းမတော်ရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။ ၀၈၁-၂၁၂၃၇၂၅၊ ၀၈၂-၂၀၁၀၈၇၊ ၀၈၂-၂၀၁၈၇၉၊ ၀၉-၅၂၁၃၇၂၅ |
| ၅၉။ | ရွှေအိုး (မဆလာ) | မဆလာ | ၀၁-၅၉၀၃၂၄၊ ၀၁-၇၀၇၃၂၄၊ ၀၅၉-၂၁၃၂၄ အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခင်ညွန့်

### အသက် (၈၀)

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ စပါယ် (၂)လမ်း၊ အမှတ် (၅၉၆)နေ (ဦးမိုးကျော်)၏ဇနီး၊ ဦးမြင့်အောင်-ဒေါ်အေးအေးထက်၊ ဦးမြင့်ကြည်-(ဒေါ်အေးသိန်း)၊ (ဒေါ်မြင့်မြင့်စိန်)၊ (ဦးတင့်ဆွေ-ဒေါ်ယဉ်ယဉ်တင့်)၊ ဒေါ်ငွေငွေဝင်း၊ ဦးကြည်ဝင်း-ဒေါ်လှလှဝင်း၊ (ဦးခင်မောင်စိုး)-ဒေါ်သီတာအုန်း၊ ဦးဖိုးချက်-ဒေါ်စန်းသီတာ၊ ဦးခင်ဇော်-ဒေါ်အေးမတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၂၉ ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘွားသည် ၂၅-၁၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (သဒ္ဒါရုံမှတ်တိုင်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၂-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခင်မေသန့်

**အောင်ချမ်းသာ Group-11(B)**

**ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့**

### အသက် (၅၈)နှစ်

**(အမျိုးသမီး၊ ကျန်းမာရေးဆရာမ)**

**ကျောက်တန်းမြို့**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ အလယ်ပိုင်းရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၃၀)နေ (ဆရာကြီးဦးအောင်တင့်-ဒေါ်တင်ညွန့်)တို့၏ သမီး၊ (ဦးဟန်ဆွေ-ဒေါ်မြကြည်)၊ ဦးအုန်းမြင့်-ဒေါ်တင်မေ၊ (ဦးငွေထွန်း-ဒေါ်အေးလှမြင့်)၊ (ဦးသိန်းညွန့်အောင်)-ဒေါ်ရင်ရင်သိန်း (ထက်အုပ်-အထကမင်္ဂလာလွန်း)၊ (ဦးသိန်းညွန့်မောင်)၊ ဦးတိုးညွန့်အောင်-(ဒေါ်မြမြသန်း)၊ (ဦးလှမျိုးမြင့်အောင်)တို့၏ ညီမသည် ၂၅-၁၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ကျောက်တန်းသုသာန်၌ မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးပိုက်(သန်လျင်)

### အသက်(၅၇)နှစ်

သန်လျင်မြို့၊ အောင်ချမ်းသာ (၃)ရပ်ကွက်၊ ပဒေသရာဇာလမ်း၊ အမှတ် (ဒ/၉၉)နေ (ဦးထွန်းကြည်-ဒေါ်စန်း)တို့၏သား၊ (ဦးကျော်မောင်)-ဒေါ်စောရင်တို့၏သားသမက်၊ (ဒေါ်ခင်ငြိမ်းဝင်း)၏ခင်ပွန်း၊ ဦးရဲထွဋ်-ဒေါ်သန်းနု၊ ဦးသိန်းဇော်-ဒေါ်နွယ်နွယ်ခိုင်၊ ဦးအောင်ဇော်-ဒေါ်နွဲ့နွဲ့စန်းတို့၏အစ်ကို၊ မသဇင်ငြိမ်း၊ မောင်ထွဋ်ပိုင်-မသီတာလွင်၊ မောင်ညီညီပိုင်တို့၏ ချစ်လှစွာသောဖခင်၊ မအလိမ္မာကို၏အဘိုးသည် ၂၅-၁၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင် အမိုးနီသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးကျော်မျိုးအောင်(ခ)မျိုးလေး

### အသက် (၃၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အောင်ချမ်းသာအိမ်ရာ၊ တိုက်(၇)၊ အခန်း (၃၀၆)နေ (ဦးချစ်စိန်)-ဒေါ်စန်းစန်းတင့်(ခ)ဒေါ်ညိုညိုတင့်တို့၏ သားငယ်၊ ဒုမှူးကြီး ကျော်စိုးအောင်(ငြိမ်း)၏ညီ၊ ဒေါ်ယုယုလှိုင်-ဦးအောင်ထွဋ်ဝင်းတို့၏ မောင်၊ မဝင့်ရွှေစင်ထွဋ်၏ ဦးလေး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁၅၇၈)၊ လှော်ကားလမ်း၊ (၇၁)ရပ်ကွက်နေ ဦးကျော်မျိုးအောင် (မြတ်ရွှေစင် အုတ်၊သဲ၊ကျောက်ရောင်းဝယ်ရေး)သည် ၂၅-၁၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကျိုစုအအေးတိုက်မှ ကျိုစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ဒဂုံမြို့သစ်တောင်ပိုင်း နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၂-၂၀၁၆(စနေနေ့) နံနက် ၇နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးဝင်းထိန်

### အသက်(၇၆)နှစ်

**ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်(ငြိမ်း)**

**အင်ဂျင်နီယာချုပ်(လျှပ်စစ်)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန(ငြိမ်း)**

USA, New York, Manhattan နေအိမ်၌ ၂၃-၁၂-၂၀၁၆ရက် ဒေသစံတော်ချိန် နံနက် ၈နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အငြိမ်းစားနှင့် တာဝန်ထမ်းဆောင်ဆဲ လျှပ်စစ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများအားလုံးမှ ကျန်ရစ်သူ ဒေါ်အိအိခင် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိ ရောက်ရှိပါစေကြောင်း ဆုတောင်းပေးအပ်ပါသည်။

**ဆောက်လုပ်ရေးအငြိမ်းစားနှင့်**
**တာဝန်ထမ်းဆောင်ဆဲ လျှပ်စစ်အင်ဂျင်နီယာများနှင့်**
**ဝန်ထမ်းများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

အစ်ကိုကြီး အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်(ငြိမ်း)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန-မမဒေါ်အေးသန်းတို့၏သမီး၊ ကိုဝဏ္ဏဇော်-မဖြူဖြူဇင်တို့၏ညီမ၊ ဒေါက်တာနိုင်ဝင်းလတ်-မဟေသီဝင့်တို့၏အစ်မ၊ မိဘအပေါ် အမြဲသိတတ်သောသမီး၊ မိဘအပေါ်ပြုစုလုပ်ကျွေးသော သမီး၊ သတ္တိရှိသောသမီး၊ မိဘအတွက်တန်ဖိုးမဖြတ်နိုင်သော သမီး အလိမ္မာလေး မသက်စုမွန်သည် ၂၄-၁၂-၂၀၁၆ ရက်နေ့ နံနက် ၁၀း၄၀ နာရီတွင် မြောက်ဥက္ကလာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် အစ်ကိုကြီးနှင့် မမတို့မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

သမီး သက်စု ကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေ။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ**
**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ**
**ဒေါက်တာ ဦးစိုးသိန်းနှင့် ဇနီး**
**အဂ္ဂမဟာသီရိသုဓမ္မသီရီ၊ သီရိသုဓမ္မသီရီ ဒေါ်ခင်ချိုအုန်း**
**(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

---

## အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်တင်ကြည်

### အသက်(၉၀)

**(ပုဇွန်တောင် မိုးကုတ်ယောဂီ)**

(ဦးဘကြိုင်-ဒေါ်အေးစိန်)တို့၏ သမီး၊ (ဦးကိုကိုကြီး-ဒေါ်နု)တို့၏ သမီးချွေးမ၊ (ဦးခင်မောင်)၏ဇနီး၊ အမှတ်(၄၉)၊ သတိပဋ္ဌာန်လမ်း၊ တာမွေမြို့နယ်နေ ဦးညွန့်ရွှေ-ဒေါ်မြမြအေး (ခေတ်ကြိုက် ပါတိတ်ဆိုင်၊ မင်္ဂလာဈေး)၊ သုဝဏ္ဏမြို့နယ်၊ ဗိုလ်တေဇ (၃)လမ်း၊ အမှတ်(၇)နေ ဒုရဲမှူးဝင်းလွင်(ငြိမ်း)-ဒေါ်ခင်အုန်းမြင့်၊ တာမွေမြို့နယ်၊ အောင်ဘာလေလမ်း၊ အမှတ်(၇)နေ (ဦးတင်နိုင်)-ဒေါ်ခင်ခင်သန်း(မင်္ဂလာဈေး)တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၃-၁၂-၂၀၁၆ ရက် မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သားရည်စူး၍ ၂၉-၁၂-၂၀၁၆ ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ဗိုလ်တေဇ (၃) လမ်း၊ အမှတ်(၇/အေ)၊ ပထမထပ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ

### ဦးမြစိန်(ခ)ဦးသောင်းလုံး

**(ရန်ကုန်မြို့)**

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (ကုန်စည်)**

**မော်ကွန်းဝင်(တတိယဆင့်)**

### အသက် (၈၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်း ငှေးကြွယ် (က)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၁၀/က)၊ မြေညီထပ်နေ (ဦးကြွယ်ဝ-ဒေါ်ရွှေဖွဲ့)တို့၏သား၊ (ဦးဘကျော်-ဒေါ်ခင်စော)တို့၏သားသမက်၊ [ဒေါ်လှဝင်း(ခ)မပိုက်]၏ခင်ပွန်း၊ (ဒေါ်တင်တင်လှ)၊ ဒေါ်သန်းသန်းဦး၊ ဒေါ်နွဲ့နွဲ့ဦး၊ ဦးစန်းဦး-ဒေါ်သိန်းသိန်းစိုး(မစိုးအထည်ဆိုင်၊ ရန်ကင်းမြို့မဈေး)၊ ဒေါ်ထားထားဦး၊ ဦးမြတ်မင်း (ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း-အဆောက်အဦးအထူးဖွဲ့-၃)-ဒေါ်ငွေငွေစိန်၊ ဒေါ်ဥမ္မာစိန်တို့၏ ကျေးဇူးရှင်ဖခင်၊ မောင်ဖြိုးချမ်းမြေ့ဦး-မသွယ်နန်းဇာ၊ မောင်ဇင်မင်းထွဋ်၊ မစုးသက်ထွန်း၊ မောင်ထွဏ်းထွဏ်းအောင်၊ မအိသက်ထွန်းတို့၏အဘိုး၊ မသုရှင်ဦး(ခ) ချစ်ချစ်တုံ၏ အဘေးသည် ၂၅-၁၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၂-၂၀၁၆ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၂-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါ်ယူကင်ကြူး(ခ) ဒေါ်မြမြညွန့်

### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ ဝါးတန်းလမ်း၊ အမှတ် (၄၈)၊ ပထမထပ်နေ (ဦးခူရောက်ကြင်-ဒေါ်လင်ပိ)တို့၏သမီးချွေးမ၊ (ဦးယူတောင်လျှူး-ဒေါ်လျှူရန်ဟုန်း)တို့၏ သမီး၊ [ဦးခူအိန်ခွန်း(ခ)ဦးအေးထွန်း]၏ ဇနီး၊ ဦးအောင်ခင်ထွန်း-ဒေါ်ခင်ခင်ရွှေ (ထ-၂ ဗိုလ်တထောင်၊ ငြိမ်း)၊ ဦးထွန်းဇော်မိုး-ဒေါ်အေးအေးမော်၊ ဒေါ်သီရိဝင်းမွန်၊ ဒေါ်ယဉ်ယဉ်ကြူ၊ ဦးမျိုးထွန်းကျော်-ဒေါ်ဥမ္မာမြင့်၊ ဦးရဲမြင့်ထွန်း-ဒေါ်သန်းသန်းညွန့်၊ ဦးကျော်ဝင်းဦး-ဒေါ်ချိုချိုသင်း၊ ဦးမောင်မောင်လွင်-ဒေါ်နွယ်နွယ်ဝင်း၊ ဦးထိန်လင်း-ဒေါ်ဇင်မာထိုက်တို့၏ မိခင်၊ မြေး ၁၀ ယောက်တို့၏ အဘွားသည် ၂၅-၁၂-၂၀၁၆ရက် နံနက် ၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၆(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးဟန်တင်

### အသက်(၉၃)နှစ်

**(တက်တိုး ဆီစက်၊ ပုသိမ်)**

ပုသိမ်မြို့၊ (၁၈/၄)၊ ပြည်တော်သာနေ ဒေါ်နုနုကြည်၏ခင်ပွန်း၊ ဒေါ်အေးအေးမြင့် (ကျောင်းအုပ်ကြီး-ငြိမ်း၊ မြောင်းမြပညာရေးကောလိပ်)၊ ဦးတင်ထွဋ် (ဦးစီးအရာရှိ-ငြိမ်း၊ ငါးဦးစီး)-(ဒေါ်ခင်ငြိမ်းအေး)၊ ဒေါ်သန်းသန်းအေး (အထက-၅၊ ပုသိမ်)၊ ဒေါ်သန်းသန်းငွေ (ဒု-ညွှန်မှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်)၊ ဒေါက်တာဆန်းနိုင်-ဒေါ်ယုယုရွှေ (ဝေဟင်ဆေးခန်း)တို့၏ဖခင်၊ မအိစန္ဒာငြိမ်း (Citicom)၊ မောင်သော်ဇင်ထွဋ် (B-Tech, Civil)၊ မသံသာထူးထူးအောင်(B.Pharm)၊ မရွှေပိုးဥ (P-3 Brainworks, Total)၊ မနရဏီရွှေ (P-1 Brainworks, Total)တို့၏အဘိုး ဦးဟန်တင်သည် ၂၄-၁၂-၂၀၁၆ (စနေနေ့) ညနေ ၆း၃၀နာရီတွင် အမှတ် (၅၂၂)၊ (၅)ရပ်ကွက်၊ သုနန္ဒာလမ်းမ၊ မြောက်ဥက္ကလာပနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးဟန်တင်

### အသက်(၉၃)နှစ်

**(တက်တိုးဆီစက်- ပုသိမ်)**

ပုသိမ်မြို့နေ (ဦးအိကြောင်-ဒေါ်ကြင်မြိုင်)တို့၏သားကြီး၊ (ဦးကျွမ်လင်-ဒေါ်ကျင်ဖွား)တို့၏ သားသမက်၊ (ဦးဟန်စိန်)၊ ဒေါ်ကြူကြူ-ဦးမြင့်သိန်း၊ (ဦးသောင်းကြည်-ဒေါ်ခင်စောဝင်း)တို့၏အစ်ကိုကြီး၊ ပုသိမ်မြို့၊ တိုက်အမှတ် (၁၈)၊ အခန်း(၄)နေ ဒေါ်နုနုကြည်၏ခင်ပွန်း ဦးဟန်တင်သည် ၂၄-၁၂-၂၀၁၆ (စနေနေ့) ညနေ ၆း၃၀နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သုနန္ဒာလမ်း၊ အမှတ်(၅၂၂)၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးတင်ရွှေ

**တရားပြဆရာကြီး အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့**

**လက်ထောက်ပညာရေးမှူး(ငြိမ်း)**

### အသက် (၇၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့၊ ကမ္ဘောဇရပ်ကွက်၊ ဇောတိရွာနေ ဒေါ်တင်အေးရီ၏ခင်ပွန်း ဆရာကြီးဦးတင်ရွှေ (လက်ထောက်ပညာရေးမှူး-ငြိမ်း)သည် ၂၄-၁၂-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၆ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ပဲနွယ်ကုန်းမြို့ မြောက်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

### ဒေါ်ကြည်ကြည်ဝင်း(ခ)ချောင်ဖိတ်တင်း

### အသက် (၇၇)နှစ်

ရန်ကုန်မြို့နေ (ဦးကျင်ကော-ဒေါ်ချွတီ)တို့၏သမီးကြီး၊ ဦးမောင်ကျော်(ခ)တန်ဂီကျော်၏ ဇနီး၊ တန်အလိန်း-ဒေါ်အေးအေးသန်း၊ ဒေါ်အေးအေးစိုး၊ ဦးမျိုးမင်းအောင်-ဒေါ်ခင်သန္တာဦးတို့၏ မိခင်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၂၄-၁၂-၂၀၁၆ (စနေနေ့) နံနက် ၈း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (အမှတ်-၁၀၀၊ ၁၆-လမ်း၊ လမ်းမတော်မြို့နယ်နှင့် အမှတ်-၃၇၅၊ အောက်ကြည့်မြင်တိုင်လမ်း၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ အလုံမြို့နယ် နေအိမ်တို့မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်စန်း(ဝါးခယ်မ)

### အသက်(၈၀)

ဝါးခယ်မမြို့နေ (ဦးကျင်ပြောင်-ဒေါ်လှသင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ကန်တော်ကလေး(တောင်)ရပ်ကွက်၊ အမှတ်(၅၃)၊ ငါးလွှာ၊ (၉၃)လမ်းနေ (ဦးတင်လှိုင်)၏ ချစ်လှစွာသောဇနီး၊ (ဦးခင်မောင်လွင်)-ဒေါ်နီလာမြင့် (AGM- မြန်မာ့ရှေ့ဆောင်ဘဏ်၊ သိမ်ဖြူရုံးချုပ်)၊ ဦးတင်မောင်လတ်-ဒေါ်သန်းသန်းအေး (MEHL-ရုံးချုပ်)၊ (ဦးတင်မောင်အေး)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မအိခိုင်လတ်(Final Part-II၊ ဆေး-၂ ရန်ကုန်)၊ မောင်အောင်ခန့်ကျော် (Grade-XI၊ အထက-၂၊ ကမာရွတ်)တို့၏ ချစ်လှစွာသောအဘွားသည် ၂၄-၁၂-၂၀၁၆ ရက် နံနက် ၇း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါက်တာမိုးမိုးခိုင်(ဟင်္သာတ)

**ကထိက၊ သမိုင်းဌာန**

**လှိုင်ကော်တက္ကသိုလ်**

### အသက် (၄၇)နှစ်

ဟင်္သာတမြို့၊ သုံးပင်ကွင်းရပ်ကွက်၊ ညီညွတ်ရေးလမ်း၊ အမှတ် (၃၈၁)နေ ဦးသင်းမောင်(စည်ပင်ငြိမ်း)၊ ဒေါ်သန်းငွေတို့၏ သမီးကြီး၊ ဒေါက်တာမိုးမိုးခိုင် (သမိုင်းဌာန၊ လှိုင်ကော်တက္ကသိုလ်) သည် ၂၄-၁၂-၂၀၁၆(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၆(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ဟင်္သာတမြို့ မီးသဂြိုဟ်စက်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဆရာ/ဆရာမများ၊ တပည့်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

### ဗိုလ်ကြီးရဲတင်ထွန်း(ငြိမ်း)

**(ပေါက်မြို့)**

### အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈) ရပ်ကွက်၊ ကမ္ဘာအေး၊ မဟာဘောဂလမ်း၊ အမှတ်(၉၉)နေ (ဦးဘကြွယ်-ဒေါ်လေးပု)တို့၏သား၊ (ဦးလှဖေ-ဒေါ်အေးခင်)တို့၏သားသမက်၊ (ဒေါ်ခင်အုန်းသန်း)၏ခင်ပွန်း၊ ဦးအေးကို-ဒေါ်ကြည်ကြည်ထွန်း(ကျန်း/ဦးစီး-ငြိမ်း)၊ ဦးရဲမောင်-ဒေါ်ဆွေဆွေထွန်း (ကျန်းဦးစီး-ငြိမ်း)၊ ဦးတင်မောင်ထွန်း (ခေတ္တ-Nigeria)၊ ဒေါ်အေးအေးထွန်း(လ/၁ မရမ်းကုန်း)၊ ဦးညဏ်ဇော်ထွန်း-ဒေါ်စန်းစန်းအေး၊ ဒေါ်မိုးမိုးဇော်(ခေတ္တ-USA)၊ ဒေါ်ဥမ္မာထွန်း(လ-၁၊ မရမ်းကုန်း၊ ငြိမ်း)၊ ဦးရန်နိုင်-ဒေါ်သန်းသန်းရွှေ (လ-၆၊ မြောက်ဥက္ကလာပ)၊ မဝင်းဝင်းသန့်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးကိုးယောက်တို့၏ ဘိုးဘိုးကြီး ဗိုလ်ကြီးရဲတင်ထွန်း(ငြိမ်း)သည် ၂၄-၁၂-၂၀၁၆ ရက် ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၂-၂၀၁၆ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# လူထုစုပေါင်း စက်ဘီးစီးနင်းပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

စက်ဘီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန် စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ် စက်ဘီးအားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်တို့ပူးပေါင်းသည့် ရန်ကုန်မြို့ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ယနေ့နံနက် ၆ နာရီကကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး စက်ဘီးဆပ်ကော်မတီဥက္ကဋ္ဌ ဦးကိုကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရွှေဦးစွာသန်လျင် အမှတ်(၁)တံတားမှ တာထွက်ရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့ပြီး သန်လျင်အမှတ်(၂) တံတား(ကုလားဝဲ)သို့ ခရီးမိုင် ၁၂ မိုင် စုပေါင်းစက်ဘီးစီးနင်းပွဲကို ကျင်းပခဲ့ကြသည်။

**(အား/ကာ)**



# တိုယိုတာမဲခေါင်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲ မန္တလေးမြို့၌ ကျင်းပမည်

၂၀၁၆ ခုနှစ် တိုယိုတာမဲခေါင်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် တက်ရောက်နိုင်မည့်အသင်း ထွက်ပေါ်တော့မည်ဖြစ်ပြီး အဆုံးအဖြတ်ပွဲကို ဒီဇင်ဘာ ၂၇ ရက် ညနေ ၆ နာရီတွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ကျင်းပမည်ဖြစ်သည်။ ယင်းပွဲတွင်အိမ်ရှင် ရတနာပုံ(မြန်မာ)နှင့် Lanexang (လာအို)တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲမှာ ဆီမီးဖိုင်နယ် တက်ရောက်ရေးအတွက် အဆုံးအဖြတ်ပွဲစဉ်ဖြစ်ပြီး ရတနာပုံအသင်းရော Lanexang အသင်းပါ အခွင့်အရေးရှိနေသည်။ ဒီဇင်ဘာ ၂၃ ရက် ပွဲစဉ်များအပြီးတွင် လာအိုကလပ် Lanexang အသင်းက တစ်ပွဲကစား သုံးမှတ်၊ မြန်မာကလပ် ရတနာပုံအသင်းက တစ်ပွဲကစား တစ်မှတ်၊ ဗီယက်နမ်ကလပ်ဒါနန်းအသင်းက ပွဲကုန်နှစ်ပွဲကစား တစ်မှတ်ရရှိထားသည်။ ထို့ကြောင့် ဒါနန်းအသင်းမှာ အုပ်စုအဆင့်မှထွက်ခွာခဲ့ရပြီး ရတနာပုံနှင့် Lanexang တစ်သင်းသာ ဆီမီးဖိုင်နယ်တက်ရောက်ရန် မျှော်လင့်ချက်ရှိနေခြင်းဖြစ်သည်။ အဝေးကွင်းတွင် သရေတစ်မှတ်ရယူထားသည့် ရတနာပုံအသင်းသည် အိမ်ကွင်းပွဲတွင် အနိုင်ရပါက ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး Lanexang အသင်းသည် သရေကျရုံဖြင့် နောက်တစ်ဆင့်တက်နိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အသင်းသုံးသင်းမှာ အုပ်စုပွဲစဉ်များကို အိမ်ကွင်းတစ်ပွဲ၊ အဝေးကွင်းတစ်ပွဲကစားရခြင်းဖြစ်ပြီး ရတနာပုံအသင်းသည် အဝေးကွင်းတစ်ပွဲ ကစားထားသောကြောင့် ယခုအိမ်ကွင်း ကစားရခြင်းဖြစ်သည်။

အုပ်စုပထမရရှိသည့်အသင်းမှာ ဆီမီးဖိုင်နယ်တွင် ကမ္ဘောဒီးယားကလပ် အန်ကောအသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်ပြီး ဗိုလ်လုပွဲတွင် ထိုင်းကလပ်ဘူရီရမ်အသင်းနှင့် တွေ့ဆုံနေသည်။ ဆီမီးဖိုင်နယ်ကို တစ်ကျော့တည်း ကျင်းပမည်ဖြစ်သော်လည်း ဗိုလ်လုပွဲကို အိမ်ကွင်း၊ အဝေးကွင်း ကစားရမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

ရုရှားစစ်လေယာဉ်တစ်စင်း ဆီးရီးယားသို့ ပျံသန်းစဉ် ပင်လယ်နက်အတွင်းသို့ ပျက်ကျ၊ ၉၂ ဦးသေဆုံး

စာမျက်နှာ - ၄

ကျေးရွာဝါဒ အမှန်တကယ်ပြောင်းလဲ နေကြသူများ(၂)

စာမျက်နှာ - ၆

နယ်မြေရှင်းလင်းရေး၊ လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများအား KIA၊ TNLA လက်နက်ကိုင် ပူးပေါင်းအဖွဲ့များ ပစ်ခတ်တိုက်ခိုက်

စာမျက်နှာ - ၉



လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ပျက်စီးသွားသည့် ကက်သလစ်ဘုရားကျောင်းအား ပြန်လည်ပြုပြင်ထားမှုကို တွေ့ရစဉ်။

# မိုးကိုးကက်သလစ် ဘုရားကျောင်းအား အင်ဂျင်နီယာတပ်ရင်းမှ ခရစ္စမတ်အမီ ပြန်လည်ပြုပြင်လွှဲပြောင်းပေး

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မိုးကိုးမြို့တွင် နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ပျက်စီးသွားသည့် အမှတ်(၆)ရပ်ကွက်ရှိ ကက်သလစ်ဘုရားကျောင်းအား အမှတ်(၉၅၉) အင်ဂျင်နီယာတပ်ရင်းမှ ပြန်လည်ပြုပြင်ခဲ့ပြီး ခရစ္စမတ်နေ့အမီ ပြန်လည်လွှဲပြောင်းခဲ့ကြောင်း သိရသည်။

အဆိုပါ ကက်သလစ်ဘုရားကျောင်းအား ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲက အမှတ်(၉၉၂)နည်းဗျူဟာမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဌေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဘုရားကျောင်းတာဝန်ရှိသူများဖြစ်ကြသည့် ဦးဒေါင်ခေါင်၊ ဒေါ်အလုံနှင့် ဓမ္မဆရာ ဦးခေါ်ဆောင်တို့ထံ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



